# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ တနင်္လာနေ့။ Monday, 14 June 2021 ၁၀၄၀၄


## သတင်းထုတ်ပြန်ချက်

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Ms. Michelle Bachelet က မြန်မာနိုင်ငံအခြေအနေနှင့်စပ်လျဉ်း၍ ၁၁-၆-၂၀၂၁ ရက်တွင် သတင်းတစ်ရပ် ထုတ်ပြန်ခဲ့မှုအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ပယ်ချပါသည်။ အဆိုပါသတင်းထုတ်ပြန်ချက်ပါ ဖော်ပြချက်များမှာ မှန်ကန်ပြည့်စုံမှုမရှိဘဲ ဘက်လိုက်မှုများရှိကြောင်း တွေ့ရှိရပါသည်။

သတင်းဖော်ပြချက်တွင် စာသင်ကျောင်းနှင့် ဘာသာရေးအဆောက်အအုံများ တိုက်ခိုက်ခံရမှုနှင့် ဘာသာရေးကျောင်းများ၊ ပြည်သူများ၏အိုးအိမ်များကို တပ်မတော်မှအသုံးပြုသည်ဆိုသည့် ပုံစံမျိုးဖြင့် ပြည်သူများအထင်အမြင်လွဲမှားစေရန် ဖော်ပြထားပါသည်။ သို့သော် မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ အဖျက်အမှောင့်လုပ်ရပ်နှင့် အကြမ်းဖက်မှုများကို ဖော်ပြခြင်းနှင့် ရှုတ်ချခြင်း အလျဉ်းမရှိသလို လုံခြုံရေးတပ်ဖွဲ့များ၏ အသက်ဆုံးရှုံးမှုကိုလည်း ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

ကျောင်းများ တိုက်ခိုက်ခံရမှုနှင့်စပ်လျဉ်းပြီး မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသော အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဆိုသူတို့ကို ထောက်ခံကြသူများသည် ဆရာ/ဆရာမများနှင့် အခြားသော အစိုးရဝန်ထမ်းများအား နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ခြင်းမရှိစေရန် ကျောင်းများကို ဖုံးခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ခြင်းများ စသည့်ပြစ်မှုများကို ကျူးလွန်သကဲ့သို့ ပညာရေးဝန်ထမ်းများအပါအဝင် အုပ်ချုပ်ရေးမှူးများနှင့်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒




ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ သယ်ဆောင်လာသည့် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ယာဉ်တန်းကို တွေ့ရစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလျက်ရှိသဖြင့် Coronavirus Disease 2019 (COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရောဂါဖြစ်ပွားနေသည့်ဒေသများတွင် ကျန်းမာရေးဝန်ထမ်းအင်အား ဖြည့်ဆည်းနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၏ အကူအညီဖြင့် တွန်းဇံမြို့နယ်ရှိ ကျီခါးတိုက်နယ်ဆေးရုံ၊ တမူးမြို့ ခရိုင်ပြည်သူ့ဆေးရုံ၊ ကလေးမြို့ပြည်သူ့ဆေးရုံကြီး၊ ကလေးဝမြို့ ပြည်သူ့ဆေးရုံနှင့် မော်လိုက်ခရိုင်ပြည်သူ့ဆေးရုံတို့တွင် ဝန်ထမ်းအင်အား ဖြည့်ဆည်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ ဓာတ်ခွဲစစ်ဆေးမှု တိုးမြှင့်ဆောင်ရွက်ခြင်း၊နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသူများနှင့် ဓာတ်ခွဲအတည်ပြုလူနာများနှင့်


စာမျက်နှာ ၄ ကော်လံ ၄ သို့ ❂


## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇွန် ၁၃

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိသမြောက်ပိုင်း ကမ်းခြေနှင့် အနောက် ဘင်္ဂလားကမ်းခြေတို့အနီးတွင်ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

## ကြေးမုံ ယနေ့ဖတ်စရာ


**အစဉ်လေးစားဖွယ်ကောင်းသည့် ကလောင်အစွမ်းဖြင့် ဉာဏ်အလင်းကို ဖွင့်ပေးကြသူများ (၂)**

စာမျက်နှာ » ၆

**ဖြတ်သန်းပြီးမြောက်ခဲ့သည့် လေးလတာခရီး...**

စာမျက်နှာ » ၈






**ရသစုံလင် ပြုံးပျော်ရွှင်**

စာမျက်နှာ » ၂၀၊ ၂၁

# ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ (ပထမကြီးတန်း) သတ္တမနေ့ကို ဇွန် ၁၃ ရက်တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ စာရင်းသွင်းသံဃာနှင့် သီလရှင်စုစုပေါင်း ၈၀၄၉ ပါးအနက် ၄၉၀၃ ပါး ဖြေဆိုကြသဖြင့် ၆၀ ဒသမ ၉၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်


သာသနာရေးဦးစီးဌာန

၁၃၈၃ ခုနှစ် (၂၀၂၂ ခုနှစ်)၊ ပါဠိပထမပြန်စာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၁၃-၆-၂၀၂၂

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ပထမကြီး | ၈၀၄၉ | ၄၉၀၃ | ၃၁၄၆ | ၆၀.၉၁ |

# ကသာမြို့၌ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပပြီးစီး



**ကသာ ဇွန် ၁၃**

နိုင်ငံတော်အစိုးရက ပရိယတ္တိသာသနာတော်ကြီး တည်တံ့နိုင်စေရန် ရည်ရွယ်၍ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကို ဇွန် ၁ ရက်မှစတင်၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ ရပ်ကွက်(၁) မြောက်ကျောင်းပရိယတ္တိစာသင်တိုက်တွင် နေ့စဉ်ကျင်းပခဲ့ပြီး ဇွန် ၁၃ ရက်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲကြီးတွင် ဓမ္မာစရိယစာချတန်း စာဖြေရဟန်း၊ သာမဏေ၊ သီလရှင် ၁၃၅ ပါး၊ ဂုဏ်ထူးတန်း ၅၉ ပါး၊ ပထမကြီးတန်း ၂၁ ပါး၊ ပထမလတ်တန်း ၂၂ ပါး၊ ပထမငယ်တန်း ၂၅ ပါးနှင့် အခြေပြုမူလတန်း ၂၉ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၉၁ ပါးတို့ ဝင်ရောက်ဖြေဆိုကြသည်။

စာမေးပွဲဖြေဆိုရန် ရောက်ရှိလာသော ရဟန်း၊ သာမဏေ၊ သီလရှင်၊ ကြီးကြပ်သည့် ဆရာတော်များနှင့် လူပုဂ္ဂိုလ်များကို ကသာမြို့ ပရဟိတလူငယ်များကွန်ရက်အသင်းက ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

# ဂွမြို့နယ်၌ ပါဠိပထမပြန် စာမေးပွဲဖြေဆိုနေသည့် ရဟန်း၊ သာမဏေများအား မြို့နယ်ရဲတပ်ဖွဲ့မှ နေ့ဆွမ်းနှင့် အချိုပွဲဆက်ကပ်လှူဒါန်း

**ဂွ ဇွန် ၁၃**

ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် ၂၀၂၂ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေသည့် ရဟန်း၊ သာမဏေများအား မြို့နယ်ရဲတပ်ဖွဲ့က နေ့ဆွမ်းနှင့် အချိုပွဲများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဂွမြို့ သိမ်ကုန်းစေတီတော်ဝင်းအတွင်းရှိ ရတနာသိဒ္ဓိဗိမာန်တော်၌ ကျင်းပခဲ့ကြောင်း သိရသည်။

(၂၄)ကြိမ်မြောက် အစိုးရပါဠိပထမပြန်စာမေးပွဲကို ဇွန် ၇ ရက်မှစတင်ကာ ဇွန် ၁၃ ရက်အထိ ဖြေဆိုကျင်းပလျက်ရှိရာ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ်ဆရာတော်များနှင့် စာဖြေရဟန်း၊ သာမဏေများ စုစုပေါင်း ၂၈ ပါးကို မြို့နယ်ရဲတပ်ဖွဲ့မှ ယာယီရဲမှူး ရဲမှူးဟန်မွှေး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးခိုင်နှင့် ကျိန္တလီ၊ ကမ်းသာယာ၊ ဆပ်သွားနယ်မြေရဲစခန်းမှ စခန်းမှူးများနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုများက ယနေ့တွင် စုပေါင်း၍ နေ့ဆွမ်းနှင့် အချိုပွဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရွှေရည်ဝင်း**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | **စာပြင်** | - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **အီးမေးလ်နှင့် အွန်လိုင်း** | - ဒေါ်အေးအေးသင်း |
| **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း | | |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁


ကြေးမုံ

# အမှားကိုမြင် အမှန်ပြင်၍ လမ်းမှန်ပေါ်သို့ လျှောက်လှမ်း

လူသည် ပုထုဇဉ်သတ္တဝါဖြစ်၍ မည်သူမျှ အမှားမကင်းချေ။ အမှားကို မသိနားမလည်၍လည်းကောင်း၊ စည်းရုံးဆွဲဆောင်ခံရ၍လည်းကောင်း၊ တမင်တကာ အမှားလမ်းကို လျှောက်ခဲ့မိ၍လည်းကောင်း၊ နဂိုကတည်းက အမှားကို ပြုလုပ်မည်ဟု ဆုံးဖြတ်ခဲ့မိ၍လည်းကောင်း တစ်နည်းနည်းဖြင့် အမှားဖြစ်ခဲ့ကြသည်။ မည်သို့ပင် အမှားဖြစ်ခဲ့သည်ဖြစ်စေ သိသိချည်းနှင့် ဇွတ်တိုးသည်မှလွဲ၍ အမှားကို အမှားမြင်၍ လမ်းမှန်ပေါ်သို့ ပြန်လည်လျှောက်လှမ်းမည်ဆိုပါလျှင် မိမိတို့ဘဝများလည်း ဖြောင့်တန်းမည်သာ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ လမ်းမှားပေါ်သို့ ရောက်ရှိသွားကြသူများ အမြောက်အမြားရှိသည်။ ထိုသို့ လမ်းမှားပေါ်သို့ ရောက်သွားသူများသည် အထက်ဖော်ပြပါနည်းလမ်းအတိုင်း တစ်နည်းမဟုတ်တစ်နည်း ရောက်သွားကြသူများဖြစ်သည်။ ထိုသူများတွင် NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG၊ PDFနှင့် CDM တို့၏ လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း/ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသားအချို့သည် နယ်စပ်ဒေသရှိ EAO နေရာများနှင့် ပြည်ပနိုင်ငံအချို့သို့ ဖော်ပြပါအကြောင်းခံအမျိုးမျိုးဖြင့် ရောက်ရှိနေကြသည်။

၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG၊ PDF ၎င်းတို့နှင့်ဆက်စပ်သူများ၏ ထုတ်ပြန်ခဲ့သည့်ထုတ်ပြန်ချက်များ၊ ပြောကြားချက်များအပေါ်တွင် တွေဝေလျက်ရှိပြီး ရောက်ရာနေရာများ၌ လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုဘဝအခြေအနေ အဆင်မပြေမှု၊ အခက်အခဲဖြစ်မှုများကို ရင်ဆိုင်နေကြရသဖြင့် နေရင်းအရပ်ဒေသ၊ မိခင်အရိပ်အာဝါသအောက်သို့ ပြန်လာလိုသူများရှိနေသည်ဟု ကြားသိရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မိဘသဖွယ်သဘောထားကာ မိမိနိုင်ငံ၊ မိမိအရပ်ဒေသ၊ မိဘရင်ခွင်ဆီသို့ ပြန်လာလိုကြသူများအား ပြန်လည်ဖိတ်ခေါ်ရန်လည်း အသင့်ရှိနေသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ဖြစ်ပေါ်ခဲ့သောဖြစ်စဉ်များအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူအချို့အား ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများ၊ အများပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်အဆောက်အအုံများအား ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုများတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကိုယ်ထိလက်ရောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသော ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသူ နိုင်ငံသားများ အမြောက်အမြားရှိသည်။

၎င်းတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဟု အသိပေးအကြောင်းကြားထားသည်။ အရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေကြသူများသည် မိမိတို့၏ နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့တိမ်းရှောင်နေသောနေရာများမှ မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့နေထိုင်ရာ ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ပြီးခဲ့သည့် ဖြစ်စဉ်ကာလအတွင်း ပြစ်မှုတစ်မျိုးမျိုး ကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ဖြင့် တိမ်းရှောင်နေသူများ၊ မည်သည့်ပြစ်မှုမှ ကျူးလွန်ခြင်းမရှိဘဲ ရေလိုက်မှားသူများသည် မိမိတို့ကိုယ်ပိုင်စိတ်ဆန္ဒအရ ပြန်လာလိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ နီးစပ်ရာရပ်ရွာ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပနိုင်ငံများရှိ သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သို့ဖြစ်ရာ ပြီးခဲ့သည့် နိုင်ငံရေးဖြစ်စဉ်ကာလအတွင်း အကြောင်းအမျိုးမျိုးဖြင့် နေရပ်ဒေသများမှ စွန့်ခွာသွားကြသော မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့အနေဖြင့် ပြစ်မှုတစ်ခုခု ကျူးလွန်ထားခြင်းမရှိပါက စိတ်အေးချမ်းသာစွာ နေထိုင်နိုင်သော မိမိတို့ဒေသ၊ မိမိတို့မိဘရင်ခွင်သို့ ပြန်လည်ခိုလှုံနိုင်သည့် အခွင့်အရေးရရှိပြီဖြစ်သည်။ အကြောင်းအမျိုးမျိုးဖြင့် အမှောင်လမ်းသို့ လျှောက်ခဲ့ကြသူများအနေဖြင့် မိမိတို့ မှားယွင်းခဲ့သည်များကို ပြန်လည်ဆင်ခြင်ကာ အေးချမ်းသော အလင်းရောင်အောက် လမ်းမှန်ပေါ်သို့ ပြန်လည်ခိုဝင်နိုင်ပြီဖြစ်ပါကြောင်း။ ။

## တရားဥပဒေစိုးမိုးရေး

“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”ဆိုသည့်အတိုင်း စာသင်ကျောင်းမှ အမျိုးသားစည်းကမ်းများကို ဆောင်ရွက်ပေးနိုင်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစည်းကမ်းများကို လိုက်နာရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးကိုသာ အလေးထားစေလိုကြောင်း၊ သူ့နေရာနှင့်သူသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် အဓိကအားဖြင့် ပြည်သူများအနေဖြင့် ဥပဒေကိုနားလည်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တက္ကသိုလ်၊ ကောလိပ်များတွင် ဥပဒေပညာရပ်များ သင်ကြားရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ဥပဒေအားလေးစားလိုက်နာခြင်းမရှိပါက တရားဥပဒေစိုးမိုးရေး မဖြစ်နိုင်သကဲ့သို့ လွတ်လပ်ပြီးတရားမျှတသည့် သန့်ရှင်းသည့် ဒီမိုကရေစီစနစ်မဖြစ်နိုင်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၄-၅-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း မကွေးတိုင်းဒေသကြီး နယ်မြေခံလုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ တပ်ဖွဲ့ဝင်နှင့် မိသားစုများအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းသည် ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် နယ်မြေခံလုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ တပ်ဖွဲ့ဝင်နှင့် မိသားစုများအား တွေ့ဆုံသည်။



**ချပြရှင်းလင်း**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ယနေ့ကာလအထိ တပ်မတော်မှ နိုင်ငံတော်အာဏာကို ထိန်းသိမ်းထားရှိစဉ်အတွင်း နိုင်ငံအတွင်း ဆန္ဒပြမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ရာ အေးချမ်းစွာ ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူဆန္ဒပြခြင်း၊ ၎င်းမှ အကြမ်းဖက်ဖြစ်စဉ်များသို့ အသွင်ပြောင်းလာကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ သတ်ဖြတ်ခံရမှုများ၊ ဒဏ်ရာရရှိမှုများ၊ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များမှ အဖျက်အမှောင့်လုပ်ငန်းမျိုးစုံ ဆောင်ရွက်လာနေမှုများ၊ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရေးအတွက် လက်နက်စွဲကိုင်ပုန်ကန်လာမှုများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်နေမှုများကို တပ်ဖွဲ့ဝင်နှင့် မိသားစုများသို့ ချပြရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်စည်းကမ်းများ၊ ဆောင်ရန်ရှောင်ရန် ကိစ္စရပ်များ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ တာဝန်ကျေပွန်စွာ ဆောင်ရွက်ရေး၊ မိမိတို့ တပ်ရင်း၊ တပ်ဖွဲ့ဂုဏ်သိက္ခာမကျဆင်းစေရေး တစ်ဦးချင်း တာဝန်ရှိပြီး အထက်အရာရှိများအနေဖြင့် တပ်ဖွဲ့အတွင်း မျှတစွာ ကွပ်ကဲအုပ်ချုပ်ရေး၊ တပ်ဖွဲ့အတွင်း မိသားစုများ စည်းလုံးညီညွတ်စွာ နေထိုင်၍ ပြင်ပမှ သွေးခွဲမှု၊ ကောလာဟလဝါဒဖြန့်ချိမှုများကို ဂရုပြုဆင်ခြင် သတိထားလိုက်နာဆောင်ရွက်ရေးနှင့် မိသားစုများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို တာဝန်ရှိသူများက ပေါင်းစပ်ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ အသေးစိတ်မှာကြားပြီး တပ်ဖွဲ့ဝင်နှင့် မိသားစုများအား အခြေခံစားကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ မိသားစုများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ မြို့တော်ခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် မကွေးတိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာ အချက်အလက်များကို တင်ပြခဲ့ပြီး တက်ရောက်လာကြသည့် အုပ်ချုပ်ရေးမှူးများက နယ်မြေဒေသအခြေအနေနှင့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရသည့် အခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ချမှတ်ဆောင်ရွက်နေမှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မြို့နယ်အသီးသီးတွင် မဲစာရင်းများ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့အစည်းများဖြင့် ပွင့်လင်းမြင်သာစွာ စစ်ဆေးမှုနှင့် တွေ့ရှိရမှု၊ နိုင်ငံတော်အား ဆန့်ကျင်ရေးကို နည်းမျိုးစုံဖြင့် ဆောင်ရွက်နေသည့် အခြေအနေ၊ အစွန်းရောက်အကြမ်းဖက်အဖွဲ့အစည်းများ၏ လုပ်ရပ်မျိုးဖြင့် ပြည်သူလူထုမရွေး၊ နေရာဒေသမရွေး အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ထိုသို့ဆောင်ရွက်နေမှုများကို ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအနေဖြင့် လုံခြုံရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရပ်ကွက်/ကျေးရွာများ၏ လုံခြုံရေးကို တာဝန်ရှိသူအသီးသီးအနေဖြင့် (ရဲဘော်ရဲဘက်စိတ်) အပြည့်အဝဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေကြသည့် ဒေသခံပြည်သူများနှင့် သံဃာတော်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မှီခိုသူသားသမီး ၅၇ ဦးတို့ကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ဆေးကုသမှုခံယူနေသူများ အနက် မေ ၃၁ ရက် ညနေပိုင်းတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း၌ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့မှ အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ပြီး မော်တော်ယာဉ် မီးရှို့ခံခဲ့ရသဖြင့် အပြစ်မဲ့ပြည်သူ ငါးဦးသေဆုံးခဲ့ရသည့် ဖြစ်စဉ်တွင် အသက်ဘေးမှ လွတ်မြောက်လာသည့် ကျန်းမာရေးဝန်ထမ်းအမျိုးသမီးကို သီးခြားထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ **ရှေ့ဖုံးမှ**

အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

တပ်မတော်အနေဖြင့် ပြည်သူ့လုံခြုံရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အပြစ်မဲ့ပြည်သူများ ဘေးကင်းလုံခြုံရေး၊ ဥပဒေအာဏာသက်ဝင်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တည်ဆဲဥပဒေဘောင်အတွင်းမှ အထူးဂရုပြုဆောင်ရွက်လျက်ရှိပါသည်။ အင်အားသုံးရန် လိုအပ်ပါကလည်း မိမိကိုယ်မိမိ ခုခံကာကွယ်ရန်နှင့် အနည်းဆုံးအင်အားကို အမြင့်ဆုံးထိန်းချုပ်မှုဖြင့် ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးအနေဖြင့် နိုင်ငံအားလုံး၏ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးအတွက်ဆောင်ရွက်ရန် အခွင့်အာဏာပေးအပ်ထားပြီး ယင်းသို့ ဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိဘဲ မျှတစွာတာဝန်ထမ်းဆောင်ရန် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အမှတ် ၄၈/၁၄၁ တွင် ဖော်ပြထားရာ သူမအနေဖြင့် အဆိုပါလုပ်ပိုင်ခွင့်နှင့်အညီ နိုင်ငံများ၏အရေးကိစ္စများကို ပြောကြားရာတွင် ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျစွာ ဖော်ပြရန်လိုအပ်ပါသည်။

သူမအနေဖြင့် ပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အပြုသဘော၊ ဘက်လိုက်မှုမရှိ၊ ဓမ္မဓိဋ္ဌာန်ကျကျ ကုလသမဂ္ဂ၏ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားရန် ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်**

**ရက်စွဲ၊ ၂၀၂၂ ခုနှစ် ဇွန်လ ၁၃ ရက်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် လောက်ကိုင်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံစစ်ဆေး

**လားရှိုး ဇွန် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် ယနေ့နံနက်ပိုင်းတွင် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ပြည်သူများ၏ သတင်းအချက်အလက်သိပိုင်ခွင့် ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် အသိပညာဖြန့်ဝေရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ဟိုပန်မြို့၊ လောက်ကိုင်မြို့တို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများအား တွေ့ဆုံ၍ ကျန်းမာရေးဂရုပြုဆောင်ရွက်ရန်ကိစ္စများ၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးနှင့် မိမိတို့လုပ်ငန်းတာဝန်များကို ရိုးသားကြိုးစားစွာ ထမ်းဆောင်ရေးကိစ္စများ၊ စိတ်ဓာတ်၊ စည်းကမ်း၊ စေတနာနှင့် စွမ်းဆောင်ရည်ကောင်းမွန်စေရေး ကြိုးစားလေ့ကျင့်ဆောင်ရွက်ရန် လိုအပ်မှုများကို ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများအတွက်ထောက်ပံ့ငွေနှင့်အစားအသောက်များ ပေးအပ်ခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**





# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ရန်ကုန်မြို့တော်အတွင်း တည်ဆောက်ရေးလုပ်ငန်းများနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးဗိုလ်ဌေးသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ဈေးသို့ ရောက်ရှိပြီး လမ်းနှင့် ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲမှုဌာနမှ ဈေးအတွင်းရှိ လမ်းများ ကွန်ကရစ်လမ်းချော ခင်းကျင်းနေမှုနှင့် ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်ကို ဆက်သွယ်ထားသည့် ပုဇွန်တောင်ချောင်းကူး သာကေတတံတားဟောင်းရှိ စက်ဘီးလမ်းနှင့် လူသွားလမ်းပါ Linear Park တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက်၊ သန်လျင်တံတားချဉ်းကပ်လမ်းဘေးရှိ အမှတ်(၄၆) အခြေခံပညာ မူလတန်းကျောင်းအတွင်း ရေဝင်ရောက်နေမှုကြောင့် ရေစီးရေလာစီမံခန့်ခွဲမှုဌာနမှ ရေစုပ်စက်တစ်လုံးလျှင် တစ်မိနစ် ရေဂါလန် ၆၆၀၀ စုပ်ထုတ်နိုင်သည့် ကူဘိုတာစက်နှစ်လုံးဖြင့် ရေစုပ်ထုတ်နေမှုနှင့် ကျောင်း၏မျက်နှာစာ၌ စက်ယန္တရားများဖြင့် အလျား ပေ ၆၀၊ အနံ ပေ ၄၀ နှင့် အနက် ၁၀ ပေရှိ ရေစုကန်တူးဖော်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

**❂ စစ်ကိုင်းတိုင်းဒေသကြီးမှ**

အနီးကပ်ထိတွေ့သူများအား သတ်မှတ်ထားသောနေရာများတွင် စနစ်တကျ အသွားအလာကန့်သတ်ထားရှိခြင်း စသည့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို သက်ဆိုင်ရာ နှီးနွှယ်ဌာနများ၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများဖြစ်သည့် COVID-19 Antigen Test (RDT)၊ Kits များ၊ အောက်ဆီဂျင်ဆလင်ဒါများ၊ အောက်ဆီဂျင်စက်များ၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ(PPE)၊ သွေးတွင်းအောက်ဆီဂျင်တိုင်းကိရိယာများ (Pulse Oximeter)၊ ပဋိဇီဝဆေးများအပါအဝင် အခြားဆေးနှင့် ဆေးပစ္စည်းများ၊ လူနာခုတင်များကို တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ယာဉ်တန်းနှင့် ပူးပေါင်း၍ ကလေးမြို့သို့ ပို့ဆောင်ခဲ့ရာ ဇွန် ၁၂ ရက် ညပိုင်းတွင် ရောက်ရှိပြီးဖြစ်သည်။

ဌာနသုံးမော်တော်ယာဉ် ထောက်ပံ့ပေးပြီးဖြစ်သည့်အပြင် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးရှိ အောက်ဆီဂျင်ထုတ်လုပ်စက်(Oxygen Plant)ကို ပြန်လည်ပြင်ဆင်မွမ်းမံပြီးဖြစ်၍ ကလေးမြို့နယ်နှင့် တမူးမြို့နယ်တို့အတွက် အောက်ဆီဂျင်လိုအပ်ချက်နှင့်အညီ ဆက်လက် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ အလားတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ၊ မီးစက်နှင့် စက်သုံးဆီများ၊ အခြားလိုအပ်သောပစ္စည်းများကိုလည်း ဆက်လက်ဖြည့်ဆည်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ စစ်ဆေးရာတွင် RT PCR နည်းဖြင့် စစ်ဆေးနိုင်ရန် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ရွေ့လျားဓာတ်ခွဲယာဉ်ကို ကလေးမြို့သို့ပို့ဆောင်ပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန မုံရွာမြို့မှ ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်၍ ကလေးမြို့တွင် အခြေပြုကာ ဒေသခံအဖွဲ့အစည်းများ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများပါဝင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ကလေးဝမြို့နှင့် ကလေးမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများပေးအပ်

**နေပြည်တော် ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ဇွန် ၁၂ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် အဖွဲ့ဝင်များက ကလေးဝမြို့နယ်ခန်းမ၌တွေ့ဆုံ၍ ကြက်ဥ အလုံး ၅၀၀၊ ကုလားပဲ ပိဿာ ၅၀၊ ရွှေဖီဦးလက်ဖက်ခြောက် အထုပ် ၅၀၊ စားသောက်ဖွယ်ရာများနှင့် နှာခေါင်းစည်း အခု ၅၀၀၀ တို့ကိုပေးအပ်ရာ ကလေးဝမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့် ဒေသခံပြည်သူများက လက်ခံရယူကြသည်။

**ပေးအပ်**

အလားတူ ယနေ့တွင် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့်အဖွဲ့ဝင်များသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်ခန်းမ၌ ကလေးမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား




တွေ့ဆုံ၍ ကြက်ဥ အလုံး ၁၀၀၀၀၊ ကုလားပဲ ပိဿာ ၁၀၀၊ ရွှေဖီဦးလက်ဖက်ခြောက် အထုပ် ၃၀၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် Surgical Gown(E) အစုံ ၁၀၀၀၀၊ Surgical Cap အခု ၉၀၀၀၊ Surgical Mask အခု ၂၀၃၀၀၀၊ Exam Glove ဖာ ၅၀၀၊ Pulse Oximeter အခု ၅၀၀၊ N 95 Mask အခု ၅၀၀၀၊ Bleaching Powder ၁၀ ပုံး၊ PPE Fullset အစုံ ၄၈၀၀၊ Goggle အခု ၁၀၀၀၊ Viral Transport Medium(VTM) အခု ၅၀၀၀၊ Body Bag အခု ၅၀၊ Apron အခု ၄၀၀၀၊ Hand Gel ဘူး ၁၀၀၀ တို့ကိုပေးအပ်ရာ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် ဒေသခံပြည်သူများက လက်ခံရယူကြသည်။

**ဆောင်ရွက်သွားမည်**

ထို့ပြင် ကလေးခရိုင်အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော်ဆေးကုသရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ဒေသသုံးထင်းစိုက်ရန်နှင့် စိမ်းလန်းစိုပြည်ရေး ပျိုးပင်များ ပြည်သူများထံ အခမဲ့ပေးဝေမည်

**နတ်မောက် ဇွန် ၁၃**

နတ်မောက်မြို့နယ် သစ်တောဦးစီးဌာနက သစ်ပင်မျိုးစုံ ပျိုးထောင်ပြီး၍ မိုးရာသီစိုက်ပျိုးရေးနှင့် ပြည်သူများ ထင်းစိုက်ခင်းနှင့် အိမ်ဆောက်ရန်အပါအဝင် စိုက်ပျိုးရန်အတွက် ပျိုးပင်စုစုပေါင်း ၁၃၀၆၀၀ ရှိကြောင်း သိရသည်။

အဆိုပါပျိုးပင်များကို နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာ စိုင်ကောင်းဒေသစိုက်ပျိုးရေးခြံတွင် ပျိုးပင်စုစုပေါင်း ၇၅၀၀၀၊ တွင်းကြီးကျေးရွာ တွင်းကြီးဒေသပျိုးခြံတွင် အပင် ၂၄၂၀၀၊ နတ်မောက်မြို့နယ် မြို့မနယ်ဒေသစိုက်ပျိုးခြံတွင် အပင် ၃၁၄၀၀ ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

ပျိုးပင်များမှာ ကျွန်း၊ ရင်းမာ၊ ဆီးဖြူ၊ ယူကလစ်၊ လျှော်ဖြူ၊ မဲဇလီ၊ တမာ၊ ရေတမာ၊ ခရေ၊ ဗာတီဗာမြက်တို့ဖြစ်ကြောင်း သိရသည်။

နတ်မောက်သား

## ဒဂုံမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ဒဂုံ ဇွန် ၁၃**

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်၌ ယမန်နေ့ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီခွဲအထိ ပြည်အရှေ့ရပ်ကွက် GE-954 စစ်တပ်ဝင်းအတွင်း ပန်းခင်းစီမံချက်ဖြင့် တပ်မိသားစုဝင်များအား အသက်(၁၈) နှစ် ပြည့်ပြီးသူ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ အသက်(၁၈)နှစ် ပြည့်ပြီးသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြား နိုင်၃(က)မှ နိုင်၆(က)သို့ လဲလှယ်ပေးခြင်း၊ ပျောက်ဆုံး/ပျက်စီးသူများအား အသစ်ပြုလုပ်လဲလှယ်ပေးခြင်းများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက နယ်လှည့်ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်ရာတွင် အသက် (၁၀)နှစ်ပြည့်သူ ၁၈ ဦး၊ အသက် (၁၈)နှစ်ပြည့်ပြီးသူ နှစ်ဦး၊ အသက်(၁၀)နှစ်ပြည့်မှ အသက်(၁၈)နှစ်ပြည့်သို့ ကတ်ပြားလဲလှယ်သူ ၁၁ ဦးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်/ပျက်စီးသူ ၂၇ ဦးတို့အား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ်အတွင်းတွင် ဒေသခံတိုင်းရင်းသားများ မိုးသီးနှံစိုက်ပျိုးရန်အတွက် လယ်ယာလုပ်ငန်း လုပ်ကိုင်နေကြသည်ကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။

လှိုင်သန်းတင့်

ဥတုရာသီ တောကိုမှီ၏


# အစဉ်လေးစားဖွယ်ကောင်းသည့် ကလောင်အစွမ်းဖြင့် ဉာဏ်အလင်းကို ဖွင့်ပေးကြသူများ (၂)

မေ

**အမျိုးသားစာပေတစ်သက်တာဆုရှင် စည်သူဦးထင်ဖတ် (မောင်ထင်)**

စာရေးဆရာကြီး မောင်ထင်မှာ တစ်ခေတ်တစ်ခါက မြန်မာစာပေလောကအတွင်း မသိသူမရှိ၊ ရှားမှရှား ပညာရှင်တစ်ဦးဖြစ်ပါတယ်။ ဂါလီဗာ၏ ခရီးစဉ်စာအုပ်နဲ့ အမျိုးသားစာပေ ဘာသာပြန်ဆု ရရှိထားခဲ့တဲ့ မောင်ထင်ဟာ အထင်ရှားဆုံးလက်ရာဖြစ်တဲ့ ငဘနဲ့ မောက်ဂလိတို့လို ဝတ္ထုကြောင့်လည်း မြန်ပြည်တစ်လွှားက စာဖတ်သူအကြားမှာ နာမည်ကျော်ကြားခဲ့သူပါ။

လယ်သမားတွေရဲ့ဘဝကို သရုပ်ဖော်ကြတဲ့ အထဲ အစောဆုံးလက်ရာ ငဘဝတ္ထုရဲ့ အစွမ်းကြောင့် အဲဒီအချိန်က လယ်သမားတွေကို ငဘကြီးတွေဆိုပြီး ပြည်သူတွေက သုံးနှုန်းခဲ့ကြပါတယ်။ ဒါတင်မကသေးပါဘူး ငဘဝတ္ထုထဲက "ရာဇဝင်ကို ချွေးနဲ့ရေးရမယ်ဆိုတော့ ငန်ပြီပြီ



အမျိုးသားစာပေတစ်သက်တာဆုရှင်
စည်သူဦးထင်ဖတ် (မောင်ထင်)

နေတာပေါ့"ဆိုတဲ့ စကားရပ်ကလည်း လူအများပါးစပ်ဖျား တွင်ကျယ်ခဲ့ဖူးပါတယ်။ ငဘဝတ္ထုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန် စတဲ့ဘာသာတွေနဲ့လည်း ထုတ်ဝေခဲ့ရပြီး နိုင်ငံရပ်ခြားမှာလည်း လူကြိုက်များထင်ရှားခဲ့တဲ့ ဝတ္ထုဖြစ်ခဲ့ရပါတယ်။

**ထူးချွန်တဲ့ဆရာတစ်ဆူဖြစ်ခဲ့**

ဒါ့အပြင် ဆရာကြီးမောင်ထင်ဟာ ကိုဒေါင်းဆိုတဲ့ ဇာတ်ကောင်ကိုလည်း ဖန်တီးမွေးဖွားပေးခဲ့သူပါ။ "ကိုဒေါင်းကား သေလေပြီ၊ ကိုဒေါင်းသက်တော် ရာကျော်ရှည်ပါစေသတည်း" စတဲ့ အရေးအသားတွေနဲ့ သရော်စာတစ်ခေတ်ကိုလည်း ထူထောင်ခဲ့တဲ့ စာရေးဆရာကြီး ဖြစ်ပါတယ်။ ဘက်စုံထူးချွန်တဲ့ဆရာကြီးဟာ ဘာသာပြန်ဆိုတဲ့နေရာမှာလည်း ထူးချွန်တဲ့ဆရာတစ်ဆူဖြစ်ခဲ့ပြီး သူ့ရဲ့အနာဂတ္တိကျမ်းနဲ့ မိုးပေါ်သို့လိမ့်ကျခြင်း စတဲ့ ဝတ္ထုတိုတွေဟာ သိပ်ကိုနာမည်ကြီးခဲ့ပါတယ်။ ပြင်သစ်စာရေးဆရာ မိုပါဆွန်းရဲ့လက်ရာတွေကိုလည်း ဆရာမောင်ထင်က ဘာသာပြန်ဆိုပြီး ပရိသတ်နဲ့မိတ်ဆက်ပေးခဲ့သူပါ။

ဆရာမောင်ထင်ကို ၁၉၀၉ ခုနှစ် မတ်လက ဧရာဝတီတိုင်း လပွတ္တာမြို့နယ်မှာ မွေးဖွားခဲ့ပါတယ်။ အမည်ရင်းကတော့ ဦးထင်ဖတ်ဖြစ်ပါတယ်။ ဇာတိမြို့ ဦးခန္တီကျောင်းနဲ့ ဦးဘိုးထွန်းကျောင်းတွေမှာ ပညာသင်ယူခဲ့သူပါ။ အထက်တန်းပညာကိုတော့ ရန်ကုန်မြို့မ အမျိုးသားကျောင်းနဲ့ မြောင်းမြအထက်တန်းကျောင်းတို့မှာ သင်ယူခဲ့ပါတယ်။ ၁၉၃၃ ခုနှစ်မှာတော့ ရန်ကုန်တက္ကသိုလ်ကနေ ဘီအေ(ဝိဇ္ဇာဘွဲ့)ကိုရရှိခဲ့ပြီး မြောင်းမြတိုင်းရင်းသားအထက်တန်းကျောင်းမှာ အထက်တန်းပြဆရာ၊ မြို့ပိုင်၊ နိုင်ငံခြားရေးဌာန လက်ထောက်အတွင်းဝန်၊ အသံလွှင့်ဌာန ညွှန်ကြားရေးဝန်၊ လူမှုဝန်ထမ်းဝန်ကြီးဌာန (ခေတ္တ)ရခိုင်တိုင်းမင်းကြီး၊ ၁၉၄၉ ခုနှစ်မှာ ပြန်ကြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးစသည်ဖြင့် ကျင်လည်အမှုထမ်းခဲ့သူဖြစ်ပါတယ်။ အစိုးရအမှုထမ်းဘဝ နုတ်ထွက်ခဲ့ပြီးနောက် ၁၉၅၀ – ၅၅ ခုနှစ်ကစလို့ ရန်ကုန်သတင်းစာ အုပ်ချုပ်မှုအယ်ဒီတာ၊ စာပေဗိမာန်စွယ်စုံကျမ်း အတိုင်ပင်ခံ၊ လန်ဒန်တိုင်းသတင်းထောက်နဲ့ အလွတ်တမ်းသတင်းစာဆရာဘဝတို့ကို ၁၉၅၇–၇၇ ခုနှစ်များအထိ ဖြတ်သန်းခဲ့သူလည်းဖြစ်ပါတယ်။

ထိုနှစ်များအတောအတွင်း မြန်မာနိုင်ငံ စာရေးဆရာအသင်းနဲ့ သတင်းစာဆရာအသင်းတို့မှာ



တိုက်ပွဲခေါ်သံ၊ အရေးတော်ပုံတို့ကို ဖန်တီးခဲ့သူ
စည်သူဦးဌေးမောင် (ဌေးမောင်)

ဥက္ကဋ္ဌတာဝန်တွေကိုလည်း ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာတော့ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသလို ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှာလည်း သမိုင်းဖြစ်ရပ်မှန်ပြုစုရေးအဖွဲ့ဝင်ဖြစ်ခဲ့ပါတယ်။

အမျိုးသားစာပေဆု (ဘာသာပြန်) ကို ဂါလီဗာခရီးစဉ်နဲ့ ၁၉၈၁ ခုနှစ်မှာရရှိခဲ့သလို ၁၉၉၄ ခုနှစ်မှာ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၁၉၉၆ ခုနှစ်မှာ မိခင်မေတ္တာ စာပေဂုဏ်ရည်ဆုတွေကို ရရှိခဲ့ပါတယ်။ အဲဒီလိုမြန်မာစာပေအတွက် တစ်ဖက်တစ်လမ်းကနေ အကျိုးပြုခဲ့တဲ့ဆရာကြီးကို ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ပါတယ်။ ဆရာကြီးဟာ အမျိုးသားစာပေတစ်သက်တာဆု (၂၀၀၂) ကို ၂၀၀၃ ခုနှစ်မှာ လက်ခံရရှိခဲ့ပြီး သုံးနှစ်အကြာ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှာ ကွယ်လွန်ပါတယ်။


**တိုက်ပွဲခေါ်သံ၊ အရေးတော်ပုံတို့ကို ဖန်တီးခဲ့သူ စည်သူဦးဌေးမောင် (ဌေးမောင်)**

သွေးသောက်၊ ငွေတာရီ၊ သပြေနဲ့ သိပ္ပံမဂ္ဂဇင်းတွေမှာ အယ်ဒီတာအဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၁၉၄၇ ခုနှစ်လောက်ကနေ ဘဝနေဝင်ချိန်မတိုင်မီအထိ ပင်ကိုရေး၊ ဘာသာပြန်ဝတ္ထု အတို/ အရှည် စုစုပေါင်း ၁၀၀၀ ကျော်ရေးသားခဲ့သူ၊ သွေးသောက်၊ မြဝတီ၊ ငွေတာရီနဲ့ သပြေမဂ္ဂဇင်းတွေအတွက် ၂၅ နှစ်တိုင်တိုင် ခေါင်းကြီးရေးသားခဲ့သူတစ်ဖြစ်လဲ အမျိုးသား စာပေတစ်သက်တာဆုရှင်တစ်ဦးကတော့ စည်သူဦးဌေးမောင် (ဆရာကြီးဌေးမောင်) ပဲ ဖြစ်ပါတယ်။

၁၉၂၇ ခုနှစ်က ဇာတိမြေ ချောက်မြို့မှာ မွေးဖွားခဲ့ပြီး စစ်ကြိုခေတ်အတွင်း ချောက်မြို့ အေးစေတီအထက်တန်းကျောင်းမှာ ပညာသင်ယူခဲ့သူပါ။ ဒုတိယကမ္ဘာစစ်အတွင်း ရေနံချောင်းမြို့မှာ ဂျပန်စစ်တပ်က ဖွင့်တဲ့ ဆေခိယုခေါ်ဂျောလို့ ခေါ်တဲ့ အင်ဂျင်နီယာကျောင်းမှာ ပညာသင်ယူခဲ့ပါတယ်။ စစ်အတွင်း ချောက်မြို့၊ အရှေ့အာရှတိုက်လူငယ်များအစည်းအရုံးရဲ့ ဉာဏဗလမှူး၊ စစ်ပြီးခေတ် လူငယ်အစည်းအရုံး အမှုဆောင်တာဝန်တွေကို ထမ်းဆောင်ရင်း လူမှုရေးလုပ်ငန်းတွေ လုပ်ဆောင်ခဲ့ပါတယ်။

**ပထမဆုံးဝတ္ထု ပြည်သူ့ရဲဘော်ဂျာနယ်**

စာပေလောကထဲကိုတော့ ၁၉၄၇ ခုနှစ်မှာ စတင်ရောက်ရှိခဲ့ပါတယ်။ ဆရာကြီးရဲ့ ပထမဆုံးဝတ္ထုဖြစ်တဲ့ ၁၉၄၇ ခုနှစ် ဧပြီလ ၂၀ ရက်နေ့ထုတ် ပြည်သူ့



စာပေသတ္တိဖြင့် ရှင်သန်သူ အမျိုးသားစာပေ
တစ်သက်တာဆုရှင်ဆရာကြီး စည်သူလေးမြိုင်

ရဲဘော်ဂျာနယ်မှာ ဖော်ပြခဲ့တဲ့ သင်းတို့လောက ဝတ္ထုကနေတစ်ဆင့် စာပေလောကထဲကို ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါတယ်။ ထိုစဉ်က ရေနံမြေက ရဲဘော်၊ ရဲဘော်မောင်လှဆိုပြီး ကလောင်အမည်တွေနဲ့ ရေးသားခဲ့ပါတယ်။ ၁၉၄၈ ခုနှစ် မတ်လထုတ် ရှုမဝမဂ္ဂဇင်းမှာ "နု" ဝတ္ထုရှည်ကို ဌေးမောင်အမည်နဲ့ စတင်ရေးသားခဲ့ပါတယ်။

အဲဒီနောက် ၁၉၅၂–၅၅ ခုနှစ်တွေမှာ သွေးသောက်မဂ္ဂဇင်းမှာ အယ်ဒီတာအဖြစ်၊ ၁၉၆၅–၇၈ ခုနှစ်အထိ မြဝတီနဲ့ ငွေတာရီမဂ္ဂဇင်းတို့မှာ အယ်ဒီတာအဖြစ်၊ ၁၉၈၀–၈၄ ခုနှစ်အထိ သပြေမဂ္ဂဇင်းနဲ့ ၁၈၈၅–၉၃ ခုနှစ်အထိ သိပ္ပံမဂ္ဂဇင်းတွေမှာ အယ်ဒီတာအဖြစ် တာဝန်ယူခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ စာရေးဆရာအသင်းအမှုဆောင်အဖြစ်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း စာပေတာဝန်တွေကို ကျေပွန်ခဲ့သူလည်းဖြစ်ပါတယ်။

ဆရာကြီးဦးဌေးမောင်ရဲ့ ထင်ရှားတဲ့ဝတ္ထုတွေဖြစ်တဲ့ တိုက်ပွဲခေါ်သံ၊ အရေးတော်ပုံ စတဲ့ဝတ္ထုတွေက နာမည်ကျော်ကြားလူကြိုက်များခဲ့တဲ့ စာအုပ်တွေဖြစ်ပါတယ်။ အရေးတော်ပုံဝတ္ထုဆိုရင် မစိန်တင် (မော်စကိုရေဒီယိုမှ ရုရှားအမျိုးသမီး)က ရုရှားဘာသာပြန်ဆို ထုတ်ဝေရာမှာ အုပ်ရေငါးသောင်းထုတ်ဝေနိုင်ခဲ့ပါတယ်။

၁၉၆၄ ခုနှစ်မှာ အရေးတော်ပုံဝတ္ထုနဲ့ အမျိုးသားစာပေဆု(ဝတ္ထုရှည်) ဒုတိယရရှိခဲ့ပြီး ၁၉၆၅ ခုနှစ်မှာ တိုက်ပွဲခေါ်သံဝတ္ထုနဲ့ အမျိုးသားစာပေဆု (ဝတ္ထုရှည်) ပထမဆုကို ရရှိခဲ့သူပါ။ ၂၀၀၃ ခုနှစ်အတွက် နိုင်ငံတော်က ချီးမြှင့်တဲ့ အမျိုးသားစာပေတစ်သက်တာဆုကို ဆရာကြီးဦးဌေးမောင် ရရှိခဲ့ပါတယ်။ ဆရာကြီး ကွယ်လွန်သွားခဲ့ပေမယ့် ဆရာကြီးရဲ့စာပေတွေကတော့ ယနေ့တိုင် ပြည်သူများအကြား အမှတ်ရရှင်သန်ဆဲ ဖြစ်ပါတယ်။

**စာပေသတ္တိဖြင့် ရှင်သန်သူ အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး စည်သူလေးမြိုင်**

ဘဝတစ်လျှောက်လုံးကို စာပေနယ်အတွင်း မြှုပ်နှံရင်းအချိန်ပေးခဲ့သူ၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် မြန်မာစာပေကဏ္ဍကို ကျရာဘက်မှ မြှင့်တင်ပေးရင်း ပြည်သူများ၏ ဉာဏ်ပညာမျက်စိကို ဖွင့်ပေးခဲ့သူအဖြစ် ဆရာကြီးစည်သူဦးလေးမြိုင်အား ၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို နိုင်ငံတော်က ချီးမြှင့်ခဲ့ပါတယ်။ ဆရာကြီးက ယနေ့တိုင် သက်ရှိထင်ရှားရှိနေဆဲ



၂၀၀၅ ခုနှစ် အမျိုးသားစာပေတစ်သက်တာ
ဆုရှင် ဆရာမကြီး ဒေါ်ရင်ရင်(စောမုံညှင်း)

အသက် ၉၈ နှစ်အရွယ် အမျိုးသားစာပေတစ်သက်တာဆုရှင်တစ်ဦးလည်းဖြစ်သလို စာပေဗိမာန်တစ်သက်တာစာပေဆုရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဆရာကြီးရဲ့ စာပေတာဝန်ဖြတ်သန်းမှုတွေကို ၂၀၁၈ ခုနှစ်မှာ လေးမြိုင်– စာပေသတ္တိဖြင့် ရှင်သန်သူ ဆိုတဲ့ အတ္ထုပ္ပတ္တိစာအုပ်ကို စာရေးဆရာမကြီး မသန်းသန်း (မန်းတက္ကသိုလ်) က ရေးသားခဲ့ဖူးပါတယ်။

ဆရာကြီးကို ၁၉၂၄ ခုနှစ်က သာစည်မြို့နယ် ဟံဇားကျေးရွာမှာ မွေးဖွားခဲ့ပြီး ဟံဇားရွာဘုန်းတော်ကြီးကျောင်းမှာ ပညာသင်ကြားခဲ့ပါတယ်။ ၁၉၃၆ ခုနှစ်မှာ ရှင်သာမဏေ၊ ၁၉၄၄ ခုနှစ်မှာ ရဟန်းအဖြစ် ရောက်ရှိခဲ့ပြီး ၁၉၄၆ ခုနှစ်မှာ ပထမငယ်တန်းကို အောင်မြင်ခဲ့သူဖြစ်ပါတယ်။ ထို့နောက် ရဟန်းဘဝနဲ့ အမရပူရမြို့ကို ပြောင်းရွှေ့ပညာသင်ယူနေဆဲမှာ မန္တလေးသူရိယသတင်းစာမှာ မမေ့တဲ့နိုင် အမည်ရှိဆောင်းပါးကို စန်းယုအောင်ကလောင်နဲ့ စတင်ရေးသားခဲ့ပြီး အဲဒီသတင်းစာမှာ ဝတ္ထု၊ ဆောင်းပါးစတာတွေကို ဆက်လက်ရေးသားခဲ့ပါတယ်။

၁၉၅၀ ပြည့်နှစ်မှာတော့ ပထမလတ်တန်း၊ ၁၉၅၂ ခုနှစ်မှာ ပထမကြီးတန်းကို အောင်မြင်ပြီး မန္တလေးအလွတ်ပညာသင်ကျောင်းတွေမှာ သင်္ချာနဲ့ အင်္ဂလိပ်ဘာသာတွေကို သင်ယူတတ်မြောက်ခဲ့သူပါ။ **စာမျက်နှာ ၇ သို့** ✥

**✻ မြန်မာနိုင်ငံစာရေးဆရာအသင်းနဲ့ သတင်းစာဆရာအသင်းတို့မှာ ဥက္ကဋ္ဌတာဝန်တွေကိုလည်း ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာတော့ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသလို ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှာလည်း သမိုင်းဖြစ်ရပ်မှန်ပြုစုရေးအဖွဲ့ဝင်ဖြစ်ခဲ့။**

**✻ ဆရာကြီးဦးငွေးမောင်ရဲ့ ထင်ရှားတဲ့ဝတ္ထုတွေဖြစ်တဲ့ တိုက်ပွဲခေါ်သံ၊ အရေးတော်ပုံ စတဲ့ဝတ္ထုတွေက နာမည်ကျော်ကြား လူကြိုက်များခဲ့တဲ့ စာအုပ်တွေဖြစ်ပါတယ်။ အရေးတော်ပုံဝတ္ထုဆိုရင် မစိန်တင် (မော်စကိုရေဒီယိုမှ ရုရှားအမျိုးသမီး) က ရုရှားဘာသာ ပြန်ဆို ထုတ်ဝေရာမှာ အုပ်ရေငါးသောင်း ထုတ်ဝေနိုင်ခဲ့။**

✣ စာမျက်နှာ ၆ မှ

၁၉၅၃ ခုနှစ်မှာ ဘိုးဝဇီရစာပေဆိုတဲ့ လုံးချင်းစာအုပ်ကို စန်းယုအောင်အမည်နဲ့ ရေးသားခဲ့တာအပြင် မန္တလေးမြို့က ရုပ်စုံစာပေဂျာနယ်မှာ အယ်ဒီတာအဖြစ်၊ ၁၉၅၅ ခုနှစ်မှာ ရှင်လိုင်ပြန် လေးမြိုင်ဘဝနဲ့ ရန်ကုန်သို့ရောက်ရှိခဲ့ပြီး ရှုမဝမဂ္ဂဇင်း၊ ပေဖူးလွှာမဂ္ဂဇင်းနဲ့ မြဝတီမဂ္ဂဇင်း၊ ကြေးမုံသတင်းစာတို့မှာ အယ်ဒီတာပညာ၊ စာပြင်ဆရာပညာတွေကိုဆည်းပူးသင်ကြားရင်း တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

၁၉၇၂ ခုနှစ်မှာ ငွေတာရီမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၇၇ ခုနှစ်မှာတော့ မြဝတီစာပေတိုက်၏ ဒုတိယအယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဗုဒ္ဓ၏ ဥပမာတစ်ထောင်၊ ထေရီထေရာ၊ ဗုဒ္ဓ၏ဝါဒစစ်ပွဲများစာအုပ်တွေကို ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ ရေးသားထုတ်ဝေခဲ့ပါတယ်။ ဆရာကြီးလေးမြိုင်ဟာ ၁၉၈၀ ပြည့်နှစ်တွေမှာ မဟော်သဓာဖြတ်ထုံးနဲ့ လောကကြေးမုံစာအုပ်၊ စကားကြီးဆယ်မျိုးစာအုပ်တွေကို ဦးကြီးမြိုင်၊ လေးမြိုင်စတဲ့ကလောင်အမည်တွေနဲ့ ရေးသားခဲ့ပါတယ်။

**စာပေဆိုင်ရာအမြင့်ဆုံးဆု**

၁၉၉၀ ပြည့်လွန်နှစ်တွေမှာ ရန်ကုန်မြို့တော်မဂ္ဂဇင်းမှာ အတိုင်ပင်ခံအယ်ဒီတာ၊ ဓမ္မရံသီနဲ့ ဓမ္မရတနာမဂ္ဂဇင်းမှာ အယ်ဒီတာချုပ် စတဲ့တာဝန်တွေအပြင် ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့ နာယကအဖြစ်လည်းကောင်း၊ လေးမြိုင်ဓမ္မပူဇာစာပေဆု တည်ထောင်၍လည်းကောင်း စာအုပ် ၁၂ အုပ်ကို ဆုချီးမြှင့်ပေးနိုင်ခဲ့ပါတယ်။ ဆရာကြီးကိုတော့ နိုင်ငံတော်က စာပေဆိုင်ရာအမြင့်ဆုံးဆုဖြစ်တဲ့ အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၄ ခုနှစ်အတွက် ပေးအပ်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်မှာ မျက်နှာဖုံးအဖွင့်ဆိုတဲ့စာအုပ်ကို စီစဉ်ထုတ်ဝေခဲ့ပါသေးတယ်။

**၂၀၀၅ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာမကြီး ဒေါ်ရင်ရင်(စောမုံညင်း)**

မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်ကို ဖော်ထုတ်ပေးခဲ့သူ၊ ကလောင်စွမ်းဖြင့် မြန်မာအမျိုးသမီးတို့၏ စိတ်နေစိတ်ထားနှင့် ယဉ်ကျေးလိမ္မာမှုကို ဖော်ထုတ်ပေးခဲ့သူတွေထဲက တစ်ဦးဆိုလျှင် ဆရာမကြီး စောမုံညင်းကို ချန်လှပ်ထား၍မရ။ မိုးမိတ်မြို့သူ ဒေါ်ရင်ရင် (စောမုံညင်း) ကို ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလတွင် မွေးဖွားခဲ့တဲ့အတွက် ဆရာမကြီးသာရှိမယ်ဆိုရင် အသက် ၁၀၁ နှစ်ရှိပါပြီ။

ရန်ကုန်တက္ကသိုလ်ကနေ ဝိဇ္ဇာဘွဲ့ကို မြန်မာစာ၊ ရာဇဝင်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပြီး နိုင်ငံခြားဘာသာသိပ္ပံကျောင်းကနေ ဂျပန်ဘာသာ ဒီပလိုမာဘွဲ့ ရရှိခဲ့သူဖြစ်ပါတယ်။ စာပေရေးသားခြင်းကိုတော့ အထက်တန်းကျောင်းသူဘဝကတည်းက စတင်ခဲ့တာပါ။ ရန်ကုန်တက္ကသိုလ်ရောက်တော့ ဂျပ်ဆင်ကောလိပ်မဂ္ဂဇင်းမှာ ဆောင်းပါးတွေ၊ ကဗျာတွေကို စောမုံညင်းဆိုတဲ့အမည်နဲ့ စတင်ရေးသားပါတော့တယ်။

အမျိုးသမီးကလောင်အဖွဲ့ ရန်ပုံငွေပြဇာတ်ဖြစ်တဲ့ ရတနာ့ဂုဏ်ရည်၊ ကိန္နရီမောင်နှံ ပြဇာတ်တွေကို ရေးသားခဲ့သူ ဆရာမကြီးဟာ ၁၉၅၆ ခုနှစ်မှာ အင်ဒိုပင်းဒန့်ဒေါ်စန်း ကွယ်လွန်တဲ့ သုံးနှစ်မြောက် ကဗျာပြိုင်ပွဲအတွက် ပထမရွှေတံဆိပ်ဆုကိုလည်း ရရှိထားခဲ့ပါသေးတယ်။ ၁၉၆၃ ခုနှစ်မှာ ရှေ့ဆောင်လူငယ်သောက်ရှူးကြယ်စာအုပ်နဲ့ ကလေးလူငယ်ဆိုင်ရာစာပေတတိယဆု၊ ၁၉၆၅ ခုနှစ်မှာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ချီးမြှင့်တဲ့ ယဉ်ကျေးမှုစာပေဒုတိယဆုကို မြန်မာမှုစုံပန်းရဂုံစာအုပ်နဲ့ ရရှိခဲ့သူပါ။

**မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှုစာအုပ်**

၁၉၈၉ ခုနှစ်မှာတော့ အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ) ကို မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှုစာအုပ်နဲ့ ရရှိခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်အတွက် အရှေ့တောင်အာရှစာပေဆု၊ ၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုတွေကိုလည်း ရရှိခဲ့ပြီး ၂၀၀၅ ခုနှစ်မှာတော့ အမျိုးသားစာပေတစ်သက်တာဆုကို ရရှိခဲ့ပါတယ်။

ရိုးရာလေ့ထုံးစံ၊ တေးဂီတဆိုင်ရာ၊ အနုပညာဆောင်းပါးတွေနဲ့ ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးတွေဖြစ်တဲ့ မြတ်နိုးစရာမြန်မာ့ရိုးရာများ၊ နော်ဇာကုံးနှင့် ပုလဲသွယ်၊ မြန်မာ့ဇာတ်သဘင်တစ်ခေတ်ပြောင်းစေရေး၊ ဗမာ့အမျိုးသမီးစတဲ့ စာပေတွေဟာ နိုင်ငံနဲ့လူမျိုးအတွက် များစွာအကျိုးရှိစေခဲ့တဲ့ စာကောင်းပေမွန်တွေပဲ ဖြစ်ပါတယ်။

ဆရာမကြီးဟာ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဝင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာ ကော်မတီ၊ မြန်မာနိုင်ငံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တွေမှာ အကြံပေးပုဂ္ဂိုလ်၊ နာယကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာအမျိုးသမီးတွေအတွက် ဘဝနေဝင်ချိန်အထိ ရှေ့တန်းက ရပ်တည်ပေးခဲ့သူလည်းဖြစ်တာကို ဂုဏ်ယူဖွယ်တင်ပြလိုက်ရပါတယ်။

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**စာတည်း**



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ဖြတ်သန်းပြီးမြောက်ခဲ့သည့်လေးလတာခရီး...

## ကနောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)၌ ကြည့်ရှုစစ်ဆေးစဉ်။

အချိန်နှင့် ဒီရေသည် လူကိုမစောင့်ဟူသော ဆိုရိုးစကားရှိခဲ့သည်။ အချိန်သည် တစ်ရွေ့ရွေ့နှင့် မရပ်မနားခရီးနှင်နေဆဲဖြစ်သည်။ မိမိတို့နိုင်ငံကို အရေးပေါ်အခြေအနေကြေညာကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်မောင်းနှင်၍ ဖြတ်သန်းလာခဲ့သည်မှာ ယခုဆိုလျှင် လေးလတာခရီးကို လွန်မြောက်ခဲ့ပြီဖြစ်သည်။

လေးလတာအတွင်း နိုင်ငံတော်အစိုးရက ပြည်သူများအတွက် အကျိုးပြုလုပ်ငန်းများမှာ မျှော်မှန်းသည်ထက်ပင် များပြားလွန်းလှသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို မပြိုကွဲမပျက်စီးရအောင်၊ တိုင်းရင်းသားပြည်သူများ အကျိုးစီးပွား မယုတ်လျော့အောင်၊ တိုင်းပြည်၏ အန္တရာယ်ရန်စွယ်များ ပျက်သုဉ်းအောင်နှင့် မီးစမီးနများ ငြိမ်းအေးအောင်၊ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ကြရသည်နှင့်အတူ တိုင်းပြည်အကျိုး၊ နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ကာ နိုင်ငံတော်အခြေမယိုင်လဲအောင်၊ တိုးတက်ဖွံ့ဖြိုးမှုကို ဆတိုးရရှိအောင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကိုထမ်းဆောင်ရသူအကြီးအကဲများအဖို့ တာဝန်ဝတ္တရားများက ညွှန်းပြမကုန်နိုင်အောင်ပင် ရှိနေခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးတည်ချက် (၉) ရပ်ပါ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်များကို တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိသည့်အပြင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်တို့ကိုလည်း ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်း ဖော်ဆောင်နေသည်ကိုလည်း မြင်တွေ့ကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွက် ဆူးငြောင့်ခလုတ်ကန်သင်းများကို တိုင်းပြည်နှင့် တိုင်းရင်းသားလူမျိုးအားလုံး အနာတရ မဖြစ်စေဖို့၊ ထိခိုက်မှု အနည်းဆုံးဖြစ်စေဖို့ ရည်ရွယ်ဆောင်ရွက်နေသည်ကိုလည်း မြင်တွေ့ရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ချက်များစွာအနက်မှ မေလတစ်လတာအတွင်း နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးများစေသည့် ဆောင်ရွက်ချက်များကို ပြည်သူများထံ ကောက်နုတ်တင်ပြလိုက်ရပါသည်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစည်းအဝေးများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၆/ ၂၀၂၁) ကို မေလ ၆ ရက်က ကျင်းပခဲ့ပြီး အစည်းအဝေးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသောပြည်သူများသည် ကျေးလက်နေပြည်သူများဖြစ်ကြသည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြှင့်တင်ရန်၊ အရည်အချင်းရှိသည့် လူငယ်များအား ပညာရပ်အလိုက် လူမှန်၊ နေရာမှန်ရောက်အောင် ဆောင်ရွက်ပေးရမည့် အစီအမံများနှင့် နိုင်ငံ၏ မြေယာမူဝါဒနှင့်ပတ်သက်၍ အလေးအနက်ထား ဆောင်ရွက်ကြရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှု မြင့်မားလာစေရန်၊ နိုင်ငံ့ဝန်ထမ်းများ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် အရည်အသွေးမြှင့်တင်ရန်စသည်ဖြင့် နိုင်ငံအတွက် လိုအပ်ချက်များကို မိန့်ကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး (၇/ ၂၀၂၁)ကို မေ ၂၀ ရက်တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်ထောင်စုဝန်ကြီးများ မြို့နယ်၊ ခရိုင်အဆင့်အထိ ကွင်းဆင်းဆောင်ရွက်နေသည်မှာ ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မူဝါဒကိုသာ ချမှတ်ပေးပြီး ဝန်ကြီးဌာနများက အကောင်အထည်ဖော်ရခြင်းအပေါ် ရှင်းလင်းပြောကြားခဲ့ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများအချင်းချင်းလည်း တိုင်ပင်ညှိနှိုင်း ဆွေးနွေးအကြံပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲစာရင်းတွေ့ရှိမှုများ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ မဲမသမာမှုအခြေအနေမှန်များကို ဌာနဆိုင်ရာဝန်ထမ်းများသိရှိရန် ပြောကြားစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့အတူ ပြည်တွင်းစက်မှုလုပ်ငန်းများ ပြန်လည် ဦးမော့လာစေမည့် အစီအမံများဖြစ်သည့် နိုင်ငံပိုင်အထည်ချုပ်စက်ရုံ၊ ဝါစက်ရုံနှင့် နိုင်ငံပိုင်ဆေးဝါးစက်ရုံစသည်တို့ ပြန်လည်လည်ပတ်စေခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု သက်သာစေနိုင်မည့် အခြေအနေ၊ ပုဂ္ဂလိကသို့ ငှားရမ်းထားသော စက်ရုံအလုပ်ရုံများကိုလည်း မူလစာချုပ်ပါလုပ်ငန်းတာဝန်များအတိုင်း

စာမျက်နှာ ၉ သို့ ☆



ပင်လောင်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံအား တွေ့ရစဉ်။

**ပြည်တွင်းစက်မှုလုပ်ငန်းများ ပြန်လည်ဦးမော့လာစေမည့် အစီအမံများဖြစ်သည့် နိုင်ငံပိုင်အထည်ချုပ်စက်ရုံ၊ ဝါစက်ရုံနှင့် နိုင်ငံပိုင်ဆေးဝါးစက်ရုံစသည်တို့ ပြန်လည်လည်ပတ်စေခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု သက်သာစေနိုင်မည့် အခြေအနေ၊ ပုဂ္ဂလိကသို့ ငှားရမ်းထားသော စက်ရုံအလုပ်ရုံများကိုလည်း မူလစာချုပ်ပါလုပ်ငန်းတာဝန်များအတိုင်း ဆောင်ရွက်မှု ရှိ၊ မရှိ စိစစ်၍ စည်းကမ်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ သဘာဝဘေးနှင့်ရေစီးရေလာ ကောင်းမွန်ရေး၊ အများပြည်သူပို့ဆောင်ရေးစနစ် အားကောင်းစေရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးချနိုင်စေရေးနှင့်...စသည့်အကြောင်းအရာများကို ထည့်သွင်းဆွေးနွေးခဲ့။**

**ကျောင်းသား ကျောင်းသူများ ပညာတတ်မြောက်စေရန်အတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးရန် ကြိုးပမ်းခြင်းဖြစ်ပြီး နှောင့်ယှက် ဆောင်ရွက်နေမှုများသည် တိုင်းပြည်ဖျက်နေသည့်လုပ်ရပ်ဖြစ်ပြီး ဆိုးရွားသော လုပ်ဆောင်ချက်ဖြစ်ကြောင်း၊ အဖျက်လုပ်ငန်း ဆောင်ရွက်နေမှုများကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်သွားရန်လိုကြောင်း ဆွေးနွေးလမ်းညွှန်ခဲ့။**




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ(၁/၂၀၂၁) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

☆ စာမျက်နှာ ၈ မှ

ဆောင်ရွက်မှု ရှိ၊ မရှိ စိစစ်၍ စည်းကမ်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ သဘာဝဘေးနှင့် ရေစီးရေလာကောင်းမွန်ရေး၊ အများပြည်သူ ပို့ဆောင်ရေးစနစ် အားကောင်းစေရေး၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးချနိုင်စေရေးနှင့် လျှပ်စစ်ဓာတ်အားများ တရားမဝင်ရယူသုံးစွဲမှုများကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး၊ လျှပ်စစ်ဓာတ်အားခများ သတ်မှတ်နှုန်းထားနှင့် သတ်မှတ်ချိန် အလိုက် ကောက်ခံရရှိရေး စသည့်အကြောင်းအရာများကို ထည့်သွင်းဆွေးနွေးခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁)ကို မေ ၁၀ ရက်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။ မဲစာရင်းမှားယွင်းမှုများနှင့်ပတ်သက်၍ တိုင်းဒေသ ကြီးနှင့်ပြည်နယ် နှစ်ခုတွင် စစ်ဆေးပြီးစီးခဲ့ရာ မဲမသမာမှုများနှင့် အရေးယူဆောင်ရွက်မည့် အခြေအနေများအား ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ပေးရန် ရှိနေကြောင်း၊ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်ပြီး အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသဖြင့် မိမိတို့နိုင်ငံအနေဖြင့်လည်း သတိထားဆောင်ရွက်ရမည့် အခြေအနေများ၊ COVID-19 ကာကွယ်ဆေးထိုးနှံမှု မိမိတို့နိုင်ငံတွင် တစ်သန်းကိုးသိန်းကျော် ထိုးနှံပြီးအခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ယခုနောက်ပိုင်း ဆူပူမှုများ အရှိန်ကျလာသော်လည်း ဘဏ်များထိခိုက်အောင် နိုင်ငံရေးအရ ဆောင်ရွက်လာသည်များရှိသဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အားသာချက်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစေရေး၊ နိုင်ငံအတွက် အဓိကကျသည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် SME နှင့် သမဝါယမလုပ်ငန်းများကို ဖော်ဆောင်ပေးရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် SMEနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရန်လိုပြီး ထုတ်ကုန်များအား သမဝါယမစနစ်ဖြင့် တိုက်ရိုက်ရောင်းချနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လမ်းညွှန်ခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။

ကျောင်းသား ကျောင်းသူများ ပညာတတ်မြောက်စေရန်အတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးရန် ကြိုးပမ်းခြင်းဖြစ်ပြီး နှောင့်ယှက် ဆောင်ရွက်နေမှုများသည် တိုင်းပြည်ဖျက်နေသည့်လုပ်ရပ်ဖြစ်ပြီး ဆိုးရွားသောလုပ်ဆောင်ချက်ဖြစ်ကြောင်း၊ အဖျက်လုပ်ငန်းဆောင်ရွက်နေမှုများကို ထိထိရောက်ရောက်ထိန်းသိမ်းကာကွယ်သွားရန်လိုကြောင်း ဆွေးနွေးလမ်းညွှန်ခဲ့ပါသည်။ ထို့ပြင် ကောင်စီဝင်များ၏ နိုင်ငံတော်အတွက် အကြံပြုချက်များ၊ ဆွေးနွေးညှိနှိုင်းချက်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ညှိနှိုင်းအဖြေရှာ ဆွေးနွေးခဲ့ပါသည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား တောင်ပြိုလက်ဝဲစခန်း၌ NV Card ထုတ်ပေးနိုင်ရေးဆောင်ရွက်နေစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၁၁/၂၀၂၁)ကို မေ ၂၄ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မိမိတို့တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေးအရ ဆန္ဒပြမှုများရှိလာကြောင်း၊ တာဝန်ယူရသည့်အခြေအနေအား အကြိမ်ကြိမ်ရှင်းလင်းပြောကြားထားသော်လည်း နားလည်သဘောပေါက်သူများ ရှိသကဲ့သို့ နားမလည်သူများလည်းရှိကြောင်း၊ ယခုအခါ ဆူပူသောင်းကျန်းမှုများမှ တစ်ဆင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လာကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူများ၏ နယ်မြေများအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခြင်း၊ မတရားအသင်းအဖြစ် ကြေညာထားသည့် CRPH၊ NUG တို့မှ PDF များဖွဲ့စည်း၍ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ပြီး ဖျက်ဆီးရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာကြောင်း၊ ပြည်သူများလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကား၌ ထည့်သွင်းပြောကြားသည်။

မိမိတို့ကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် နိုင်ငံအတွင်း စားရေးရိက္ခာပေါများစေရန်၊ ယိမ်းယိုင်နေသည့် စီးပွားရေးများ ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးလက်နေ ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပစ်ပယ်ထား၍ မရကြောင်း၊ ကျေးလက်စီးပွားရေး မြှင့်တင်ရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသ ကြီးဆင်းရဲ၊ ချမ်းသာကွာဟမှုကို လျှော့ချရေး ဆောင်ရွက်ရာတွင် ပြည်နယ်များကို ဦးစားပေး ဆောင်ရွက်နေကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘဏ်လုပ်ငန်းများနှင့် ငွေကြေးစီးဆင်းမှုများကို ပြည်သူလူထုယုံကြည်မှုရှိအောင် ဆောင်ရွက်နေမှု၊ အခွန်စနစ်အပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှု၊ မီဒီယာတုံ့ပြန်မှု လျင်မြန်အောင် ဆောင်ရွက်နေမှု၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားခွင့်ရအောင် ဆောင်ရွက်နေမှုအပါအဝင် နိုင်ငံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်းပေးခဲ့ပါသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ (၁/၂၀၂၁) အစည်းအဝေးကို မေ ၂၇ ရက်က ကျင်းပခဲ့ပြီး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားခဲ့သည်။ အစည်းအဝေးအပြီးတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက မိမိတို့ကော်မတီအနေဖြင့် ပြီးပြည့်စုံသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်စေရန် စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ပြီး စီမံချက်အပေါ်တွင် လက်တွေ့ဆောင်ရွက်ကြရမည့် ဌာနဆိုင်ရာများ၊ စစ်ဘက်၊ နယ်ဘက်များမှ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ စီမံချက်ပါအတိုင်း ဆောင်ရွက်နိုင်ရေးနှင့် လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုများတွင် ပြည်သူများ ပါဝင်လာစေသည်အထိ စည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ (၁/၂၀၂၁) အစည်းအဝေးကို မေ ၂၈ ရက်က ကျင်းပခဲ့ပြီး စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမျိုးသား စာရင်းအင်းဆိုင်ရာ မူဝါဒ (၆) ရပ်ကို မူလက ချမှတ်ခဲ့ကြောင်း၊ စာရင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီသည် ၂၀၁၃ ခုနှစ်ကပင် ဆောင်ရွက်လာခဲ့သည့် ကော်မတီဖြစ်သည့်အတွက် ရှိပြီးသားဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ရန်ကျန်ရှိသည့် အချက်အလက်များကို မြန်မြန်ဆန်ဆန် သွက်သွက်လက်လက်ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ စာရင်းများ တိတိကျကျကောက်ယူနိုင်ရန် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှသာ မိမိတို့နိုင်ငံ၏ စာရင်းဇယား အချက်အလက်များ မှန်ကန်ပြီး ရရှိသည့် စာရင်းဇယားများ အရည်အသွေးပြည့်ဝနေမည် ဖြစ်ကြောင်း၊ နိုင်ငံတကာ၏ ယုံကြည်စိတ်ချမှု၊ ပြည်သူများမှ သတင်းအချက်အလက်များအပေါ်တွင် အားကိုးဆောင်ရွက်မှု၊ ဗဟိုအဆင့် နိုင်ငံတစ်ဝန်းလုံး၏ အချက်အလက်များအား ကြည့်ရှု၍ လမ်းညွှန်မှုများ မှန်မှန်ကန်ကန်ဖြင့် ဆုံးဖြတ်နိုင်မည်ဖြစ်ပါကြောင်း ထည့်သွင်းဆွေးနွေးခဲ့ပါသည်။ စာမျက်နှာ ၁၀ သို့ ■

■ စာမျက်နှာ ၉ မှ

### နိုင်ငံတကာနှင့်ဒေသတွင်း ဆက်ဆံရေးအလေးထား

(၂၄) ကြိမ်မြောက် အာဆီယံ + ၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို မေ ၃ ရက်မှ ၅ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ ကိုဗစ်ကာလအတွင်း မြန်မာအစိုးရအနေဖြင့် စီးပွားရေးစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အစီအမံများကို အဆိုပါ အစည်းအဝေးအတွင်း တာဝန်ရှိသူများက ထည့်သွင်းပြောကြားနိုင်ခဲ့သည်ကို မြင်တွေ့ရသည်။



နေပြည်တော် မင်္ဂလာကန်တော်ပတ်လမ်းကို တွေ့ရစဉ်။

မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်အရ နေရပ်စွန့်ခွာသူများသည် ၎င်းတို့ဆန္ဒအရ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးနှင့် ၎င်းတို့၏ ရေရှည်ဘဝရပ်တည်ရေးတို့အပါအဝင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည့်အပြင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို မေ ၂၂ ရက်က မြင်တွေ့ရသည်။ တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေသော နေရပ်စွန့်ခွာသူများမှ အခက်အခဲအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်လိုသဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD/CHRD) ကော်မတီသို့ဆက်သွယ်၍ မိမိအစီအစဉ်ဖြင့် မိသားစုအလိုက် ပြန်လည်ဝင်ရောက်လာခဲ့ရာ ယနေ့အထိ စုစုပေါင်း ၇၉၀ စိစစ်လက်ခံခဲ့ပြီး တာဝန်ရှိသူများက နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC) များ စိစစ်ထုတ်ပေးခဲ့သည်ကို မြင်တွေ့ရသည်။

အာရှ – ပစိဖိတ် ပူးတွဲအဖွဲ့ (Asia Pacific Joint Group – AP JG) က မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti–Money Laundering and Countering the Financing of Terrorism–AML/CFT) လုပ်ငန်းစဉ်များအပေါ် အကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တိုးတက်ဆောင်ရွက်ချက်များ ဆွေးနွေးခြင်းဆိုင်ရာအစည်းအဝေးကို မေ ၁၁ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်၍ မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများ ဆွေးနွေးပြောကြားရာတွင် ငွေကြေးခဝါချမှုဆိုင်ရာအန္တရာယ်များကို နားလည်စေရေးအတွက် ကြီးကြပ်ရေးအာဏာပိုင်များနှင့် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခြင်း၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ (DNFBPs) အတွက် ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြုလမ်းညွှန်ချက် ထုတ်ပြန်ခြင်း၊ ပြည်ပငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများအား လိုင်စင်ထုတ်ပေးမှုနှင့် ကြီးကြပ်စစ်ဆေးရေးဆောင်ရွက်ထားရှိမှု၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ငွေကြေးခဝါချမှုဆိုင်ရာ ပြစ်မှုများအား စုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှုကျူး လွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများအား နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်း၊ အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့်အညီ ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် တိုးတက်ဆောင်ရွက်မှုများ နှစ်ဖက်အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။

**(၂၄) ကြိမ်မြောက် အာဆီယံ + ၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို မေလ ၃ ရက်မှ ၅ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ ကိုဗစ်ကာလအတွင်း မြန်မာအစိုးရအနေဖြင့် စီးပွားရေးစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အစီအမံများကို အဆိုပါအစည်းအဝေးအတွင်း တာဝန်ရှိသူများက ထည့်သွင်းပြောကြားနိုင်ခဲ့သည်ကို မြင်တွေ့ရ။**

(၄၉) ကြိမ်မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့ ဒါရိုက်တာအဖွဲ့ဝင်များ အစည်းအဝေးကို မေ ၂၄ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အစီရင်ခံစာတင်ပြခြင်း၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အရေးပါမှုကဏ္ဍ၊ ကြုံတွေ့နေရသည့်စိန်ခေါ်မှုများနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများက ညှိနှိုင်းအဖြေရှာဆွေးနွေးခဲ့ကြပါသည်။

### မြန်ပြည်တစ်လွှားဒေသများအထိ လိုအပ်ချက်များဖြည့်ဆည်းပေးနေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံခဲ့ပြီး မန္တလေးမြို့တော်ကြီး သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ စနစ်ကျနစေရေး၊ စိုက်ပျိုးရေးအထွက်နှုန်း မြင့်မားစေရေးစသည့် ကိစ္စရပ်များနှင့် လက်ရှိနိုင်ငံတော်၏ အခြေအနေများ၊ ပညာသင်ကြားရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။

တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော်ကို ကာကွယ်ရန်ဖြစ်ပြီး တပ်မတော်သားတိုင်း၏ စွမ်းရည်တိုးတက်မြင့်မားစေရေးအတွက် အတန်းပညာ၊ အတတ်ပညာများနှင့် ရာထူးအဆင့်နှင့်လျော်ညီသည့် လေ့ကျင့်မှုများကို သင်တန်းကျောင်းအသီးသီးတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်းနှင့် မိမိတို့တစ်ဦးချင်း၏ တာဝန်များကို ထမ်းဆောင်ရာတွင် စစ်သားကောင်းပီသစွာဖြင့် ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မေ ၁၇ ရက်တွင် ကျင်းပသည့် သပိတ်ကျင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် နယ်မြေခံတပ်မတော် တန်းမြင့်သင်တန်းကျောင်းမှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ပါသည်။

ထို့အတူ တပ်မတော်အနေဖြင့် ပြည်သူက ရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်ခိုင်မာမာဖြစ်စေရန် နိုင်ငံတော်၏တာဝန်များကို ဥပဒေနှင့်အညီ ခေတ္တတာဝန်ယူထမ်းဆောင်နေခြင်းဖြစ်သဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ဆင်ခြင်သုံးသပ်ပြီး နိုင်ငံတော်အတွက် မဖြစ်သင့်တာ မဖြစ်ရအောင် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်းနှင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မေ ၁၈ ရက်က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ပါသည်။

ထိုနေ့တွင်ပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ရှေးဟောင်းအမွေအနှစ်နယ်မြေဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော် ပရိဝုဏ်အတွင်းရှိ အမြောက်ပြတိုက်၊ မင်းတုန်းမင်းအုတ်ဂူ၊ ဒင်္ဂါးသွန်းစက်ရုံနှင့် မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့် အမရပူရမြို့နယ်ရှိ မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ မြစ်ငယ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြန်မာ့မီးရထားအထူးတွဲဖြင့် အမရပူရမြို့နယ်မြစ်ငယ်ဘူတာမှ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ရွာထောင်ဘူတာအထိ လိုက်ပါစီးနင်းခဲ့ကြသည်။


ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်ပြီး အစိုးရရုံးစိုက်ရာမြို့တော်ဖြစ်သည်နှင့်အညီ သန့်ရှင်းသာယာ သပ်ရပ်မှုတွင် စံပြဖြစ်နေရမည်ဖြစ်ကြောင်း မေ ၂၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နေပြည်တော် မင်္ဂလာကန်တော်ပတ်လမ်း တိုးချဲ့တည်ဆောက်မည့် အခြေအနေနှင့် ရာဇဌာနီလမ်း ကုက္ကိုတန်းရှေ့ အလှမြက်ခင်းစိုက်မည့်မြေနေရာပြုပြင်မှုအခြေအနေများ သွားရောက်ကြည့်ရှုစဉ် ပြောကြားခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား မေ ၃၁ ရက်က တွေ့ဆုံအမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ဆောင်ချက်များ၊ ရှေ့ဆက်သွားရမည့် မူဝါဒများကို ရှင်းလင်းပြောကြားခဲ့သည်ကို မြင်တွေ့ရပြီး အတူလိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများကလည်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍစသည့် ပြည်သူ့အကျိုးပြုကဏ္ဍများအတွက် ဆောင်ရွက်ပေးခဲ့ကြသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည်ဟုဆိုရာတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများသာမက နိုင်ငံတော်၏ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရေးအတွက် ထိန်းသိမ်းဆောင်ရွက်ခြင်းသည်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ခြင်းပင် ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာမှုများကို ကာကွယ်ပေးခြင်း၊ ကူညီဆောင်ရွက်ပေးခြင်း၊ ကပ်ရောဂါကြုံတွေ့နေရမှုများကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးခြင်းနှင့် မိမိလုပ်ငန်းတာဝန်များကို ကောင်းမွန်ကျေပွန်စွာ သစ္စာရှိရှိ တာဝန်ထမ်းဆောင်နေခြင်းသည်လည်း နိုင်ငံတော်ကို ကာကွယ်နေခြင်းပင်ဖြစ်ကြောင်း မေ ၃၁ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘားအံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ လက်နက်ခဲယမ်းဝယ်ယူမှု၊ ဖောက်ခွဲဖျက်ဆီးရေးဆောင်ရွက်မှုနှင့် စစ်သင်တန်းစေလွှတ်မှုတို့တွင် ညွှန်ကြားစေခိုင်းခဲ့သည့် သတင်းထုတ်ပြန်ချက်




**နေပြည်တော် ဇွန် ၁၃**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီ၏ စေခိုင်းချက်အရ ဘီးလင်းမြို့နယ်ရှိ KNU တပ်မဟာ(၅)နယ်မြေတွင် စစ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်ခဲ့ပြီး လက်နက်ခဲယမ်းဝယ်ယူရေးကိစ္စရပ်များအား ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည့် ငြိမ်းချမ်း(ခ) ခိုင်ကိုမွန်နှင့် ရွှန်းစိမ့်စိမ့်တို့အား မရမ်းကုန်းမြို့နယ်တွင် ၂၀၂၁ ခုနှစ်၊ မေ ၁၃ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

**သင်တန်းတက်ရောက်ခဲ့**

ငြိမ်းချမ်းသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)မှ ထွန်းအောင်ကျော်၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၁ ခုနှစ်၊ မတ်လခန့်တွင် ရွှန်းစိမ့်စိမ့်နှင့်အတူ ဘီးလင်းမြို့နယ်ရှိ KNU တပ်မဟာ(၅)နယ်မြေတွင် စစ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်ခဲ့ကြောင်း၊ ထို့အပြင် စစ်သင်တန်းတက်ရောက်လိုသူ ၈ ဦးကိုလည်း ဘီးလင်းမြို့နယ်ရှိ KNU တပ်မဟာ(၅) နယ်မြေသို့ ပို့ဆောင်စေလွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

**စိစစ်တွေ့ရှိရ**

၂၀၂၁ ခုနှစ်၊ ဧပြီလ တတိယပတ်ခန့်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ သိန်းနိုင်(တောင်ဒဂုံမြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)က လက်နက်ခဲယမ်းများဝယ်ယူရန်အတွက် ၎င်း၏ လူယုံ နေမျိုး(ခ)ချာလီမှတစ်ဆင့် ငြိမ်းချမ်းထံသို့ ချိတ်ဆက်လာခဲ့ကြောင်း၊ အဆိုပါ လက်နက်ခဲယမ်းများ ဝယ်ယူရန်အတွက် အမျိုးသားတစ်ဦး(စိစစ်ဆဲ)နှင့် သိန်းနိုင်တို့အား တရားခံ ၂ ဦးတို့က ချိတ်ဆက်၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သိန်းနိုင်သည် တောင်ဒဂုံမြို့နယ်တွင် အကြမ်းဖက်လုပ်ငန်းများနှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများအား စီစဉ်ဆောင်ရွက်နေသူဖြစ်ကြောင်း ၎င်း၏ လူယုံဖြစ်သူ နေမျိုး(ခ)ချာလီ၏ ပြောကြားမှုကြောင့် သိရှိခဲ့ရကြောင်း၊ ထို့အပြင် သိန်းနိုင်သည် တောင်ဒဂုံမြို့နယ်မှ လူငယ်အချို့အား စစ်သင်တန်း တက်ရောက်စေရန်နှင့် တောင်ဒဂုံမြို့နယ်တွင် ဖောက်ခွဲရေးသင်တန်းဖွင့်လှစ်ရန်အတွက် ငြိမ်းချမ်းထံသို့ ချိတ်ဆက်ခဲ့ဖူးကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ဖောက်ခွဲဖျက်ဆီးမှုဖြစ်စဉ်များတွင် အဓိကညွှန်ကြားနေသူမှာ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG မှ တရားခံပြေး ရည်မွန်(ခ)တင်သစ် (NLD ပါတီ၏ ပုဗ္ဗသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း) ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

**အဓိကစီစဉ်ဆောင်ရွက်ပေးနေ**

သို့ဖြစ်ပါ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ တရားခံပြေး ရည်မွန်(ခ) တင်သစ်နှင့် သိန်းနိုင်(NLD ပါတီ၏ တောင်ဒဂုံမြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)တို့သည် လက်နက်ခဲယမ်းဝယ်ယူရန်၊ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများဆောင်ရွက်ရန်၊ လူငယ်များအား စစ်သင်တန်းတက်ရောက်ရန်အတွက် အဓိက စီစဉ်ဆောင်ရွက်ပေးနေသူများဖြစ်ကြောင်း စိစစ်ဖော်ထုတ် သိရှိရသည်။

**သတင်းစဉ်**

# လိုင်ဇာရှိ KIA လက်နက်ကိုင်အဖွဲ့ဌာနချုပ်သို့ စစ်သင်တန်းစေလွှတ်မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ ညွှန်ကြားစေခိုင်းခဲ့သည့် သတင်းထုတ်ပြန်ချက်


**နေပြည်တော် ဇွန် ၁၃**

လိုင်ဇာရှိ KIA လက်နက်ကိုင်အဖွဲ့ဌာနချုပ်သို့ စစ်သင်တန်းစေလွှတ်ခဲ့မှု၊ ဖောက်ခွဲရေးပစ္စည်းများပြုလုပ်ရာ၌ ပါဝင်မှုတို့နှင့်ဆက်စပ်၍ အောင်ခန့်(ရွှေသီဟဆန်စက်ပိုင်ရှင်၊ ရွှေဘိုမြို့နေထိုင်သူ)အား မေ ၂၁ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

**ဆွေးနွေးခဲ့**

မေ ၁၆ ရက်တွင် နိုင်ငံတော်မှ အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG မှ တရားခံပြေး ဇော်ဝေစိုးအပါအဝင် ၄၀ ခန့်ဖြင့် ပြုလုပ်သောအစည်းအဝေးသို့ အောင်ခန့်မှ ပါဝင်တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် မြင့်ထွေး (ရေဦးမြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ အေးမြတ်မွန် (မြောင်မြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ ခင်မွှေးလွင် (မင်းကင်းမြို့နယ်၊ အမှတ်-၁ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ နိုင်အောင် (ဝက်လက်မြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဟောင်း)တို့ တက်ရောက်ခဲ့ကြကြောင်း၊ အဆိုပါ အစည်းအဝေး၌ People's Defense Force (PDF)ကိစ္စရပ်များနှင့် တိုက်ပွဲဖြစ်ပွားပါက ဒဏ်ရာရရှိသူများ ကုသပေးရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် မေ ၁၈ ရက်တွင် အောင်ခန့်အပါအဝင် ခင်မွှေးလွင် (မင်းကင်း မြို့နယ်၊ အမှတ်-၁ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)နှင့် အေးချမ်း (စစ်ကိုင်းတိုင်းဒေသကြီး၊ လဝကဝန်ကြီးဟောင်း မိုးကျော်သူ၏တပည့်)၊ ဆရာတော်တစ်ပါး၊ ကျော်သူဟန်ထွန်း (၂၀၁၅ ခုနှစ်၊ ကန့်ဘလူမြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ နေဇင်လတ်(ကန့်ဘလူမြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)နှင့် ကျန် ၃ ဦး၊ စုစုပေါင်း ၉ ဦးခန့်ဖြင့် Sagaing People Defence Force-SPDF ခေါင်းစဉ်ဖြင့် Zoom Meeting အစည်းအဝေး ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ အစည်းအဝေးတွင် ခင်မွှေးလွင်မှ လိုင်ဇာရှိ KIA လက်နက်ကိုင်အဖွဲ့ဌာနချုပ်သို့ သွားရောက်၍ လက်နက်များတောင်းရန် ဆုံးဖြတ်ခဲ့ပြီး လူငယ်များအား စစ်သင်တန်းစေလွှတ်ရန် အေဇင်လတ် (ရွှေဘိုမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်ဟောင်း)မှ ဦးဆောင်၍ စီစဉ်စေလွှတ်ပေးခဲ့ကြောင်း သိရှိရသည်။




**အဓိကညွှန်ကြားစေခိုင်းခဲ့**

သို့ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် Sagaing People Defence Force-SPDF အား ဖွဲ့စည်းရေး၊ လိုင်ဇာရှိ KIA လက်နက်ကိုင်အဖွဲ့ဌာနချုပ်နှင့် ချိတ်ဆက်သင်တန်းတက်ရောက်ရေး၊ လက်နက်/ ခဲယမ်းရရှိရေးကိစ္စရပ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ NLD ပါတီမှ လွှတ်တော်ကိုယ်စားလှယ်ဟောင်းများဖြစ်ကြသည့် ခင်မွှေးလွင်၊ နေဇင်လတ်၊ အေဇင်လတ်၊ ကျော်သူဟန်ထွန်း၊ နိုင်အောင်၊ မြင့်ထွေး၊ အေးမြတ်မွန်တို့က အဓိကညွှန်ကြားစေခိုင်းခဲ့ကြောင်း စိစစ်ဖော်ထုတ် သိရှိရသည်။

**သတင်းစဉ်**

# အိုလံပစ်အားကစားပြိုင်ပွဲကျင်းပရေးအတွက် ထောက်ခံကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ပြောကြား



**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲနှင့် ပါရာလံပစ်အားကစားပြိုင်ပွဲ ကျင်းပရေးအတွက် ထောက်ခံအားပေးလျက်ရှိပါကြောင်း ဂျပန်ဝန်ကြီးချုပ်ဆူဂါအား ပြောကြားသည်။

ဂျိုးဘိုင်ဒင်နှင့် ဆူဂါတို့သည် ဗြိတိန်နိုင်ငံ ကွန်ဝေါမြို့၌ ကျင်းပသည့် ဂျီ- ၇ ထိပ်သီးအစည်းအဝေးတက်ရောက်စဉ် ယမန်နေ့က သီးခြားတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ဂျပန်အစိုးရက အိုလံပစ်အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို သေချာစွာ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သို့မှသာ အားကစားသမားများ ဘေးကင်းလုံခြုံစွာ ယှဉ်ပြိုင်ကစားနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဆူဂါက ဆိုသည်။

အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုကို အသိအမှတ်ပြုပါကြောင်းနှင့် ထောက်ခံအားပေးလျက်ရှိကြောင်း ဂျိုးဘိုင်ဒင်က ပြောကြားသည်။ အိုလံပစ်အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်ပြီး ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အိုလံပစ်အားကစားပြိုင်ပွဲကျင်းပရန် ပြင်းပြသောဆန္ဒရှိကြောင်း ဖော်ပြသည့် ပူးတွဲကြေညာချက်ကို ဂျီ-၇ ခေါင်းဆောင်များက ထုတ်ပြန်သင့်ကြောင်း ဝန်ကြီးချုပ်ဆူဂါက ဆိုသည်။

အဆိုပါ ကြေညာချက်ထွက်ပေါ်လာရန် ဂျိုးဘိုင်ဒင်နှင့် ဝန်ကြီးချုပ်ဆူဂါတို့က အခြားသော ခေါင်းဆောင်များအား တိုက်တွန်းပြောကြားခဲ့ကြသည်။

ထို့ပြင် ပွင့်လင်းမြင်သာသော အင်ဒို-ပစိဖိတ်ဒေသထွက်ပေါ်လာရေးတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ အခန်းကဏ္ဍသည် အရေးပါကြောင်း ခေါင်းဆောင်နှစ်ဦးက ထပ်လောင်းအတည်ပြုကြသည်။

အလားတူ ဂျပန်ဝန်ကြီးချုပ်ဆူဂါနှင့် ပြင်သစ်သမ္မတမက်ခရွန်တို့သည်လည်း လုံခြုံရေး၊ နည်းပညာနှင့် မြောက်ကိုရီးယားအရေးတို့တွင် နှစ်နိုင်ငံ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးတို့သည် ဗြိတိန်နိုင်ငံ၌ ကျင်းပသည့် ဂျီ-၇ ထိပ်သီးအစည်းအဝေး၏ ဒုတိယနေ့ အစည်းအဝေးပြီးနောက် တစ်နာရီခွဲခန့်အကြာ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ တွေ့ဆုံစဉ် အင်ဒို-ပစိဖိတ်ဒေသတွင် ပြင်သစ်နိုင်ငံ၏ စစ်ဘက်သုံးရေယာဉ်များ ဖြန့်ကြက်မှုအားကောင်းလာခြင်းကို ကြိုဆိုပါကြောင်း ဂျပန်ဝန်ကြီးချုပ်ဆူဂါက ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ်ဆူဂါနှင့် ပြင်သစ်သမ္မတမက်ခရွန်တို့သည် ဒေသတွင်း ကိစ္စရပ်များအပါအဝင် စွမ်းအင်နှင့် အခြားသောအဆင့်မြင့်နည်းပညာနယ်ပယ်များ၌လည်း မိတ်ဖက်ဖြစ်မှုကို တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

ထို့ပြင် လာမည့်လတွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် တိုကျိုအိုလံပစ်နှင့် ပါရာလံပစ် အားကစားပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားသို့ ပြင်သစ်သမ္မတမက်ခရွန် တက်ရောက်ရန် စီစဉ်ထားခြင်းကိုလည်း ကျေးဇူးတင်ရှိကြောင်း ဂျပန်ဝန်ကြီးချုပ်ဆူဂါက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၅ ဒသမ ၀၃ သန်းကျော်ရှိ

**အဒစ်အဘာဘာ ဇွန် ၁၃**

အာဖရိကတိုက်၌ ဇွန် ၁၃ ရက်မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၅၀၃၂၁၅၇ ဦး ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။ အာဖရိကသမဂ္ဂအဖွဲ့ဝင် ၅၅ နိုင်ငံ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသော အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ လက်ရှိတွင် အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၃၄၅၆၄ ဦး ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၄၅၁၄၃၃၈ ဦး ရှိကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာကပြောကြားသည်။

လက်ရှိတွင် တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၇၃၉၄၂၅ ဦး ရှိကြောင်းနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၅၂၃၆၂၀ ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## တရုတ်နိုင်ငံက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အာဖဂန်နစ္စတန်နိုင်ငံသို့ လွှဲပြောင်းပေးအပ်

**ကဘူးလ် ဇွန် ၁၃**

တရုတ်နိုင်ငံက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၂ ရက်က မြို့တော်ကဘူးလ်ရှိ အာဖဂန်နစ္စတန်သမ္မတနန်းတော်၌ ပြုလုပ်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ အာဖဂန်နစ္စတန်သမ္မတဂါနီ၊ ပြည်သူ့ကျန်းမာရေးဝန်ကြီးဝါဟစ်မာရူး၊ အာဖဂနစ္စတန် အစိုးရအဖွဲ့မှ ထိပ်တန်း တာဝန်ရှိသူများနှင့် အာဖဂန်နစ္စတန် နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ယုတို့ တက်ရောက်ကြသည်။

စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အသွင်းပြောင်း ဆက်ဆံရေးအပါအဝင် အာဖဂန်နစ္စတန်-တရုတ်တို့၏ နယ်ပယ်အသီးသီးတွင် ဆက်ဆံရေးတိုးမြှင့်လာခြင်းကို ကြိုဆိုပါကြောင်းနှင့် တရုတ်နိုင်ငံ၏ ဆေးဘက်ဆိုင်ရာ အထောက်အပံ့များနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လှူဒါန်းမှုများသည် အာဖဂန်နစ္စတန်နိုင်ငံ၏ ကိုဗစ်-၁၉ရောဂါတိုက်ဖျက်ရေးကို အကူအညီ ဖြစ်စေမည် ဖြစ်ကြောင်း အာဖဂန်သမ္မတဂါနီက ပြောကြားသည်။

တရုတ်နိုင်ငံ အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ရေး အာဖဂန်နစ္စတန်နိုင်ငံအားအထောက်အပံ့များ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း အာဖဂန်နစ္စတန်ဆိုင်ရာ တရုတ်သံအမတ်ဝမ်ယုက ပြောကြားသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံ အစိုးရနှင့် ပြည်သူများအား ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် ဆက်လက်အထောက်အပံ့ပေးသွားမည်ဖြစ်ကြောင်းလည်း တရုတ်သံအမတ်ဝမ်ယုက ပြောကြားသည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ငါးသန်းကျော်ရှိလာ

**မော်စကို ဇွန် ၁၃**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၇၂၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၅၂၀၈၆၈၇ ဦးအထိ ရှိလာပြီဖြစ်သည်။

အဆိုပါထပ်မံကူးစက်ခံရသူ အရေအတွက်သည် ဖေဖော်ဝါရီ ၁၃ ရက်မှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော တစ်ရက်အတွင်း ၃၅၇ ဦး ထပ်မံသေဆုံးခဲ့ရာအဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၆၄၃၀ ရှိလာခဲ့ပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော တစ်ရက်အတွင်း လူနာ ၉၁၆၆ ဦး ရောဂါမှ ပြန်လည် သက်သာလာခဲ့သည့်အတွက် ဆေးရုံများမှ ပြန်လည် ဆင်းသွားခဲ့ရာ ကျန်းမာရေး ပြန်လည် ကောင်းမွန်လာသူပေါင်း ၄၈၀၁၃၃၅ ဦး ရှိပြီဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည့် မြို့တော်မော်စကို၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၇၀၄ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၂၃၄၇၁၇ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၃၂၇၃၄၂၁၃ ခန့် ထိုးနှံပေးပြီးဖြစ်ကြောင်း တရားဝင်ကိန်းဂဏန်း များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၀၈၃၄ ဦးရှိ

**နယူးဒေလီ ဇွန် ၁၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၀၈၃၄ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၉၄၃၉၉၈၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃၀၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၇၀၃၈၄ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တစ်သိန်းအောက် လျော့ကျခဲ့သည်မှာ ရှစ်ရက်ဆက်တိုက်ရှိသွားပြီဖြစ်ကြောင်းနှင့် ဧပြီလနှင့်မေလအတွင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု လေးသိန်းဝန်းကျင်ရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၀၂၆၁၅၉ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၃၂၀၆၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၂၈၀၄၃၄၄၆ ဦးရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၃ သန်းကျော်ရှိလာ



**မနီလာ ဇွန် ၁၃**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၃၀၂ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၃၁၅၆၃၉ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ယနေ့ပြောကြားသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၃၇ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၂၇၈၈ ဦးရှိလာခဲ့ပြီဖြစ်သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၁၃ သန်းကျော်အား ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်သည်။

ယခုနှစ်မကုန်မီ ပြည်သူ သန်း ၇၀ အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ရမည်ဟု ဖိလစ်ပိုင်အစိုးရက စီစဉ်ထားသည့်အတွက် နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်များကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၁ ဒသမ ၆၈ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်သည်။

နိုင်ငံ၏စီးပွားရေး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန်ရည်ရွယ်သည့်အနေဖြင့် လွန်ခဲ့သောရက်သတ္တပတ်မှစပြီး အလုပ်သမားများအား ကာကွယ်ဆေးစတင်ထိုးနှံပေးလျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၈၆၂၇၂ ရှိလာ

**ရီယိုဒီဂျနေးရိုး ဇွန် ၁၃**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၀၃၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၄၈၆၂၇၂ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၈၇၀၀ ရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၇၃၇၄၈၁၈ ဦး ရှိလာကြောင်း သိရသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နောက်တွင် တတိယအများဆုံး နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ လူဦးရေ အများဆုံး ပြည်နယ်ဖြစ်သည့် ဆော်ပေါ်လို ပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု အများဆုံးဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၄၄၉၅၇၇ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၇၈၈၇ ဦးရှိကြောင်းနှင့် ဆော်ပေါ်လိုပြည်နယ်၏ နောက်တွင် ရီယိုဒီဂျနေးရိုးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၉၀၅၂၂၉ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၂၉၂၇ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူ ၇၇ ဒသမ ၄ သန်းရှိပြီး ယင်းတို့အနက် ၅၃ ဒသမ ၈ သန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူများဖြစ်ကြောင်းနှင့် ၂၃ ဒသမ ၆ သန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူများဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်





# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၃၀၄ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဇွန် ၁၃**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၃၀၄ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၅၇၅၀၈ ဦးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အဆိုပါကူးစက်ခံရသူများအနက် ငါးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၅၂၉၉ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူဟစ်ဟမ်အဗ်ဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၆၄ ဦးထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၉၀၈ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်လူနာ ၈၁၆၃ ဦးရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၅၈၀၂၇၆ ဦး (၈၈ ဒသမ ၃ ရာခိုင်နှုန်း) ရှိပြီဖြစ်သည်။

လက်ရှိပိုးတွေ့ဆဲလူနာ ၇၃၃၂၄ ဦးရှိပြီး ယင်းတို့အနက် ၉၁၇ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူနေရသည်။ ၎င်းတို့အနက် ၄၅၂ ဦးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများတပ်ဆင်ထားရကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၁၇၆၄၈၉၆၁၅ ဦး | ၃၈၁၂၂၇၉ ဦး | ၁၆၀၄၆၃၄၅၁ ဦး |

# အကြမ်းဖက်သောင်းကျန်းသူများ၏ မီးရှို့သတ်ဖြတ်ခြင်းခံရသော မင်းတပ်မြို့နယ် တွီဒိန်ကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာဇောတ၏ ရုပ်အလောင်းအား ပြန်လည်တွေ့ရှိ

**နေပြည်တော် ဇွန် ၁၃**

ချင်းပြည်နယ် မင်းတပ်မြို့နယ် တွီဒိန်ကျေးရွာရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ပညာဇောတသည် ဇွန် ၇ ရက်က ဟားခါးမြို့၌ ကျင်းပမည့် အစိုးရပထမပြန် စာမေးပွဲ ဖြေဆိုရန်အတွက် ဇွန် ၄ ရက်တွင် ကျောင်းပိုင် Nissan Note မော်တော်ယာဉ်ဖြင့် တစ်ပါးတည်းထွက်ခွာခဲ့ပြီး ပျောက်ဆုံးလျက်ရှိသဖြင့် လုံခြုံရေးအဖွဲ့များက မြေပြင်သတင်းအား ဆက်လက်ဖော်ထုတ်ခဲ့သည်။

ဆရာတော်အား မင်းတပ် - မတူပီ လမ်းပိုင်းတွင် အကြမ်းဖက်



သောင်းကျန်းသူများက မီးရှို့သတ်ဖြတ်ခဲ့ကြောင်း သတင်းများရရှိသဖြင့် ဇွန် ၁၁ ရက်တွင် တောင်ပုလုကျောင်းတိုက်မှ ကပ္ပိယ ဦးလိန်းလောနှင့် ဒေသခံပြည်သူများက ဖြစ်စဉ်အတည်ပြုနိုင်ရေး သွားရောက်ရှာဖွေခဲ့ရာ ၂၇ မိုင် ၇ ဖာလုံခန့်တွင် လမ်း၏ ဘယ်ဘက် ပေ ၅၀၀ ခန့်အကွာရှိ တောအတွင်း၌ မီးရှို့ခံထားရသည့် ခန္ဓာကိုယ်ပုံသဏ္ဌာန်နှင့် ဆရာတော်၏ မော်တော်ယာဉ်အား တွေ့ရှိခဲ့ရပြီး ဆရာတော် သတ်ဖြတ်ခံရမှု အခြေအနေအား မြေပြင်အတည်ပြုနိုင်ခဲ့သည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်နေသည့် အပြစ်မဲ့ရဟန်းတစ်ပါးအား အကြမ်းဖက်သတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ တရားခံများအား ဖမ်းဆီးရမိနိုင်ရေး မင်းတပ်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အပြစ်မဲ့အရပ်သားများကို သတ်ဖြတ်မှုများအပြင် ယခုကဲ့သို့ သံဃာတော်များကိုပါ ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှုလုပ်ဆောင်လာပြီး မည်သို့မှလက်ခံနိုင်ဖွယ်ရာမရှိသည့် အကြမ်းဖက်လုပ်ရပ်များအဖြစ်သို့ ကူးပြောင်းလာသည့်အတွက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ချင်းပြည်နယ် ပညာရေးဦးစီးဌာနအတွက် ပေးပို့သော ကျောင်းသုံးပုံနှိပ်စာအုပ်များအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇွန် ၁၃**

၂၀၂၂ ခုနှစ် ဇွန်လ (ပထမပတ်) အတွင်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)က ပေးပို့သော ဟားခါးခရိုင် ပညာရေးဦးစီးဌာန အတွက် (KG)တန်းမှ (Grade-4)တန်း အထိ ကျောင်းသုံးပုံနှိပ်စာအုပ် ၁၂၇၇၉၇ အုပ် တင်ဆောင်သွားသည့် ကုန်တင်ယာဉ် နှစ်စီးအား ရွှာဇန်းကျေးရွာအနီး ဂန့်ဂေါ-ဟားခါးသွား ကားလမ်း မိုင်တိုင် ၃၅ နှင့် ၄၀ အကြားတွင် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူ အင်အားစုများက တားဆီးထိန်းသိမ်းခဲ့ပြီး ယာဉ်ပေါ် တင်ဆောင်လာသော ကျောင်းသုံးပုံနှိပ်စာအုပ်များအား ယာဉ်ပေါ်မှချထားခိုင်းကာ ယာဉ်များအား နောက်ကြောင်းသို့ ထွက်ခွာစေခဲ့ကြောင်း သိရသည်။



အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ ပုံနှိပ်စာအုပ်ထုပ်များ ချထားခဲ့သည့်နေရာတွင် မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရှိခဲ့ရသည်။

ချင်းပြည်နယ်အတွင်းရှိ ကလေးငယ်များ ပညာတတ်မြောက်စေရေးအတွက် ကျောင်းဖွင့်ရာသီအတွင်း နိုင်ငံတော်အစိုးရက စီမံမှုဆောင်ရွက်ပေးနေစဉ် အစွန်းရောက် လက်နက်ကိုင် အဖွဲ့အစည်းများ၏ အသိဉာဏ်မဲ့ ရက်စက်ယုတ်မာစွာ ဆောင်ရွက်ခဲ့မှုကြောင့် ချင်းပြည်နယ်အတွင်းရှိ ကလေးငယ်များအတွက် နစ်နာမှုဖြစ်ပေါ်ခဲ့ရကြောင်း သိရှိရသည်။

ရဲပြန်ကြား

# မြန်အောင်မြို့နယ် အိုးလည်ပင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား ဖျက်ဆီး၍ ကျောင်းခြံဝင်းတံခါး၌ ခြိမ်းခြောက်စာရေးသားထားသည့် ဗီနိုင်းများကပ်ခဲ့သူအား အမှုဖွင့်



ထိန်လင်းဦး

**နေပြည်တော် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အစယ်ကျေးရွာအုပ်စု အိုးလည်ပင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား မေ ၂၄ ရက် ည ၁၀ နာရီခန့်တွင် ကျောင်းဝင်းတံခါးအားဖျက်၍ ကျောင်းဝင်းအတွင်းဝင်ရောက်ကာ ကျောင်းအတွင်းရှိ လက်ဆေးဘေစင် လေးခုနှင့် သောက်ရေသန့်စတီးရေစင်တို့ကို ဖျက်ဆီးခဲ့ပြီး ကျောင်းခြံဝင်းတံခါး၌ ခြိမ်းခြောက်စာရေးသားထားသည့် ဗီနိုင်းများကပ်ခဲ့သည့် အဆိုပါကျေးရွာနေ ထိန်လင်းဦး (ဘ)ဦးလှကိုအား ဇွန် ၁၂ ရက်တွင် ထူးကြီးမြို့ အမှတ်(၁) ရပ်ကွက် သမာဓိလမ်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ စာသင်ကျောင်းအား ဖျက်ဆီး၍ ခြိမ်းခြောက်စာရေးသားထားသည့် ဗီနိုင်းများကပ်ခဲ့သူအား သက်ဆိုင်ရာနယ်မြေရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က/ ၄၂၇/၁၁၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၆-၂၀၂၂ တနင်္လာနေ့

### MRTV

- **၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** ရာဇဝင်ထဲကသမိုင်းအနုပညာ
- **၀၉:၁၀** မွေးမြူရေးရာအဖြာဖြာ **'ဝံပြေရချိုပုစွန်မွေးမြူရေး'**
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၄၅** ရုပ်မြင်သံကြားဇာတ်လမ်း **'ငွေးသစ္စာ'**
- **၁၂:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ'** (အပိုင်း-၉၀)
- **၁၃:၁၀** MRTV National News
- **၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'သင်္ချာဘာသာရပ်'**
- **၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- **၁၇:၀၅** This Week's Special Interest
- **၁၇:၃၅** ကျန်းမာရေးမဂ္ဂဇင်း **'ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ'**
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၁၀** မြိတ်မြို့မှ ရေလုပ်ငန်းအတွက် အားထားရာ လွန်းကျင်းဆီသို့
- **၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားငေါ်ဆောင်ရာ'** (အပိုင်း-၁)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှတ်ဆိုးမလေးရဲ့ကိုယ်ရံတော်'** (အပိုင်း-၅)

### mitv

- **07:01** News
- **07:27** Lines & Wash Painting
- **07:34** Shrinking Footprints
- **08:01** Myanmar Masterclass: Artist Pann Kyi
- **08:12** Weaving Craft for a Living
- **08:25** The World of Maha Gita
- **09:01** A Bike Ride in pursuit of Mural Art (Episode-2)
- **09:19** Finding Ways for Coexistence between People and Elephants
- **09:33** Discovering Tribes
- **10:23** Today Myanmar: The Art of Making Lacquerware in Bagan
- **10:32** Let's Taste Delicious Insects: Pounded Cicada Curry, Grasshopper Curry
- **10:47** Myanmar Orchestra: A Blend of Arts!
- **11:23** Ancient Shwe-San-Taw Pagoda

### MRTV NKC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
လှပသောအင်းတော်ကြီးအိုင်နှင့်အနီးဝန်းကျင်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ရှုမြင်စေချင်ကော်ယော်(မိုနု)တို့ရဲ့ဓလေ့အသွင်

**ဝကော်ကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၀)

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
တရင်စကားပုံများအကြောင်း(အပိုင်း-၂)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဖားပုတောင်ပေါ်မှလှပသောမြင်ကွင်းတစ်ခွင်

**ချင်း (လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
တင်ဆာရောဂါအဖြေရှာ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
လခြမ်းမြေမှ ရိုးရာအလှ(အပိုင်း-၂)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၁)

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
လွယ်မွေမြို့သို့အလည်တစ်ခေါက်

### MRTV Sports


- **၀၆:၀၀** အဖွင့်
- **၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၁၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel
ကို
နေ့စဉ် နံနက် (၆:၀၀)နာရီမှ
ည (၁၀:၀၀)နာရီထိ၊
Education Channel
ကို
စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ
ညနေ(၆:၀၀)နာရီထိ
ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ CDM ပြုလုပ်ပြီး အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အား ဆက်သွယ်ကူညီနေသော ဒေါက်တာထားထားလင်း၊ ဒေါက်တာမောင်မောင်ငြိမ်းထွန်းနှင့် ဒေါက်တာဆွေဇင်ဦးတို့အား ဖမ်းဆီးအရေးယူဆောင်ရွက်နေသည့် သတင်းထုတ်ပြန်ချက်

**တရားခံပြေး ဒေါ်ဝေစိုးနှင့် တရားခံ ဒေါက်တာထားထားလင်းတို့၏ လက်အောက်ခံ ကျန်းမာရေးလှုပ်ရှားမှုအဖွဲ့များ ဆက်နွယ်မှု Diagram**




**နေပြည်တော် ဇွန် ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်း ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်မှ စ၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် အဆက်အသွယ် ဖြတ်ကာ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း လက်ကျန်ငွေကျပ် ၁၆၁ ဒသမ ၁၉၈ သန်းအား ငွေစာရင်းရှင်းလင်းခြင်းမရှိဘဲ CDM ဝန်ထမ်း အဖြစ် ခံယူသွားခဲ့သူဖြစ်ပါသည်။ ထို့ကြောင့် ဒေါက်တာထားထားလင်း အား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ဥတ္တရသီရိမြို့နယ်၊ ဘုရား ကုန်းမြို့မ ရဲစခန်းမှ (ပ)၁၁/၂၀၂၁၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီးနောက် ဆက်လက်ရှာဖွေစုံစမ်းခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက် နဝဒေးလမ်း ဘေးတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

တရားခံ ဒေါက်တာထားထားလင်း၏ ထွက်ဆိုချက်အရ ၎င်းသည် CDM ဆရာဝန်အဖြစ်ခံယူလုပ်ဆောင်ခဲ့သည့်အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ၎င်းနှင့်အတူ တာဝန်ထမ်းဆောင်ခဲ့သော CDM ဆရာဝန်များနှင့်ဝန်ထမ်းများကို ဆက်သွယ်စည်းရုံး၍ CDM လှုပ်ရှား သူများ ပင်မအုပ်စု(CDMer Core Group)ကို ဖွဲ့စည်းပြီးနောက် မတရား အသင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် NUG နှင့် ပေါင်းစပ်လှုပ်ရှားခဲ့ကြောင်း သိရှိရသည်။

မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ ကျန်းမာရေးဝန်ကြီးအဖြစ်ခံယူထားသော တရားခံပြေး ဒေါ်ဝေစိုးသည် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် Signal Application မှတစ်ဆင့် ဒေါက်တာထားထားလင်းအား အဆက်အသွယ်ပြုလုပ်ကာ လုပ်ပေးနိုင် သမျှကူညီပေးရန် စတင်ဆက်သွယ်ပြောဆိုလာခဲ့ကြောင်း၊ ယင်းနောက် တရားခံပြေး ဒေါ်ဝေစိုးသည် ၎င်းအား Zoom Meeting ဖြင့် မကြာခဏ ချိတ်ဆက်ကာ CDM ဝန်ထမ်းများအတွက် အားပေးစကားမိန့်ခွန်း ရေးသားပေးရန် အကူအညီတောင်းခံသည့်အတွက် မိန့်ခွန်းရေးသား ပေးပို့ခဲ့ကြောင်း၊ NUG ၏ ကျန်းမာရေး လုပ်ငန်းစဉ်အတွက် Program များ ရေးသားပေးရန်စေခိုင်းခဲ့သဖြင့် ဆောင်ရွက်ပေးခဲ့ရကြောင်း၊ Zoom Meeting အတွက် သတင်းအချက်အလက်နှင့် ဇယားကားချပ်များ ပြင်ဆင်ပေးခဲ့ရကြောင်း သိရှိရသည်။

တရားခံပြေး ဒေါ်ဝေစိုးသည် NUG ၏ ကျန်းမာရေးလုပ်ငန်းစဉ် အတွက် ကုသပေးရမည့်ဆေးဝါးစာရင်းပြုစုခြင်း၊ လူဦးရေနှင့်ဆေးဝါး လိုအပ်ချက်တွက်ချက်ပေးခြင်း၊ ကုန်ကျစရိတ်တွက်ချက်ပေးခြင်းတို့ ကို ဒေါက်တာထားထားလင်းအား တာဝန်ပေးစေခိုင်းခဲ့ပြီး တစ်နိုင်ငံလုံး အကြမ်းဖက်လှုပ်ရှားမှုနှင့် ဆက်စပ်ဖြစ်ပေါ် လာမည့် ကုသရေးအသုံး စရိတ် ၆ လစာအတွက် အမေရိကန်ဒေါ်လာ ၈ သန်းဖြင့် တွက်ချက်စေခဲ့ ကြောင်း၊ ၎င်းကျန်းမာရေးအထောက်အပံ့လိုအပ်ငွေ အမေရိကန်ဒေါ်လာ ၈ သန်းအား နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများထံမှ Grant Proposal တင်ပြ တောင်းခံသုံးစွဲသွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

တရားခံပြေး ဒေါ်ဝေစိုးသည် ၎င်း၏ ကွပ်ကဲမှုအောက်တွင် ဒေါက်တာ ထားထားလင်း အား Public Health Team အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးထားပြီး အဆိုပါ Public Health Team တွင် ဒေါက်တာ ထားထားလင်းအပါအဝင် ယခင်ကျန်းမာရေးဝန်ကြီးဌာနမှ CDM ဝန်ထမ်း များအဖြစ် ထွက်ပြေးတိမ်းရှောင်နေသော ဆရာဝန် ၁၂ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းထားကြောင်း သိရှိရသည်-

( ၁ ) ဒေါက်တာထားထားလင်း(အဖွဲ့ခေါင်းဆောင်)
ညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ နေပြည်တော်။

( ၂ ) ဒေါက်တာခင်ငြိမ်းချမ်း(အဖွဲ့ဝင်)
လက်ထောက်ကထိကဟောင်း၊ ဆေးတက္ကသိုလ်(မကွေး)။

( ၃ ) ဒေါက်တာမိုးကျော်သူ(အဖွဲ့ဝင်)
မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဟောင်း၊ ဘီးလင်းမြို့။

( ၄ ) ဒေါက်တာသူဇာချစ်တင်(အဖွဲ့ဝင်)
ပြည်နယ်ကုသရေးဦးစီးဌာနမှူးဟောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့။

( ၅ ) ဒေါက်တာမျိုးမျိုးမွန်(အဖွဲ့ဝင်)
ဒုတိယညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ နေပြည်တော်။

( ၆ ) ဒေါက်တာအောင်စိုးထက်(အဖွဲ့ဝင်)
ဒုတိယညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ နေပြည်တော်။

( ၇ ) ဒေါက်တာထူးမြင့်ဆွေ(အဖွဲ့ဝင်)
လက်ထောက်ညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နေပြည်တော်။

( ၈ ) ဒေါက်တာချိုချိုစန်း(အဖွဲ့ဝင်)
ဒုတိယညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ နေပြည်တော်။

( ၉ ) ဒေါက်တာစုစုလင်း(အဖွဲ့ဝင်)
လက်ထောက်အတွင်းဝန်ဟောင်း၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ နေပြည်တော်။

(၁၀) ဒေါက်တာလွင်မာလိုင်(အဖွဲ့ဝင်)
ဒုတိယညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ နေပြည်တော်။

(၁၁) ဒေါက်တာငြိမ်းငြိမ်းချစ်(အဖွဲ့ဝင်)
လက်ထောက်ညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နေပြည်တော်။

(၁၂) ဒေါက်တာစန်းသန္တာ(အဖွဲ့ဝင်)
ကထိကဟောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)။

ဒေါက်တာထားထားလင်း ဦးဆောင်သော Public Health Team ၏ အောက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် State Health Admin Team (SHAT)ကို အဖွဲ့ခေါင်းဆောင် ဒေါက်တာမိုးကျော်သူ (ယခင်ဘီးလင်းမြို့နယ်ကျန်းမာရေးမှူး)အပါအဝင် ၁၀ ဦးဖြင့် အောက်ပါ အတိုင်း ဖွဲ့စည်းထားကြောင်း သိရှိရသည်-

( ၁ ) ဒေါက်တာမိုးကျော်သူ(အဖွဲ့ခေါင်းဆောင်)
မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဟောင်း၊ ဘီးလင်းမြို့။

( ၂ ) ဒေါက်တာနိုင်နိုင်ထွန်း(အဖွဲ့ဝင်)
ဒုတိယပြည်နယ်ဦးစီးဌာနမှူးဟောင်း၊ ဘားအံမြို့။

( ၃ ) ဒေါက်တာရာရွှန်ပါရဲ(အဖွဲ့ဝင်)
လက်ထောက်ညွှန်ကြားရေးမှူးဟောင်း၊ ဟားခါးမြို့။

( ၄ ) ဒေါက်တာအောင်ကြည်(အဖွဲ့ဝင်)
ဘွဲ့လွန်သင်တန်းသား(မေ့ဆေးပညာ)၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်။

( ၅ ) ဒေါက်တာဒယ်နီလင်း(အဖွဲ့ဝင်)
တိုးချဲ့ကာကွယ်ဆေး/ကူးစက်တာဝန်ခံဆရာဝန်(နုတ်ထွက်)၊ လားရှိုးမြို့။

စာမျက်နှာ ၁၉ သို့ ●

# ၁၂-၆-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ မှတ်တမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၆/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ဇွန် ၁၂ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကိုပြန်လည်ဖြေကြားသည်။

ဦးစွာ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက်သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် သတင်းမီဒီယာများ၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် အထောက်အကူပြုအဖွဲ့များအားလုံး မင်္ဂလာပါဟု နှုတ်ခွန်းဆက်ပါကြောင်း။

## ပြောကြား

ယနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားမည့်အကြောင်းအရာများမှာ နံပါတ်(၁) အနေဖြင့် နိုင်ငံတစ်ဝန်းလုံး စာသင်ကျောင်းများ ဖွင့်လှစ်နိုင်မှုအခြေအနေ၊ နံပါတ်(၂) အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် Phoenix Media Interview မှ အရေးကြီးကောက်နုတ်ချက်များ၊ နံပါတ်(၃)အနေဖြင့် ဘဏ္ဍာရေးပြောင်းလဲခြင်းနှင့် ရုံးပိတ်ရက်များ၊ နံပါတ်(၄)အနေဖြင့် အကြမ်းဖက်သင်တန်းများ၊ ထောက်ပံ့မှုများတွင် EAO အဖွဲ့အချို့၏ ပါဝင်ပတ်သက်မှုနှင့် နံပါတ်(၅)အနေဖြင့် NUG၊ CRPH၊ PDF အကြမ်းဖက်အဖွဲ့များ၏ ကြေညာချက်များ၊ ၎င်းကြေညာချက်များကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များ၊ ဖောက်ခွဲဖျက်ဆီးရေးနှင့် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ ပတ်သက်ခဲ့သူများ၏ ထွက်ဆိုချက်ဗီဒီယိုဖိုင်များကိုပြသခြင်း၊ ၎င်းအပိုင်းတွင် Online က ပျံ့နှံ့နေသည့်၊ လုပ်ကြံဖန်တီးထားသည့် လှုံ့ဆော်မှုများ၊ သတင်းမှားများ၊ မျှော်လင့်ချက် အမှားများသည် လက်တွေ့အခြေအနေနှင့် မည်မျှကွာခြားသည်ဆိုသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပထမအချက်အနေဖြင့် အခြေခံပညာကျောင်းများအား နိုင်ငံတစ်ဝန်းတွင် ဇွန်လ ၁ ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ကျောင်းများဖွင့်လှစ်နိုင်မှုအနေဖြင့် အခြေခံပညာကျောင်းပေါင်း မူလတန်း **၂၅၇၀၅** ကျောင်း၊ အလယ်တန်း **၁၅၈၇၇** ကျောင်း၊ အထက်တန်း **၆၁၇၈** ကျောင်း စုစုပေါင်း **၄၇၇၆၀** ကျောင်းရှိပါကြောင်း၊ ဇွန်လ ၁၀ ရက်နေ့အထိ ကျောင်းပေါင်း **၄၂၀၈၀** ကျောင်း၊ **၈၈** ရာခိုင်နှုန်း ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်မှုနှင့် ကျောင်းအပ်နှံမှုအနေဖြင့် **၄၁၂၁၈၃၂** ဦး ကျောင်းအပ်နှံပြီး ၁၀ ရက်နေ့အထိ ကျောင်းတက်ရောက်မှုအနေဖြင့် **၃၂၁၆၉၆၀** ဦး ကျောင်းတက်လျက်ရှိပါကြောင်း။

ထူးခြားမှုအနေဖြင့် ရခိုင်ပြည်နယ်တွင် ကျောင်းဖွင့်လှစ်မှု **၉၆** ရာခိုင်နှုန်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်မှု **၈၂** ရာခိုင်နှုန်းရှိပါကြောင်း၊ ပညာရေးကို အလေးထားကြသည့် ပါဝင်ပတ်သက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ပါကြောင်း၊ ကျောင်းများဖွင့်လှစ်ရန် စတင်ပြင်ဆင်ချိန်ကစပြီး NLD၊ NLD လိုလားသူများအနေဖြင့် စာသင်ကျောင်းများကို မိုင်းပစ်ဖောက်ဖျက်ဆီးမှု **၁၀၉** ကြိမ်၊ မီးရှို့ဖျက်ဆီးမှု **၆၅** ကြိမ်နှင့် နှောင့်ယှက်မှု **၁၆၈** ကြိမ် ပြုလုပ်ခဲ့သည်ကို တွေ့ရကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ယခင်သတင်းစာရှင်းလင်းပွဲတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောဆိုပြီးဖြစ်ပါကြောင်း၊ သား သမီးများ၊ ကလေးငယ်များ၏ ပညာရေးသည် မိဘများကိုယ်တိုင်၊ သားသမီးများကိုယ်တိုင်၏ ဆုံးဖြတ်ချက်ပဲ ဖြစ်ပါကြောင်း၊ ၎င်းတို့ကို လိုက်လံနှောင့်ယှက်နေခြင်းသည် လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးကို ထိပါးနေသည့်၊ ဖိနှိပ်ချုပ်ချယ်နေသည့် အကြမ်းဖက်လုပ်ရပ် ဖြစ်ပါကြောင်း၊ အကြမ်းဖက်သမားများက ငယ်ရွယ်သေးသည့် ကျောင်းသားအရွယ် ကလေးငယ်များကို ပင်လျှင် ကျောင်းဝတ်စုံဝတ်ခိုင်းပြီး ကျောင်းထဲဝင်ရောက် ဗုံးခွဲခိုင်းသည့်ဖြစ်စဉ်မျိုး ဖြစ်ပွားခဲ့ပါကြောင်း၊ ထိးချိုင့်ဖြစ်စဉ်ဖြစ်ပါကြောင်း။

NLD နှင့် NLD လိုလားသူ အစွန်းရောက်အကြမ်းဖက် အဖျက်သမားများအနေဖြင့် ယခုလို အောက်တန်းကျသည့်လုပ်ရပ်၊ အတွေးအခေါ်၊ အကြံအစည်များနှင့် အသုံးချ၍ရသူ မှန်သမျှအား အသုံးချနေသည်ကို တွေ့ရပါကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ဆောင်ရွက်ရာတွင်အောက်ခြေအဆင့် ထဲထဲဝင်ဝင် လုံခြုံရေးကို ကူညီဆောင်ရွက်ပေးနေကြသည့်၊ ဆောင်ရွက်ပေးနေကြဆဲ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးကို ကူညီဆောင်ရွက်ပေးနေကြသည့် အဖွဲ့အစည်းများအားလုံးကို အထူးပင်လေးစားပါကြောင်းကို လေးလေးနက်နက် ပြောလိုပါကြောင်း။

## တောင်းပန်စကားဆိုပါရစေ

ထို့အတူ အမျိုးမျိုးသော ဖိအားပေးမှုများကြားမှ စာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများ၊ တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများကိုလည်း ဂုဏ်ယူပါကြောင်း၊ အမြင်များ၊ ခံယူချက်များ အမျိုးမျိုးကွဲပြားနေသော်လည်း သား သမီးများ၏ ပညာရေးကို နိုင်ငံရေးနှင့်ခွဲခြားမြင်ပြီး အားပေးဆောင်ရွက်နေသည့် မိဘများကိုလည်း ဂုဏ်ပြုပါကြောင်း၊ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အသက်သေဆုံး၊ ဒဏ်ရာရခဲ့သည့် လုံခြုံရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ၊ ပြည်သူလူထုများအတွက် များစွာ ဝမ်းနည်းရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပိုမိုကောင်းမွန်သည့် လုံခြုံရေးစနစ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်သူများ၊ မိသားစုဝင်များအားလုံးကို တောင်းပန်စကားဆိုပါရစေဟု ပြောကြားသည်။

ဒုတိယအချက်အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် Phoenix Media Interview မှ အရေးကြီးကောက်နုတ်ချက်များကို ပြောမည်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် Phoenix Media တို့ ၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် Interview ပြုလုပ်ခဲ့ပြီး ဘင်္ဂါလီကိစ္စနှင့် ပတ်သက်သည့် မေးခွန်းတစ်ခုကို ဖြေကြားခဲ့ပါကြောင်း၊ ၎င်းတွင် “ **ရိုဟင်ဂျာ**” ဆိုသည့် အသုံးအနှုန်းနှင့်ပတ်သက်ပြီး **“ရိုဟင်ဂျာ ဆိုတာမရှိဘူး၊ စိတ်ကူးယဉ်ပြီးပြောတဲ့ နာမည်တစ်ခုပဲ၊ ၁၉၁၁၊ ၁၉၂၁၊ ၁၉၃၁ ခုနှစ်က အင်္ဂလိပ်တွေကောက်ခံခဲ့တဲ့ သန်းခေါင်စာရင်းမှာတောင် ဘင်္ဂါလီဆိုတဲ့ စကား၊ စစ်တကောင်းဆိုတဲ့စကားတွေပဲ တွေ့ရတယ်ဆိုတဲ့ အကြောင်းနဲ့ မြန်မာနိုင်ငံမှာ အိမ်နီးချင်း ၅ နိုင်ငံရှိကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေဟာ ဒါတွေအားလုံးအတွက် မျှော်မှန်းပြီး ရေးဆွဲခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားဥပဒေအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးသွားသည့် ဘင်္ဂါလီများနှင့် ပတ်သက်ပြီး အကျုံးဝင်တဲ့သူတွေကို သူ့စည်းကမ်းနဲ့ အညီ ပြန်လက်ခံဖို့ လုပ်ထားကြောင်း၊ မြန်မာနိုင်ငံမှာ သတ်မှတ်စည်းကမ်းချက်နဲ့အတူနေခဲ့ပြီး ကိုက်ညီရင် လက်မခံနိုင်စရာမရှိကြောင်း”** ပြောကြားခဲ့ပါကြောင်း။

## စာအုပ်များတွင် ကြည့်နိုင်

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ရှိပါကြောင်း၊ ၎င်းထဲတွင် “**ရိုဟင်ဂျာ**” ဆိုသည့် အမည်နာမ မပါဝင်သည်ကို အားလုံးအသိဖြစ်ကြောင်း၊ ယခင်ကလည်း မပါရှိခဲ့ကြောင်း၊ “**ရိုဟင်ဂျာ**” ဆိုသည့် အသုံးအနှုန်းနှင့်ပတ်သက်ပြီး လှုံ့ဆော်နေသည့်၊ ယခင် အင်္ဂလိပ်လက်ထက်တွင် သူတို့ကိုယ်တိုင် ကောက်ခဲ့သည့် သန်းခေါင်စာရင်းတွင် မပါရှိကြောင်း၊ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ်က ကောက်ခံချိန်တွင် မပါရှိကြောင်း၊ အထောက်အထားများကို ပါဝါပွိုင့်တွင်ပြသထားကြောင်း၊ သန်းခေါင်စာရင်းမူရင်းစာအုပ်များလည်း ထားရှိပါကြောင်း၊ အဆိုပါစာအုပ်များတွင် ကြည့်နိုင်ပါကြောင်း။

ယခုအချိန်တွင် ၎င်းအမည်ကို ထပ်မံဖော်ထုတ်လာခြင်းနှင့် ပြောကြားလာခြင်းသည် အလွန်အန္တရာယ်ကြီးမားသည့် အလုပ်ဖြစ်သဖြင့် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် ကိစ္စဖြစ်ပါကြောင်း၊ အားလုံးသတိထားကြရန် ပြောလိုပါကြောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေသည် အဆိုပါလူမျိုးတစ်မျိုးတည်းကို ရည်ညွှန်းပြဋ္ဌာန်းထားခြင်း မဟုတ်ကြောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်ပတ်သက်ပြီး အမျိုးမျိုးပြောနေကြသည်များ ရှိပါကြောင်း၊ ဥပဒေပေါ်ပေါက်လာပုံ သမိုင်း၊ ရည်ရွယ်ချက်များကို ပြည်သူလူထုနှင့် မီဒီယာများသိရှိရန် အနည်းငယ်ပြောပြလိုပါကြောင်း။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်တွင် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေနှင့် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေဟူ၍ ဥပဒေ ၂ ရပ် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေသည် ဗြိတိသျှလက်အောက်ခံဘဝမှ လွတ်လပ်သည့် နိုင်ငံဘဝ ကူးပြောင်းသော စပ်ကူးမပ်ကူးကာလတွင် မြန်မာနိုင်ငံအတွင်း ရောက်ရှိနေထိုင်ကြသည့် နိုင်ငံခြားသားများကို မြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ခံယူခွင့် ရရှိနိုင်ရန် ရည်ရွယ်ပြီး ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပါကြောင်း။

## အများအပြားရှိနေကြပြီးဖြစ်

ဥပဒေအရရွေးချယ်ပိုင်ခွင့် သက်တမ်းကာလသည် ၁၉၅၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် သာမန်အားဖြင့် ကုန်ဆုံးပြီဖြစ်၍ ယင်းဥပဒေ၏အာနိသင်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ပါကြောင်း၊ ၎င်းဥပဒေ ၂ ရပ်ကို ရေးဆွဲချိန်က မြန်မာနိုင်ငံတွင် တိုင်းရင်းသားများသာမက တိုင်းတစ်ပါးမှစီးပွားရှာရန် ရောက်ရှိနေကြသည့် တိုင်းတစ်ပါးသားများ၊ ၎င်းတိုင်းတစ်ပါးသားများနှင့် အိမ်ထောင်ကျပြီး ပေါက်ဖွားလာသည့် သွေးနှောများ၊ နှစ်ပေါင်းများစွာ မြန်မာနိုင်ငံတွင်နေထိုင်ခဲ့သည့် တိုင်းတစ်ပါးသား မိဘနှစ်ပါးမှ မြန်မာနိုင်ငံအတွင်း မွေးဖွားသူများ အစရှိသဖြင့် အများအပြားရှိနေကြပြီး ဖြစ်ကြောင်း။

တိုင်းရင်းသားများမှအပ အခြားမည်သူများကို နိုင်ငံသားအဖြစ်လက်ခံမည်ဆိုသည်မှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာအတွင်းကျရောက်သည့် လုပ်ပိုင်ခွင့်ဖြစ်ပါကြောင်း၊ အပြည့်အဝဖန်တီးခွင့်ရရှိရန် ကြိုးပမ်းနေချိန်တွင် နိုင်ငံသားဖြစ်မှုဥပဒေကို ရေးဆွဲခဲ့ရသည့်အတွက် နိုင်ငံတော်နှင့်ပြည်သူတို့၏ ရေရှည်အကျိုးစီးပွားကို အဓိကထားရေးဆွဲလိုသော်လည်း ၎င်းအချိန်အခါတွင် တည်ရှိနေသည့်အခြေအနေများ၊ ပြဿနာများကို ခြုံငုံမိရန်အတွက် ကျော်လွှားလွန်ဆန်နိုင်ခြင်းမရှိဘဲ နိုင်ငံသားဖြစ်မှုအက်ဥပဒေကို ရေးဆွဲခဲ့ရပါကြောင်း။

ထို့ကြောင့် အဆိုပါဥပဒေများတွင် ဟာကွက်၊ ပျော့ကွက်များပါရှိခဲ့ပါကြောင်း၊ လွတ်လပ်ရေးရရှိပြီးနောက် မိမိတို့၏ကြမ္မာကို မိမိတို့ ဖန်တီးနိုင်ခွင့် ပြည့်ပြည့်ဝဝရရှိခဲ့သည့်အချိန်တွင် ယခင် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်(ရွေးချယ်ရေး) အက်ဥပဒေသည် ရွေးချယ်ပိုင်ခွင့် သက်တမ်းကာလကုန်ဆုံးပြီဖြစ်၍ ၎င်းဥပဒေ၏ အာနိသင်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ခြင်း၊ ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေသည်လည်း ဟာကွက်၊ အားနည်းချက်များ ရှိနေခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားကို အကာအကွယ်ပေးရန်၊ မိမိတို့တိုင်းရင်းသားများ၏ ရပိုင်ခွင့်တွေကို အပြည့်အဝသတ်မှတ်ပေးရန်အတွက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ရခြင်း ဖြစ်ပါကြောင်း။

စာမျက်နှာ ၁၇ သို့ ■




✪ စာမျက်နှာ ၁၇ မှ

ဆက်လက်ပြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားရာတွင် ဖောက်ခွဲရေးသင်တန်းတက်ရောက်ခဲ့ပြီး လက်နက်ခဲယမ်း ဝယ်ယူရေးကိစ္စများ ဆောင်ရွက်နေသည့် ငြိမ်းချမ်းနှင့် ရွှန်းစိမ့်စိမ့်တို့ကို မရမ်းကုန်းမြို့နယ်၌ မေလ ၁၃ ရက်နေ့က ဖမ်းမိခဲ့ပါကြောင်း၊ ၎င်းတို့၏ထွက်ဆိုချက်အရ စေခိုင်းသူများသည် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် NLD ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ရည်မွန်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း သိန်းနိုင်တို့ဖြစ်ကြောင်းကို ဖော်ထုတ်ရရှိပါကြောင်း၊ ဇယားအပြည့်အစုံကို သင်ပုန်းတွင် ပြသထားပါကြောင်း။

**ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူများဖြစ်**

၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ရန်ငြိမ်းပိုင်နှင့် ဇင်ညီညီနိုင်တို့ကို ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ပျဉ်းမနားမြို့၊ ရွာကောက်၌ ဖမ်းမိခဲ့ပါကြောင်း၊ ပျဉ်းမနားမြို့၊ ကျောက်စက်တော်ရာစေတီအနီး တောတွင်း၌ ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူများ ဖြစ်ပါကြောင်း၊ သင်တန်းကို ဦးဆောင်သူ၊ ကူညီသူများသည် ပျဉ်းမနား NLD လူငယ်အတွင်းရေးမှူးဟောင်း ဖြိုးကိုနှင့် NLD လူငယ်တာဝန်ခံဟောင်း မျိုးကိုဇင်မြင့်တို့ ဖြစ်ပါကြောင်း၊ နေပြည်တော်နယ်မြေ၊ လယ်ဝေးမြို့နယ်၊ အေလာကျေးရွာအုပ်စု၊ စက်ပိုင်းရပ်၌ ပြည့်ဖြိုးကို လက်လုပ်မိုင်းများနှင့် ဖမ်းဆီးရမိခဲ့ပါကြောင်း၊ လက်လုပ်မိုင်း ၄၃ လုံး ပြုလုပ်ခဲ့ပါကြောင်း၊ စေခိုင်းသူက လယ်ဝေးမြို့နယ် NLD စည်းရုံးရေးမှူးဟောင်း သက်သက်မွန် ဖြစ်ပါကြောင်း။

လှည်းကူး၊ ကလီထော်ဆည်ရှိ ခြံဝင်းအတွင်း လက်လုပ်ဗုံးများပြုလုပ်ပြီး ဖောက်ခွဲရေးသင်တန်း ပေးသူများကို လက်ခံဆောင်ရွက်ခဲ့သည့် ခြံပိုင်ရှင်ဇော်ထိုက်နှင့် သင်တန်းတက်ရောက်ခဲ့သူ အောင်ကျော်ဦးတို့ကို မေလ ၁၈ ရက်နေ့တွင် ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ယင်းသင်တန်းကို လှည်းကူး၊ စာဗူးတောင်းရွာ NLD ရပ်/ကျေး နာယကဟောင်း ဦးဝင်းတင်မှ စေခိုင်းပြီး NLD ရပ်/ကျေး အတွင်းရေးမှူးဟောင်း နောင်နောင်နှင့် ပါတီဝင် အောင်မြင့်သိန်းတို့က ကူညီပေးခဲ့သည်ဟု သိရပါကြောင်း။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း နယ်မြေကို သင်တန်းစေလွှတ်ခဲ့မှုနှင့် ဖောက်ခွဲရေးပစ္စည်းများပြုလုပ်ရာတွင် ပတ်သက်ဆက်စပ်သည့် ရွှေဘိုမြို့မှ ရွှေသီဟဆန်စက်ပိုင်ရှင် အောင်ခန့်ကို ၂၀၂၂ ခုနှစ်၊ မေလ ၂၁ ရက်နေ့က ဖမ်းဆီးရမိခဲ့ပါကြောင်း၊ စစ်ဆေးချက်များအရ မေလ ၁၆ ရက်နေ့တွင် CRPH မှ ဇော်ဝေစိုး အပါအဝင် ၄၀ ဦးခန့်နှင့် ပြုလုပ်ခဲ့သည့် အစည်းအဝေးတစ်ခုကို ရေဦးမြို့နယ်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း မြင့်ထွေး၊ မြောင်မြို့နယ်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း အေးမြမွန်၊ မင်းကင်းမြို့နယ်၊ အမှတ်( ၁ ) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း ခင်မွေးလွင်၊ ဝက်လက်မြို့နယ်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဒေါက်တာနိုင်အောင်တို့နှင့်အတူ တက်ရောက်ခဲ့ပြီး PDF ကိစ္စရပ်များ ဆွေးနွေးခဲ့သည်ဟု သိရပါကြောင်း။

**ထဲထဲဝင်ဝင် ပတ်သက်နေ**

လူငယ်များကို စစ်သင်တန်းစေလွှတ်ရန် စီစဉ်ခဲ့ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန်အတွက် အဓိကစေခိုင်းသူများမှာ NLD မှ လွှတ်တော်ကိုယ်စားလှယ်ဟောင်းများဖြစ်ကြသည့် ခင်မွေးလွင်၊ နေဇင်လတ်၊ အေဇင်လတ်၊ ကျော်သူဟန်ထွန်း၊ နိုင်အောင်၊ မြင့်ထွေးနှင့် အေးမြတ်မွန်တို့ဖြစ်ကြောင်းကို စိစစ်ဖော်ထုတ်သိရှိရပါကြောင်း၊ ထိုအချက်များသည် မိမိတို့ ဖော်ထုတ်တွေ့ရှိချက်များထဲက အချို့သာဖြစ်ကြောင်း၊ **NLD** လွှတ်တော်အမတ်ဟောင်းများ၊ ပါတီဝင်အစွန်းရောက်များသည် ယနေ့နိုင်ငံ၏နေရာအချို့တွင် ဖြစ်ပွားနေသော အကြမ်းဖက်မှုများတွင် ထဲထဲဝင်ဝင် ပတ်သက်နေခြင်းဖြစ်ကြောင်း၊ ယခုပြောသည့် သက်သေအထောက်အထား ဆက်စပ်မှုများကို သင်ပုန်းတွင် ဖော်ပြထားကြောင်းနှင့် အသေးစိတ်ကြည့်ရှုနိုင်သည်ကို ပြောကြားလိုကြောင်း ပြောကြားသည်။

ပဉ္စမအချက်အနေဖြင့် ယခုအကြမ်းဖက်ကိစ္စရပ်များအပါအဝင် ပတ်သက်ခဲ့သည့်သူများ၊ လက်တွေ့ဆောင်ရွက်ခဲ့သူများ၏ ထွက်ဆိုချက်များကို ပြသမည်ဖြစ်ကြောင်း၊ Online ပေါ်၌ပျံ့နှံ့နေသော လုပ်ကြံဖန်တီးထားသည့် လှုံ့ဆော်မှုများ၊ သတင်းမှား၊ မျှော်လင့်ချက်အမှားများသည် လက်တွေ့အခြေအနေများနှင့် မည်မျှကွာခြားသည်ကို လက်တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပထမဆုံး **NUG** အဖွဲ့က အကြမ်းဖက်သမား ဇော်ဝေစိုး၏ ဗုံးထောင်ဖောက်ခွဲ၊ အဆိပ်ခတ်ရန် တိုက်တွန်းသော ဗီဒီယိုဖိုင်ကိုပြသခဲ့ကြောင်း၊ ထိုဗီဒီယိုဖိုင်ကို လုပ်ကြံဖန်တီးထားသည်ဟု ပြောကြကြောင်း။

ထိုကဲ့သို့ ပြောသည့်အထဲတွင် မီဒီယာအချို့လည်း ပါဝင်ကြောင်း၊ ထိုဗီဒီယိုဖိုင်၏မူရင်းသည် ၁ နာရီနှင့် ၁၆ မိနစ်ကြာကြောင်း၊ ဇော်ဝေစိုးက အစည်းအဝေးတစ်ခု၌ ပြောခဲ့ခြင်းဖြစ်ကြောင်း၊ ယခုပြသသောဗီဒီယိုဖိုင်သည် ၎င်း၏ပြောစကားထဲမှ ၃၄ မိနစ်နှင့် ၁ နာရီ ၁၀ မိနစ်ကျော်က စကားများဖြစ်ကြောင်း၊ အချိန်ကိုင်ညှာသည့်အနေဖြင့် လိုသလောက်သာ ပြသခြင်းဖြစ်ကြောင်း၊ ထိုစကားများသည် မည်သည့်အဓိပ္ပာယ်ဆိုသည်ကို အကြမ်းဖက်သမားကိုယ်တိုင် အသိဆုံးဖြစ်လိမ့်မည်ဖြစ်ကြောင်း။

ဤသည်ကို အချို့မီဒီယာများက လုပ်ကြံဖန်တီးထားသည်ဟု ပြောကြကြောင်း၊ မီဒီယာများကို ပြောသည်မှာ အချို့ကျင့်ဝတ်သိက္ခာမရှိသည့် မီဒီယာများသည် မီဒီယာ၏အဓိကတာဝန်ဖြစ်သော ပြည်သူကိုပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် လုပ်ငန်းများအစား **“ဖ”** သုံးလုံး လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်နေကြသည်ကိုတွေ့ရကြောင်း၊ ၎င်းတို့လိုသောလူ၊ ၎င်းတို့လိုသော လုပ်ငန်းများ၏ အမှန်တရားကို ဖုံးကွယ်ပြီး **“ဖာ”**ပေးကြောင်း၊ ၎င်းတို့ မလိုသောလူ၊ မလိုသည့် အဖွဲ့များ၏ အမှန်များကို အမှားဖြစ်အောင် **“ဖောက်”** ပစ်ကြောင်း၊ ၎င်းတို့ကို ထောက်ပံ့နေသော အဖွဲ့အစည်း၊ ၎င်းတို့ မျှော်လင့်နေသောအရာကို ပေးနိုင်သည်ဟု ယူဆသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နိုင်ငံများကို **“ဖား”** ကြောင်း။

ထို **“ဖာ၊ ဖောက်၊ ဖား”**နေသည့် မီဒီယာများ၏ ပြောစကားများကို သတိထားကြရန် ပြောကြားလိုကြောင်း၊ နောက်ပြသမည့် ဗီဒီယိုဖိုင်များသည် တမူးမှ မန္တလေးကို လက်နက်လာသယ်သော **PDF** အဖွဲ့ဝင် ၃ ဦး၏ ထွက်ဆိုချက်ဖြစ်ကြောင်း၊ ဗီဒီယိုဖိုင်တွင် **NLD** ပါတီဝင်များက အကြမ်းဖက်လုပ်ရပ်များ၌ မည်မျှပါဝင်ပတ်သက်နေသည်၊ အချို့မီဒီယာအမည်ခံ သတင်းဌာနမှ သတင်းထောက်များ မည်သို့ပါဝင်ပတ်သက်နေသည်၊ လူငယ်များကို ဘာတွေလိမ်လည်ခဲ့သည်တို့ကို တွေ့ရလိမ့်မည်ဖြစ်ကြောင်း ပြောကြားပြီး video file များပြသခဲ့သည်။

**video file များ ပြသ**

နောက်ပြသမည့် ဗီဒီယိုဖိုင်မှာ ပုသိမ်မြို့၌ ထိန်းသိမ်းရမိခဲ့သော မိုင်းနှင့် ဗုံးများ ပြုလုပ်သောသူ၊ ဖောက်ခွဲသူများ၏ ပြောဆိုချက်များဖြစ်ကြောင်း၊ ထိုဗီဒီယိုဖိုင်ကိုကြည့်လျှင် တပ်မတော်က ဖမ်းဆီးရမိသောသူများကို ညှဉ်းပန်းနှိပ်စက်သည်ဆိုသော စွပ်စွဲချက် ဟုတ်၊ မဟုတ်ကို တွေ့ရလိမ့်မည်ဖြစ်ကြောင်း၊ ဒဏ်ရာရသောလူကိုတောင် လိုအပ်သည့် ပြုစုစောင့်ရှောက်ကုသမှုများ လုပ်ပေးထားသည်ကို တွေ့နိုင်ကြောင်းပြောကြားပြီး video file များ ပြသခဲ့သည်။

နောက်ပြသမည့်ဗီဒီယိုဖိုင်မှာ **MNA** လက်ဇော့သမား ဖိုးသော် ခေါ် သော်ထူးနိုင်၏ ပြောဆိုချက်ဖြစ်ကြောင်း ပြောကြားပြီး video file များပြသခဲ့သည်။ ဖိုးသော်ကို တပ်ကဖမ်းသွားပြီး နှိပ်စက်ထားသယောင်ရေးနေ၊ ပြောနေ၊ လုပ်ကြံဖန်တီး ထုတ်လွှင့်နေသော အချို့မီဒီယာများ၏ ရည်ရွယ်ချက်မှာ ဘာလဲဆိုသည်ကို မေးခွန်းထုတ်စရာ ဖြစ်ကြောင်း၊ ထိုသို့ **“ဖာ၊ ဖောက်၊ ဖား”** ဖ သုံးလုံးမီဒီယာများသည် ပြည်သူလူထုအတွက် အဆိပ်အတောက်များဖြစ်သည်ဟု ပြောလိုကြောင်း၊ နောက်ပြမည့် ဗီဒီယိုဖိုင်မှာ ရန်ကုန်မြို့တွင်း၌ လက်လုပ်မိုင်းများ ဖြန့်ချိသယ်ပို့ပေးရာတွင် အဓိကဆောင်ရွက်ခဲ့သော အောင်ဟိန်း၏ပြောဆိုချက်ဖြစ်ကြောင်း ပြောကြားပြီး video file ပြသခဲ့သည်။

ထိုပြောဆိုချက်များသည် ထိန်းသိမ်းရရှိသူများထဲက အချို့ပြောဆိုချက်များသာ ဖြစ်ကြောင်း၊ **Online** ပေါ်နှင့် အချို့ **“ဖာ၊ ဖောက်၊ ဖား”** ဖသုံးလုံး မီဒီယာများ၏ ပြောဆိုချက်၊ လှုံ့ဆော်ချက်၊ ဝါဒမှိုင်းတိုက်မှုများသည် မည်မျှလက်တွေ့အခြေအနေများနှင့် ကွာဟနေသည်ကို မျက်ဝါးထင်ထင်တွေ့နိုင်ကြောင်း၊ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသား ပြည်သူလူထုများသည် စဉ်းစားနိုင်စွမ်း၊ ဆင်ခြင်နိုင်စွမ်းရှိကြသူများဖြစ်ကြောင်း၊ မသမာသူများ၏ ပါးစပ်ဖျားမှာတင် လမ်းဆုံးမသွားရန်၊ အတွေးဆုံးမသွားရန် မေတ္တာရပ်ခံပန်ကြားလိုကြောင်း ရှင်းလင်းပြောကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

---

**❍ ဧရာဝတီလင်းပိုင်မှ**

“လက်ရှိမှာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ စာရင်းပြုစုထားတဲ့ ဧရာဝတီလင်းပိုင် ၇၉ ကောင်ထက် လျော့ကျသွားဖို့တော့မရှိဘူး။ ဒီနှစ်တော့ စာရင်းမပြုစုရသေးဘူး။ ထိန်းသိမ်းရေးဇရိယာမှာဆိုရင် လစဉ်ပုံမှန် ကင်းလှည့်ဆောင်ရွက်တာ၊ ကျေးရွာတွေကို အသိပညာပေးတဲ့လုပ်ငန်းတွေကို ရေကြောင်းရဲတပ်ဖွဲ့၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့နဲ့ပူးပေါင်းဆောင်ရွက်ပါတယ်။ ဧရာဝတီမြစ်အတွင်း ဘက်ထရီရှော့တိုက်ငါးဖမ်းတာကို စီမံချက်နဲ့ ဆောင်ရွက်ခဲ့တာကြောင့် အဲဒီမတိုင်မီ လင်းပိုင်သားပေါက်သေဆုံးနှုန်းထက် လျော့ကျသွားတာကို တွေ့ရတယ်။ သေဆုံးမှုနဲ့ လင်းပိုင်သားပေါက်နှုန်းကို ရေလုပ်သားတွေ သတင်းပေးပို့မှုအရ ပြုစုထားတဲ့စာရင်းထက် ကောင်ရေလျော့သွားဖို့တော့ မရှိဘူး။ ဧရာဝတီလင်းပိုင်ဟာ နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်တာကြောင့် အားလုံးဝိုင်းဝန်းလက်တွဲ ကာကွယ်စောင့်ရှောက်ဖို့လည်း လိုပါတယ်”ဟု နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာန ပတ်ဝန်းကျင်နှင့် မျိုးတုံးရှားပါး ရေနေသတ္တဝါများ ထိန်းသိမ်းရေးဌာနစု ဒုတိယဦးစီးမှူး ဦးဟန်ဝင်းက ပြောကြားသည်။

**သမိုင်းအထောက်အထားများရှိ**

မြန်မာနိုင်ငံတွင် ဧရာဝတီလင်းပိုင်ကို လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကတည်းက ဧရာဝတီမြစ်အတွင်း ကျက်စားနေထိုင်မှု သမိုင်းအထောက်အထားများရှိခဲ့ပြီး ၁၈၇၁-၇၉ ခုနှစ်တွင် အင်္ဂလိပ်လူမျိုး သဘာဝဗေဒပညာရှင် ဂျွန်အင်ဒါဆင်က ဧရာဝတီမြစ်အတွင်း လင်းပိုင်များကိုတွေ့ရှိခဲ့သည်။ မြန်မာပြည်တွင် စီတာရှန်မျိုးစိတ်သစ်တွေ့ရှိမှုစာတမ်းကို အင်္ဂလန်သတ္တဗေဒအသင်းကြီးထံ “ဧရာဝတီလင်းပိုင်” အမည်ဖြင့်တင်သွင်းခဲ့ရာမှ ယနေ့တိုင် မြန်မာနိုင်ငံဧရာဝတီမြစ်အတွင်း ကျက်စားနေထိုင်သော လင်းပိုင်တို့ကို “ဧရာဝတီလင်းပိုင်”ဟု အမည်ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က ပြည်၊ ပုဂံနှင့် ရေနံချောင်းမြို့တို့တွင် လင်းပိုင်များတွေ့ရှိကြောင်း စာတမ်းပြုစုမှုအရ သိရသည်။

**နေထိုင်ကျက်စားလာ**

ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၂ ခုနှစ်မှစတင်ကာ မေခနှင့် မလိခမြစ်ဆုံမှ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဘိုကလေးမြို့အထိ လေ့လာရေးဆောင်ရွက်ခဲ့ရာ မန္တလေးမြို့နှင့် ဗန်းမော်မြို့ကြားတွင်သာ ဧရာဝတီလင်းပိုင်များကို တွေ့ရှိခဲ့သည်။ ၂၀၀၃ ခုနှစ်မှစ၍ လင်းပိုင်တွေ့ရှိသောမြို့နှစ်မြို့ကြားဧရိယာကို နှစ်စဉ်လင်းပိုင်ကောင်ရေ စာရင်းကောက်ယူခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ညောင်ဦး၊ ပုဂံနှင့် မကွေးမြို့တို့၌ တစ်ကောင်စ၊ နှစ်ကောင်စ နေထိုင်ကျက်စားသွားလာမှုကို တွေ့ရှိရသည်။

ဒေသတွင်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်နှင့် မဲခေါင်မြစ်အတွင်းရှိ ရေချိုနှင့် ရေငန်ကမ်းတိမ်ဒေသတို့တွင် ကျက်စားသည့် လင်းပိုင်များလည်းရှိရာ ထိုလင်းပိုင်များကို မြန်မာနိုင်ငံဧရာဝတီမြစ်အတွင်း တွေ့ရှိသည့် လင်းပိုင်(Orcaellabre virostris)ကဲ့သို့ ဧရာဝတီလင်းပိုင်(Ayeyarwady dolphin)ဟု ယနေ့တိုင်အမည်မှည့်ခေါ်ခဲ့ရာ နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။ ဧရာဝတီလင်းပိုင်တို့မှာ ငါး၊ ပုစွန်စား၍ မြစ်အတွင်း ရေလုပ်သားတို့အား ငါး၊ ပုစွန်ရှိသည့်နေရာကို လှည့်လည်အချက်ပြ၍ အကျိုးပြုသောကြောင့် ရေလုပ်သားတို့က ရေလုပ်ငန်းတွင် အကျိုးပြုသတ္တဝါအဖြစ် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ရှော့တိုက်ငါးဖမ်းခြင်း၊ အဆိပ်ချဖမ်းခြင်းနှင့် ပိုက်ကွန်ဖြင့် ဖမ်းဆီးခြင်းတို့ကို ငါးလုပ်ငန်းဦးစီးဌာနက နှစ်စဉ်အရေးယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာများတွင်လည်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ခရီးသွားလုပ်ငန်း ဆွဲဆောင်မှုတစ်ရပ်ဖြစ်သော ဧရာဝတီလင်းပိုင် လာရောက်ကြည့်ရှုသည့် နိုင်ငံခြားခရီးသွားတို့ဖြင့် ဒေသခံများ ဝင်ငွေရရှိလျက်ရှိသည်။ ၂၀၁၀-၂၀၁၁ ခုနှစ် စာရင်းအရ ရခိုင်ပြည်နယ် စစ်တွေ၊ မြေပုံနှင့် ရသေ့တောင်ဝန်းကျင်တို့တွင် လင်းပိုင်မျိုးစိတ်ကောင်ရေ ၆၀၊ တနင်္သာရီကမ်းရိုးတန်းဖြစ်သော မြိတ်မှ ကော့သောင်းထိကမ်းတိမ်ဒေသ၌ ကောင်ရေ ၆၀ ကျော်၊ ဘိုကလေးမြို့ မိန်းမလှကျွန်းတွင် ကောင်ရေ ၂၀ ကျော် ကျက်စားလျက်ရှိပြီး ဧရာဝတီမြစ်အတွင်း မန္တလေးနှင့်ဗန်းမော်မြို့ကြား၌ လင်းပိုင်ကောင်ရေ ၈၀ ခန့် ကျက်စားလျက်ရှိကြောင်း သိရသည်။

**သတင်း - ညီမ်းသူ**
**ဓာတ်ပုံ - ကနူး**

# မြဝတီခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အပြစ်မဲ့အလုပ်သမား ၄၇ ဦးကို ဒေသဖွံ့ဖြိုးရေး မလိုလားသည့် KNDO အဖွဲ့က အဓမ္မဖမ်းဆီးခေါ်ဆောင်၊ ၂၅ ဦးအား ရက်ရက်စက်စက် အကြောင်းမဲ့သတ်ဖြတ်

**နေပြည်တော် ဇွန် ၁၃**

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် နယ်မြေခံတပ်မှ တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ဝေါလေမြို့ ကနဲလေးကျေးရွာအနီး ကနဲလေး-မော်ခီးသွားကားလမ်းပေါ်ရှိ အူးဟူချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသည့် အပြစ်မဲ့အရပ်သား အလုပ်သမား ၄၇ ဦးကို မေ ၃၁ ရက်တွင် KNDO အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိသူ စောပါဝါး ဦးစီးသည့်အဖွဲ့က အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်ပြီး အချို့အား ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြဝတီခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသော ကနဲလေး-မော်ခီးသွားကားလမ်းပေါ်ရှိ အူးဟူချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသည့် အပြစ်မဲ့အရပ်သား အလုပ်သမား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ခြောက်ဦး၊ ကလေးငယ် ၁၀ ဦး စုစုပေါင်း ၄၇ ဦးတို့ကို မေ ၃၁ ရက်တွင် KNDO အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိသူ စောပါဝါးဦးစီးအင်အား ၃၀ ခန့်က သေနတ်များဖြင့် ခြိမ်းခြောက်၍ မြေသယ်ယာဉ်ဖြင့် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။



ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူများအား ပြန်လည်လွတ်မြောက်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း လိုက်လံရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁ ရက်နှင့် ၉ ရက်တို့တွင် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခြောက်ဦး၊ ကလေးငယ် ၁၀ ဦး စုစုပေါင်း ၂၂ ဦး ပြန်လည်လွတ်မြောက်လာခဲ့ပြီး ခြောက်ဦးမှာ လက်နက်ငယ်ဒဏ်ရာများ ရရှိနေသည့်အတွက် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျန်ရှိနေသူများအား အမြန်ဆုံး ပြန်လည်ရရှိရေးရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် အူးဟူချောင်းတံတား၏ အရှေ့မြောက်ဘက် မီတာ ၁၃၀၀ ခန့်အကွာ၌ မီးရှို့ခံထားရသည့် အလောင်းတစ်လောင်း တွေ့ရှိခဲ့သဖြင့် အနီးတစ်ဝိုက်အား ထပ်မံရှာဖွေရာ မြေစာပုံအတွင်း ရက်ရက်စက်စက် လက်ပြန်ကြိုးတုပ်လျက် သတ်ဖြတ်ခြင်းခံထားရသည့် ပုပ်ပွသေဆုံးနေသော အလောင်းခြောက်လောင်းကို လည်းကောင်း၊ ဇွန် ၁၂ ရက်တွင် ပုပ်ပွသေဆုံးနေသည့် အလောင်း ၁၈ လောင်းကို လည်းကောင်း အသီးသီးရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါအကြောင်းမဲ့ ရက်ရက်စက်စက်သတ်ဖြတ်ခြင်းခံထားရသူများ၏ ရုပ်အလောင်းများအား တံတားဆောက်လုပ်ရေးမှ တာဝန်ရှိသူများက ၎င်းတို့၏မှတ်ပုံတင်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ သက်ဆိုင်ရာမိဘဆွေမျိုးများထံသို့ တရားဝင်အကြောင်းကြားခြင်း၊ အသိပေးခြင်းများဆောင်ရွက်ကာ သက်ဆိုင်ရာရဲစခန်း၌ သေမှုသေခင်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒေသဖွံ့ဖြိုးရေးအတွက် လာရောက်လုပ်ကိုင်ကြသော အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ ရက်စက်စွာသတ်ဖြတ်ခဲ့မှုသည် အသိဉာဏ်မဲ့သော ယုတ်မာရက်စက်သည့်၊ အဓိပ္ပာယ်မဲ့အကြမ်းဖက်မှု လုပ်ရပ်သက်သက်သာဖြစ်သဖြင့် အဆိုပါအကြမ်းဖက်အဖွဲ့အား တပ်မတော်စစ်ကြောင်းများက လိုက်လံရှာဖွေဖော်ထုတ်ချေမှုန်းနိုင်ရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

● စာမျက်နှာ ၁၅ မှ

( ၆ ) ဒေါက်တာ နှင်းအိဖြူ(အဖွဲ့ဝင်)
အဖွဲ့ခေါင်းဆောင်ဆရာဝန်၊ (တိုးချဲ့ကာကွယ်ဆေး/ကူးစက်)၊
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။
( ၇ ) ဒေါက်တာ ချစ်ကိုဟန်(အဖွဲ့ဝင်)
ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူးဟောင်း၊
ရန်ကုန်တိုင်းဒေသကြီး။
( ၈ ) ဒေါက်တာ စုစုလှိုင်(အဖွဲ့ဝင်)
ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဟောင်း၊
ရန်ကုန်တောင်ပိုင်းခရိုင်။
( ၉ ) ဒေါက်တာ ဇက်လွမ်းခေါင်(အဖွဲ့ဝင်)
အဖွဲ့ခေါင်းဆောင်ဆရာဝန်(တိုးချဲ့ကာကွယ်ဆေး/ကူးစက်)၊
မြစ်ကြီးနားမြို့။
(၁၀) ဒေါက်တာကျော်သူဆွေ(အဖွဲ့ဝင်)
အဖွဲ့ခေါင်းဆောင်ဆရာဝန်(တိုးချဲ့ကာကွယ်ဆေး/ကူးစက်)၊
စစ်ကိုင်းမြို့။

SHAT အဖွဲ့၏အောက်တွင် လက်တွေ့အကောင်အထည်ဖော်ရန် မြို့နယ်အဆင့် Township Health Admin Team (THAT)များကို ဆက်လက်ဖွဲ့စည်းလျက်ရှိကြောင်း၊ SHAT အဖွဲ့နှင့် THAT အဖွဲ့များအကြား Online ဖြင့် ချိတ်ဆက်လှုပ်ရှားပေးရန်အတွက် Clinicians Team အား ဒေါက်တာစန်းသန္တာ အပါအဝင် ၅ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းထားကြောင်း သိရှိရသည်-

( ၁ ) ဒေါက်တာ စန်းသန္တာ(အဖွဲ့ခေါင်းဆောင်)
ကထိကဟောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)။
( ၂ ) ဒေါက်တာ မောင်မောင်ငြိမ်းထွန်း(အဖွဲ့ဝင်)
ကထိကဟောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)။
( ၃ ) ဒေါက်တာ ဆွေဇင်ဦး(အဖွဲ့ဝင်)
အထူးကုဆရာဝန်ဟောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီး။
( ၄ ) ဒေါက်တာ ရဲဇင်အောင်(အဖွဲ့ဝင်)
အထူးကုဆရာဝန်ဟောင်း၊ မြင်းခြံပြည်သူ့ဆေးရုံ။
( ၅ ) ဒေါက်တာ ဇေမင်းထွန်း(အဖွဲ့ဝင်)
ဦးစီးအရာရှိဟောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊
နေပြည်တော်။

သို့ဖြစ်၍ တရားခံပြေး ဇော်ဝေစိုးနှင့် အကြမ်းဖက်အဖွဲ့အစည်း NUG ၏ ညွှန်ကြားစေခိုင်းမှုများကို လိုက်ပါလုပ်ဆောင်လျက်ရှိကြသည့် ဒေါက်တာ ထားထားလင်း အပါအဝင် Public Health Team အဖွဲ့ဝင် ဆရာဝန် ၁၂ ဦး၊ SHAT အဖွဲ့ဝင် ဆရာဝန် ၁၀ ဦး၊ Clinicians Team အဖွဲ့ဝင် ဆရာဝန် ၅ ဦး၊ စုစုပေါင်း ၂၅ ဦး တို့အား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ၊ မတရားအသင်းနှင့် ဆက်သွယ်ဆောင်ရွက်မှုအတွက် ပုဒ်မ ၁၇(၁)၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုအတွက် ပုဒ်မ ၁၂၄ တို့ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် တရားခံပြေး ဇော်ဝေစိုး၊ တရားခံ ဒေါက်တာ ထားထားလင်းတို့နှင့် ဆက်နွယ်သည့် ကွင်းဆက်တရားခံများအား ဆက်လက်ရှာဖွေစုံစမ်းခဲ့ရာ တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ဒေါက်တာ မောင်မောင်ငြိမ်းထွန်း(ခွဲစိတ်ကုပညာ ကထိကဟောင်း၊ မန္တလေးဆေးတက္ကသိုလ်)နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါက်တာဆွေဇင်ဦး (အထူးကုဆရာဝန်ဟောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီး)တို့အား မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်ရှိ တည်းခိုခန်းတစ်ခု၌ ၂၀၂၂ ခုနှစ်၊ ဇွန် ၁၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တရားခံ ၂၅ ဦးအနက် ဒေါက်တာထားထားလင်း၊ ဒေါက်တာမောင်မောင်ငြိမ်းထွန်းနှင့် ဒေါက်တာဆွေဇင်ဦးတို့အား ဖမ်းဆီးရမိခဲ့သဖြင့် ကျန်ကွင်းဆက်တရားခံ ၂၂ ဦးအား ဆက်လက်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

၎င်းဆရာဝန်များသည် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် လုပ်ငန်းစဉ်များကို ဖျက်ဆီးနှောင့်ယှက်နေသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသော အဆိုပါတရားခံပြေး ဆရာဝန်များအား တွေ့ရှိပါက သတင်းပေးပို့ကြပါရန်၊ နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

■

---

## အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား အရေးယူ

**နေပြည်တော် ဇွန် ၁၃**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၁၁ ရက် ညနေ ၆ နာရီမှ ဇွန် ၁၂ ရက် ညနေ ၆ နာရီအထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်-မန္တလေးအမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃)တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ၁၀ စီး၊ ဘောနက်ကြီးမီနီတိုးဂိတ်၌ မော်တော်ယာဉ် နှစ်စီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် ၁၀ စီး၊ ပလွေးတိုးဂိတ်၌ မော်တော်ယာဉ် ၁၄ စီး၊ သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် ငါးစီးနှင့် စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် ငါးစီး စုစုပေါင်း မော်တော်ယာဉ် ၄၆ စီးအား ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြို့နယ်အချို့၌ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွား

**နေပြည်တော် ဇွန် ၁၃**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း၌ ဇွန် ၁၂ ရက် ည ၁၂ နာရီခွဲက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သံတွဲမြို့ (၃)ရပ်ကွက်၌ သစ်ပင်လဲကျပိမိသဖြင့် ဖုန်းတိုင် တစ်တိုင်ကျိုးပဲ့ကာ ကမ္ဘာ့ရတနာ ဘဏ်ရှေ့မျက်နှာစာရှိ မှန် ၁၅ ချပ်ကွဲပြီး ဘဏ်ဝင်းအတွင်းရှိ အလံတိုင်ကျိုးပဲ့ ပျက်စီးခဲ့ကြောင်း။

အလားတူ နံနက် ၉ နာရီခွဲက သံတွဲမြို့နယ်အတွင်း မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ငပလီမြို့ ဂျိတ္တောရပ်ကွက်၌ သစ်ပင်လဲကျသဖြင့် နေအိမ်တစ်လုံး အမိုးလန် ပျက်စီးခဲ့ကြောင်း။

အလားတူ နံနက် ၈ နာရီက မာန်အောင်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ကျူကျေးရွာ၌ နေအိမ်တစ်လုံးအမိုးလန်ပျက်စီးခဲ့ကြောင်း။

အလားတူ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း၌ နံနက် ၇ နာရီခွဲက မိုးရွာသွန်းပြီးလေပြင်းတိုက်ခတ်မှုကြောင့် လှည်းဆိပ်ကျေးရွာ၌ သစ်ပင်လဲကျပိမိ၍ နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ကြောင်း။

အလားတူ နံနက် ၁၁ နာရီ ၅၀ မိနစ်ခန့်က သာပေါင်းမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ကြာလက်ဆက်ကျေးရွာ၌ နေအိမ်သုံးလုံး ပြိုကျပျက်စီးခဲ့ကြောင်း။

အလားတူ ညနေ ၄ နာရီ ၅ မိနစ်က မော်လမြိုင်ကျွန်းမြို့နယ်အတွင်း မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပုတ်ကျေးရွာ၌ သစ်ပင်လဲကျပိမိ၍ နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ကြောင်း။

ထို့အပြင် ညနေ ၆ နာရီခွဲခန့်က ဟင်္သာတမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့်အညာတန်းကျေးရွာ၌ နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

ဓမ္မပုံပြင်

# ငါးသုံးကောင်

**မင်းယုဝေ**

တစ်ရံရောအခါ ရေအိုင်တစ်ခုတွင် ငါးသုံးကောင် နေထိုင်ကြသည်။ သူတို့သုံးကောင်သည် ခင်မင်ရင်းနှီး၍အဆွေခင်ပွန်းများ ဖြစ်ကြသည်။ သို့ရာတွင် တစ်ကောင်နှင့် တစ်ကောင်ကား စရိုက်ချင်း မတူကြချေ။

သူတို့သုံးကောင်တွင် တစ်ကောင်သည် ပညာဉာဏ်ရှိသည်။ မည်သည့်အရာကိုမဆို ပြုမည်ဆိုပါက စဉ်းစားဆင်ခြင်ပြီးမှ ပြုလေ့ရှိသည်။ တစ်ကောင်မှု ဖြတ်ထိုးဉာဏ်ကောင်းသည်။ အရေးကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ရုတ်တရက် ဖြတ်ထိုးဉာဏ်သုံးကာ ဖြေရှင်းဆောင်ရွက်တတ်သည်။ သူသည် ပျော်ပျော်ရွှင်ရွှင် နေထိုင်လေ့ရှိသည်။ ကျန်တစ်ကောင်ကား ကံကိုသာ ယုံကြည်သည်။ မည်သည့်အရာမဆို ကံစီမံရာ ဖြစ်လာသည်။ မည်သူမျှ မတားဆီးနိုင်ဟု ဆိုလေ့ရှိသည်။

တစ်နေ့တွင် ပညာဉာဏ်ရှိသော ငါးသည် ရေထဲတွင် ခုန်ပေါက်ကူးသန်းနေစဉ် တံငါသည်တစ်ဦးက အဖော်ဖြစ်သူအား ပြောကြားနေသော စကားကို ကြားရသည်။

“အဆွေ၊ သည်ရေအိုင်မှာ ကောင်းမွန်သာယာ၍ကြီးမားလှသည်။ ကောင်းမွန်သော ငါးများရှိမည်။ နက်ဖြန်တွင် ငါတို့သည်ကိုလာ၍ ငါးဖမ်းကြပါစို့”

ထိုစကားကိုကြားသည်နှင့်တစ်ပြိုင်နက် ပညာရှိငါးသည် မိတ်ဆွေငါးနှစ်ကောင်ထံ လျင်မြန်စွာသွား၍ ပြောပြသည်။

“အဆွေတို့၊ ငါတို့သည်ရေအိုင်ကို ယခုပင် စွန့်ခွာသွားကြပါစို့၊ အခြားရေအိုင်သို့ သွားရန် မြောင်းငယ်တစ်ခု ရှိသည်။ ထိုမြောင်းငယ်မှ တစ်ဆင့် အခြားရေအိုင်သို့ ပြောင်းရွှေ့နေထိုင်မှ ငါတို့အသက်ချမ်းသာရလိမ့်မည်”

“ငါ့အတွက် မစိုးရိမ်ပါနှင့် အဆွေ၊ တံငါများ လာရောက်ဖမ်းဆီးပါက လွတ်မြောက်အောင် ငါကြံစည်လုပ်ဆောင်နိုင်ပါသည်။ သည်ရေကန်ကို ငါ မစွန့်ခွာလိုပါ”

ဖြတ်ထိုးဉာဏ်ရှိသောငါးက ဤသို့ပြောဆိုငြင်းပယ်သည်။ ကံကို ယုံသောငါးကလည်း

“အဆွေ၊ ငါသည် မွေးဖွားသည့် အချိန်မှစ၍ သည်ရေအိုင်မှာပင် နေထိုင်လာခဲ့သည်။ သည်ရေအိုင်ကို ငါ မစွန့်ခွာနိုင်ပါ။ ကံစီမံရာအတိုင်း ဖြစ်သမျှကို ခေါင်းငုံ့ခံတော့မည်”

ဟူ၍ ဆိုသည်။

ပညာရှိငါးလည်း အဖော်တို့ကိုခေါ်မရသည့်အဆုံးတွင် တစ်ကောင်တည်းပင် ရေအိုင်ကို စွန့်ခွာသွားသည်။ သူသည် မြောင်းငယ်မှတစ်ဆင့် အခြားရေအိုင်သို့ ပြောင်းရွှေ့သွားလေသည်။

နောက်တစ်နေ့တွင် တံငါနှစ်ဦးတို့ ရောက်လာကြသည်။ သူတို့သည် ရေအိုင်တွင် ကွန်ပစ်၍ ငါးဖမ်းကြသည်။ မပြောင်းမရွှေ့ဘဲနေသော ငါးနှစ်ကောင်သည် အိုင်အတွင်းရှိ အခြားငါးများနှင့်အတူ အဖမ်းခံရလေသည်။

ဤတွင် ဖြတ်ထိုးဉာဏ်ရှိသောငါးသည် လွတ်မြောက်ရာနည်းလမ်းကို ချက်ချင်း ကြံစည်ဆောင်ရွက်သည်။ သူသည် ပိုက်ကွန်ထဲတွင် လုံးဝမလှုပ်ယှက်။ သေဆုံးနေဟန်ဆောင်နေသည်။

တံငါက တကယ်သေနေပြီဟုထင်မှတ်ကာ သူ့ကိုပိုက်ထဲမှယူငင်ပြီး ရေအိုင်ကမ်းစပ်သို့ ပစ်တင်ထားလိုက်သည်။ ထိုအခါ သူသည် ရေအိုင်ထဲသို့ ခုန်ဆင်းသွားလေသည်။

ကံကိုယုံသော ငါးမူပိုက်ကွန်ထဲတွင်လူးလှိမ့်ရုန်းကန်ဟိုခုန်သည်ခုန်ပြုနေသည်။ တံငါသည်သည် ထိုငါးကို တုတ်တိုဖြင့် ထုရိုက်လိုက်ရာ ထိုနေရာမှာပင် သေဆုံးသွားရှာလေသည်။ **ပဉ္စတန္တရမှ**

ဆရာမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ကဗျာ

# မိုးဦးရတနာ

တစ်ပေါက် နှစ်ပေါက်၊ တိမ်ကိုဖောက်၍
ဖြိုးဖြောက်မြည်ကြွေး၊ ခုန်ချပြေးသည်
ဖွေးဖွေးသစ်သစ်  ပုလဲနှစ်။

စိမ်းစိမ်းစိုစို၊ ရွှက်ထိုထိုဝယ်
မှီခိုနေနား၊ ရပ်တန့်ငြားက
မြသားရောင်သို့  ရှိမ်းရှိမ်းညို့။

တိမ်လွှာအက်မှ
ပြူထွက်ထွန်းပ၊ နေရောင်ခ,သော်
ကြိုးကြွရောင်ယှက်၊ ထိန်ထိန်လက်၍
ကျောက်မျက်စိန်သို့  ဝင်းသတည်း။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ရွှေသွေးဂျာနယ် အတွဲ(၇)၊ အမှတ်(၁၀)၊ (၈-၃-၇၅)



လူမှုဘဝ

# ဆယ်ကျော်သက်လူငယ်များ၏ ပတ်ဝန်းကျင်

**မောင်မောင်မြင့်သိန်း**
**(စက်မှုတက္ကသိုလ်)**

**"ပင်လယ်လှိုင်းများက ဝိညာဉ်တွေကို စကားပြောပါတယ်။ ပင်လယ်အထိအတွေ့က ကိုယ်ခန္ဓာကို သိသိသာသာ နူးညံ့သိမ်မွေ့မှုဖြင့် ယုယုယယ ထွေးပိုက်ထားလေရဲ့"**

**Awakening by Kate Ckopin**

မိဘနှင့် သားသမီးဆက်ဆံရေး၊ လူကြီးနှင့် လူငယ်တို့၏ ဆက်ဆံရေးတွင် ပတ်ဝန်းကျင်သည် အလေးထားစဉ်းစားရမည့် အကြောင်းခြင်းရာဖြစ်နေသည်။ ဆယ်ကျော်သက်လူငယ်များနှင့် မိဘများ၏ ပေါင်းသင်းဆက်ဆံမှုသည် စိတ်ဝင်စားဖွယ် ထည့်သွင်းစဉ်းစားသင့်သည့် အချက်တစ်ချက်ဖြစ်သည်။

ဆယ်ကျော်သက်တို့၏ မိတ်ဆွေများနှင့် ပေါင်းသင်းဆက်ဆံမှု လူတိုင်းအတွက် မိတ်ဆွေအပေါင်းအသင်းသည် အရေးကြီးလှပါသည်။ သို့သော် လူငယ်လူရွယ်တို့အတွက် ပို၍ပင်အရေးကြီးသည်။ ကျွန်တော်တို့ ငယ်ဘဝကို ပြန်လည်ဆန်းစစ်ကြည့်လျှင် သူငယ်ချင်းများသည် မည်မျှအရေးပါကြောင်း အမှတ်ရသင့်သည်။

ငယ်ဘဝတွင် သူငယ်ချင်းများမှာ ကစားဖက်များဖြစ်သည်။ ကလေးငယ်များသည် သူတို့နှင့် လိုအပ်ချက်၊ သို့မဟုတ် ခံစားချက်ကွာခြားသောမိတ်ဆွေများကို အာရုံမရှိတတ်ချေ။ ကြီးကောင်ဝင်စ ကလေးများကမူ အခြားသူများက သူတို့နှင့် အတွေးအမြင် လိုအပ်ချက်တို့ခြားနားကြောင်း ပို၍လက်တွေ့ကျသော အမြင်ရှိသည်။ ပေါင်းသင်းဆက်ဆံမှုသည် အတုံ့အပြန်ကိစ္စဖြစ်ကြောင်းလည်း သူတို့သဘောပေါက်ကြသည်။

ဆယ်ကျော်သက်လူငယ်တို့၏ ဖွံ့ဖြိုးရေးတွင် မိတ်ဆွေသူငယ်ချင်းများသည် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်သည်။ ဆယ်ကျော်သက်လူငယ်များသည် မိတ်ဆွေသူငယ်ချင်းတစ်စုနှင့် ပါဝင်ပတ်သက်လာတတ်သည်။ ဤအုပ်စုသည် သူတို့ကိုယ်သူတို့ အခြားအုပ်စုများနှင့် ခြားနားအောင် တစ်နည်းတစ်ဖုံ ပြုတတ်ကြသည်။ ဝတ်စားဆင်ယင်ပုံ၊ လုပ်ပုံကိုင်ပုံတို့ ခြားနားအောင် ကြိုးစားကြသည်။ ထိုမိတ်ဆွေအပေါင်းအသင်းအုပ်စု၏ အဖွဲ့ဝင်တစ်ဦးဖြစ်ခြင်းသည် လူငယ်အား သူ၏မိဘမှခွာ၍ တသီးတခြား ရပ်တည်နေစွမ်းဖြစ်သည်။

မိတ်ဆွေအပေါင်းအသင်း အုပ်စုတစ်စုဝင်ဖြစ်ခြင်းသည် ဆယ်ကျော်သက်များအတွက် အောက်ပါအချက်များအပါအဝင် အကျိုးပြုအတွေ့အကြုံရှိစေသည်။

(က) သူတို့နှင့်တူညီသော တွေဝေသူနှင့် အတွေ့အကြုံကို ဖြတ်သန်းကျော်လွှားနေသူများအတူရှိခြင်း။

(ခ) အခြားသူတို့နှင့် ဆက်ဆံတတ်စွမ်း၊ ဆက်ဆံရေးဖွံ့ဖြိုးအောင် စွမ်းဆောင်တတ်စေခြင်း။

(ဂ) ကူညီအကြံပေးခြင်းနှင့် သတင်းအချက်အလက်ရရှိစေသည့် ရင်းမြစ်တစ်ခုဖြစ်စေသည်။

ဆယ်ကျော်သက်အရွယ် နှစ်ကာလတစ်လျှောက်တွင် ခင်မင်မှုသဘာဝလည်း ပြောင်းလဲလေ့ရှိသည်။ ကြီးကောင်ဝင်ခါစအရွယ်တွင် လူငယ်တို့သည် လိင်တူအုပ်စုဖြင့် တစ်ရပ်တည်းနေ၊ တစ်ကျောင်းတည်းသောသူများနှင့် တွဲမိတတ်သည်။ အသက်ဆယ့်လေးနှစ် သို့မဟုတ် ဆယ့်ငါးနှစ်အရွယ်ရောက်သောအခါတွင် ဆန့်ကျင်ဘက် လိင်အုပ်စုများ ပို၍ရောယှက်လာပြီး တချို့လူငယ်များတွင် ပုံမှန်တွဲသွားတွဲလာ ဆက်ဆံမှုများရှိလာတတ်သည်။ ဆယ်ကျော်သက်အရွယ် ဆက်ဆံမှုများ ရှိလာတတ်သည်။ ဆယ်ကျော်သက် အရွယ်ရောက်လာသောအခါတွင်မူ ယောကျ်ားလေးသူငယ်ချင်းနှင့် မိန်းကလေးသူငယ်ချင်းဟူ၍ ထွေထွေပြားပြား ရှိလာသည်။

Ref: Teenagers in the Family
by Debi Roker & John Coleman

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ ဆယ်ကျော်သက်အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ပြုံးစရာ

## မွေးမွေးချင်း ဘာလို့ ပေါင်ချိန်ရတာလဲ

"မေမေ...၊ လူတွေက ကလေးတစ်ပေါင်ကို ဘယ်လောက်ပေးမှာမို့လို့လဲ"

"ကလေးဆိုတာ ပေါင်နဲ့ရောင်းရတာ မဟုတ်ဘူးကွဲ့ သားရဲ့"

"ဒါဖြင့် လူတွေက ဘာဖြစ်လို့ ကလေးတွေကို မွေးမွေးချင်း ပေါင်ချိန်နေကြရတာလဲ။


## အဝတ်အစား ဝတ်မပေးသေးလို့ပါ

ဝီလီ။ "ငါတို့အိမ်မှာ ကလေးတစ်ယောက် မွေးတယ်ကွ။"

ဘော့ဘီ။ "မိန်းကလေးလား ယောကျ်ားလေးလား"

ဝီလီ။ "မသိသေးဘူးကွ၊ အခုထိ သူ့ကို အဝတ်အစားတွေ ဝတ်မပေးသေးဘူးဗျို့"

**မာတင်ဖဲ**



# Tourism ဖွံ့ဖြိုးမှုအတွက် အရေးပါသော DMO

ဗိုလ်အေးမြင့်ကြူ

ကမ္ဘာသုံး Tourism ကို မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဟု အစဉ်အဆက် ခေါ်ဝေါ်လာခဲ့သည်မှာ ကြာပြီဖြစ်ပါသည်။

နိုင်ငံတစ်ခုကို ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တာဝန်ယူခြင်း၊ တာဝန်ခံခြင်းပြုရန်ဖြစ်လာသော အစိုးရသည် နိုင်ငံစီးပွားအတွက် ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ စသည်ဖြင့် အခြေခံသဘောတရားအတိုင်း ခွဲခြမ်းသုံးသပ်၍ အသင့်လျော်ဆုံးကဏ္ဍကို ဦးစားပေးရေးဆွဲဆောင်ရွက်ကြရသည်။ မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးစစ်ပြီးခေတ်ကာလမှသည် စတင်၍ နိုင်ငံ၏ စီးပွားဖွံ့ဖြိုးမှုအတွက် ခရီးသွားလုပ်ငန်းကို အလေးထားဦးစားပေးဆောင်ရွက်သော မျှော်မှန်းချက်များ ထားရှိလာသော်လည်း ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး ပမာဏ၌ ပါဝင်မှုအချိုးအစား နည်းလှသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍအတွက် ခရီးသွားလုပ်ငန်းဝင်ငွေက မည်မျှအချိုးအစားပမာဏပါရှိသနည်းဆိုတာသည်လည်း အရေးကြီးသော ပြမှတ်ကဲ့သို့ ဖြစ်လာပါသည်။

**ခရီးသွားလုပ်ငန်း**
**အောင်မြင်သောနိုင်ငံ**

နိုင်ငံ၏ရေမြေတောတောင်သဘာဝ ပထဝီဝင်အနေအထား သယံဇာတ ပေါကြွယ်ဝမှုများအပြင် လူတို့၏ ယဉ်ကျေးမှုသဘာဝ၊ လူတို့၏ ခရီးသွားဧည့်သည်အပေါ် တုံ့ပြန်မှုစရိုက်လက္ခဏာများမှအစ ခရီးသွားလုံခြုံမှုနှင့် သွားလာမှုလွယ်ကူစေမှု အနေအထားများအထိ ကြည့်ပြီး Tourism ခရီးသွားလုပ်ငန်းကို ရွေးချယ်လာကြသည်။ ထိုအခါ အစိုးရဦးဆောင်မှုအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူလူထု ပေါင်းစပ်ပြီး မျှော်မှန်းချက်ပန်းတိုင်ကို ရောက်အောင်သွားရန် မျှော်မှန်းချက်များ၊ လုပ်ငန်းတာဝန်ကြီးများနှင့် ပန်းတိုင်ရည်မှန်းချက်များ ချမှတ်ကြသည်။ Tourism ခရီးသွားလုပ်ငန်းကြောင့် သဘာဝအနေအထားနှင့် ယဉ်ကျေးမှုအနေအထားချင်း တူညီလျှင်ပင် ဦးဆောင်ပြီး စွမ်းဆောင်ရည်ရှိသည့် အစိုးရနှင့် စည်းကမ်းလိုက်နာပြီး ကြိုးပမ်းအားထုတ်ကြသော ပြည်သူများရှိသည့်အခါ အခြေအနေများ ပေါင်းစပ်လာပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုတွင် အောင်မြင်ခြင်း၊ မအောင်မြင်ခြင်း ကွာဟချက်ကို တွေ့ရသည်။ ခရီးသွားလုပ်ငန်းအောင်မြင်သောနိုင်ငံသည် ဂျီဒီပီဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အားဖြည့်ပေးနိုင်သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်းဝင် (၁၀) နိုင်ငံကဲ့သို့ စီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ခဲ့သည်ဖြစ်သော်လည်း အောင်မြင်ခြင်း ရှိ/ မရှိ ဆန်းစစ်ပါသော် မအောင်မြင်သေးဘူးဟုသာ ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင် နိုင်ငံများထဲတွင် ရေမြေချင်းဆက်စပ်ထိစပ်နေသည့်၊ ဧရိယာလည်းကျယ်သည့် နိုင်ငံကြီးနှစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံက ဧရိယာ ပိုမိုကျယ်ဝန်းပြီး ထိုင်းနိုင်ငံသည် လူဦးရေ ပိုများသည်။ သို့သော် ခရီးသွားလုပ်ငန်းတွင် ထိုင်းနိုင်ငံက ပိုမိုအောင်မြင်ပြီး နိုင်ငံ၏ စီးပွားရေး၊ ပြည်သူလူထု၏ တစ်ဦးချင်းစီးပွားရေးကို အားဖြည့်ပေးနိုင်သည်။ ထိုင်းနိုင်ငံ၏ ခရီးစဉ်ဒေသများသည် ကမ္ဘာ့ခရီးသွားဈေးကွက်တွင် ထင်ရှားကျော်ကြားသည်။ နာမည်ကြီးသည်။ ကမ္ဘာ့နိုင်ငံများအတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေအများဆုံးရသော ထိပ်ပိုင်း(၁၀) နိုင်ငံတွင် ပါဝင်ပြီး အဆင့်အားဖြင့် လေးရှိသည်။ UNWTO ခေါ် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကြီး၏ ၂၀၁၇ ခုနှစ်က ထုတ်ပြန်ပေးသော မှတ်တမ်းစာရင်းအရ ထိုင်းနိုင်ငံ၏ ခရီးသွားဝင်ငွေသည် ၅၇ ဘီလီယံ ဒေါ်လာရှိသည်။ ထင်ရှားသော ထိပ်ပိုင်းနိုင်ငံများမှာ အမေရိကန်၊ စပိန်၊ ပြင်သစ်၊ ထိုင်း၊ အင်္ဂလန်နိုင်ငံတို့ဖြစ်သည်။

မည်သို့ဖြစ်စေ မြန်မာနိုင်ငံသည်လည်း အစိုးရအဆက်ဆက် ကြိုးပမ်းခဲ့ကြသလို နောင်ဆောင်ရွက်ကြမည့် အစိုးရများသည်လည်း ကြိုးပမ်းကြရဦးမည်သာဖြစ်သည်။

**Top 5 arrivals of West Countries to Myanmar by Year**

| No. | Country | 2014 | 2015 | 2016 | 2017 | 2018 | 2019 |
|---|---|---|---|---|---|---|---|
| 1. | America | 62631 | 69815 | 76502 | 73085 | 65057 | 66757 |
| 2. | FRANCE | 41453 | 47435 | 52304 | 56369 | 43218 | 42608 |
| 3. | UK | 40921 | 45120 | 51051 | 47717 | 36609 | 33857 |
| 4. | GERMANY | 32265 | 35727 | 39044 | 39952 | 28838 | 29447 |
| 5. | ITALY | 12627 | 14841 | 17969 | 18242 | 16855 | 19121 |

Source: Google, Internet

**ရွှေရောင်ခေတ်ကို ရောက်နိုင်**

နိုင်ငံတစ်ခု၏ ခရီးသွားလုပ်ငန်းသည် ဒေသ၏ (Ecosystem)များ (သဘာဝနှင့် လူတို့ဆက်နွယ်မှု)နှင့် ယဉ်ကျေးမှုစရိုက်လက္ခဏာ ထာဝစဉ်တည်တံ့ခိုင်မြဲနေသမျှ ရှင်သန်ထွန်းကားဖို့ အခွင့်အလမ်းရှိနေမည်သာ ဖြစ်သည်။ လူတို့ကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၊ သဘာဝကြောင့် ဖြစ်တတ်သော ဘေးအန္တရာယ်များကြောင့် ထိခိုက်သော နိုင်ငံတွင် မည်သည့်နိုင်ငံမဆို ခရီးသွားလုပ်ငန်းဝင်ငွေ ထိခိုက်တတ်ပါသည်။ မြန်မာနိုင်ငံသည်လည်း ဤကဲ့သို့ သီအိုရီဆန်သော သဘောတရားများဖြစ်ပေါ်ခဲ့သည်သာဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေမြေသဘာဝ ဆွဲဆောင်မှု၊ လူတို့ဖန်တီးသော ခရီးသွားဆွဲဆောင်မှု၊ မူလမပျက်ယဉ်ကျေးမှု အခြေခံများကြောင့် ခရီးသွားလုပ်ငန်းထွက်ကုန်ဟု ခေါ်ဆိုရမည့် Tourism Products များ ရှိပါသော်လည်း ဆက်စပ်လာသော စိန်ခေါ်မှုများကြောင့် ခရီးသွားလုပ်ငန်း ဆိုးကျိုးသက်ရောက်မှုဖြစ်စေခဲ့သည်မှာ လက်တွေ့ဖြစ်သည်။ အထူးသဖြင့် အခြားနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံတို့အပြင် အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံစသည့် ခရီးသွားဧည့်သည်နှင့် ဝင်ငွေအဝင်များသည့် နိုင်ငံများနှင့် မတူညီသည်မှာ နိုင်ငံရေးမတည်ငြိမ်မှုနှင့် ပြည်တွင်းသွားလာမှုမလုံခြုံ၊ မငြိမ်းချမ်းခြင်းတို့ကြောင့်ဖြစ်သည်ဟု တွေ့ရသည်။ ခေတ်စကားဖြင့်ဆိုရပါက စိန်ခေါ်မှုများ များလှသည်ဟု ပြောရပါမည်။ မကြာသေးခင်သော နှစ်များထဲတွင် အဆိုးဆုံးအနေအထားအထိ ရောက်သွားခဲ့ပါသည်။ နှစ်အလိုက်ဆက်ပြီး မျှော်မှန်းချင့်ချိန်ကြည့်သည့်အခါ နောက်ထပ်ပိုမိုထိခိုက်လာမည်လား၊ ပြန်လည်ရှန်းထတည်ထောင်နိုင်မည်လားဆိုသည်ကို အစိုးရနှင့် အဖွဲ့အစည်းများ၊ ပြည်သူများအပေါ် မူတည်နေပါတော့သည်။ ပြည်တွင်းတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းမှုကို မခွင်းမချန်လိုချင်ကြမှသာ အိမ်သာမှ ဧည့်လာမည်ဆိုသော ရွှေရောင်ခေတ်ကို ရောက်နိုင်တော့မည်။

အစိုးရသည် ခရီးသွားလုပ်ငန်းကို မဟာဗျူဟာ လမ်းကြောင်းချသည့်အခါ ဖွံ့ဖြိုးတိုးတက်ရေးကိုသာ လုပ်ရမည်ဆိုသော Development Strategy ဆွဲထားမည်လား၊ ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ရေး Sustainable Tourism Strategy ကို ချမှတ်မည်လား သို့မဟုတ် ဖွံ့ဖြိုးမှုနှင့် ထိန်းသိမ်းမှုကို တစ်ပြိုင်နက်ဟန်ချက်ယူ၍ လုပ်သွားမည်လား ရွေးချယ်ချမှတ်ရမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးလွန်းပါက သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု ပတ်ဝန်းကျင်ကို မသိမသာမှ သိသိသာသာ ထိခိုက်ပျက်စီးစေတတ်ပါသည်။ ချီတက်နေရင်း နင်းမိသွားသော မြက်ပင်လေးများ၊ ကျိုးကျသွားသော သစ်ကိုင်းသစ်ပင်များ၊ ခန်းခြောက်သွားသော ရေစိမ့်အိုင်များ၊ ခြောက်သွေ့သွားသော တောများ၊ ပြောင်သွားသောတောင်များ၊ ပျက်ယွင်းသွားသောမူလယဉ်ကျေးမှုတွေ ထိန်းသိမ်းသွားမည်လားဆိုသည်မှာလည်း မဟာဗျူဟာရည်မှန်းချက်အတွက် ပြင်ဆင်ရင်းစဉ်းစားရမည့်အချက် ဖြစ်သည်။

**ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသ**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဟူ၍ မျှော်မှန်းဆောင်ရွက်လာသည့်အခါ ခရီးစဉ်ဒေသ(Destination) ဆွဲဆောင်မှုအားကောင်းဖို့က အဓိကဖြစ်လာပါသည်။ ခရီးစဉ်ဒေသဆိုသည်မှာ အနီးစပ်ဆုံး အရှေ့တောင်အာရှဒေသဖြစ်စေ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ စသည့်နိုင်ငံတစ်ခုခုဖြစ်စေ၊ သွားလိုသော နိုင်ငံအတွင်းမှ ဥပမာ- မြန်မာပြည်ဆိုလျှင် တိုင်းဒေသကြီးဖြစ်စေ၊ ပြည်နယ်ဖြစ်စေကိုလည်း ခေါ်ဆိုနိုင်ပါသည်။ အလားတူ ပင် ပုဂံ၊ အင်းလေး၊ မန္တလေး၊ ငပလီကမ်းခြေ၊ ချောင်းသာကမ်းခြေဖြစ်စေ၊ ကျိုက်ထီးရိုးကဲ့သို့သော ဘုရားစေတီများဖြစ်စေ၊ ထင်ရှားသော ခရီးသည်ဧည့်သည်ကို ဆွဲဆောင်မှုရှိသော နေရာများသည်လည်း ခရီးစဉ်ဒေသတွင် အကျုံးဝင်ပါသည်။ ပုဂံကဲ့သို့ မြို့ပြတစ်ခုခုသည်လည်း ခရီးစဉ်ဒေသအဖြစ် စီမံဆောင် ရွက်သွားနိုင်ပါသည်။ နိုင်ငံတကာမှ ဖြစ်စေ၊ ပြည်တွင်းမှဖြစ်စေ ခရီးသွားများသည် ဆွဲဆောင်မှုကောင်းသော ခရီးစဉ်ဒေသကို သွားရောက်အပန်းဖြေခြင်း၊ နှစ်လိုနှစ်ခြိုက်ဖွယ် Tourism Products များကို ခံစားခြင်း၊ လူနှင့်သဘာဝ၏ ဝန်ဆောင်မှုများကို အနားယူခံစားပြီး ညအိပ်အနားယူ၍ အသင့်အတင့်သော ငွေကြေးသုံးစွဲကြပါကလည်း ယင်းသို့အတွက် ဖန်တီး၊ စီမံထားသော ဆွဲဆောင်မှုရှိသောဒေသကို ခရီးစဉ်ဒေသဟု အဓိပ္ပာယ်ဖွင့်ကြသည်လည်းရှိသည်။ အဓိကရည်မှန်းသော ခရီးစဉ်ဒေသကို သွားရင်းလမ်း၌ ဖြတ်သန်းလေ့လာရသောနေရာသည် ခရီးစဉ်ဒေသ မဟုတ်ပါပေ။

ခရီးစဉ်ဒေသသို့ ဧည့်သည်လာခြင်းကြောင့် ဒေသခံလူမှုအဖွဲ့အစည်းပြည်သူများ အလုပ်အကိုင်ရရှိကြကာ ဝန်ဆောင်မှုများမှ ဝင်ငွေရယူခံစားရုံသည် ပုံစံမှန်သော စီမံခန့်ခွဲမှု မဟုတ်ပါပေ။ အနှစ်သာရအမှန်၊ စနစ်အမှန်ဖြင့် ဧည့်သည်များ ထပ်မံအလည်လာချင်အောင်ထောက်ခံသော ဒေသဖြစ်ဖို့လိုအပ်လှပါသည်။ ယင်းသို့ဖြစ်ရန် စနစ်တကျ စီမံထားသည့် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှု Destination Management ရှိထားရပါမည်။ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးသည် နိုင်ငံ၏ပင်မခရီးသွားအုပ်ချုပ်ရေးအဖွဲ့တာဝန်၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များတာဝန်၊ လုပ်ငန်းရှင် ပညာရှင်များ ပူးပေါင်းဆောင်ရွက်မှုတာဝန်၊ ပြည်သူလူထုနားလည်လိုက်နာမှုတာဝန်များက အရေးကြီးပါသည်။ အသီးသီးကို သူ့တာဝန်နှင့်သူလည်း တာဝန်သတ်မှတ်ပေးထားရပါမည်။ ထိုသို့သော ခရီးစဉ်ဒေသအသီးသီးအတွက် တာဝန်ခွဲဝေစီမံဆောင်ရွက်မည့် အဖွဲ့ကို ခရီးစဉ်ဒေသဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအဖွဲ့ (Destination Development Management Organization)ဟု ဆိုရပါမည်။

**ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးမှု**


တပ်မတော်အစိုးရက ဈေးကွက်စီးပွားရေးစနစ် စတင်အကောင်အထည်ဖော်ဆောင်စဉ်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် **"ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုကော်မတီ"** ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသေးသည်။ ၂၀၀၅ ခုနှစ်လောက်တွင် ထိုအဖွဲ့ကို ဖျက်သိမ်းလိုက်သည်။


**စာမျက်နှာ ၂၃ သို့ ❖**

**နိုင်ငံတစ်ခု၏ ခရီးသွားလုပ်ငန်းသည် ဒေသ၏ (Ecosystem) များ (သဘာဝနှင့် လူတို့ဆက်နွယ်မှု)နှင့် ယဉ်ကျေးမှုစရိုက်လက္ခဏာ ထာဝစဉ်တည်တံ့ခိုင်မြဲနေသမျှ ရှင်သန်ထွန်းကားဖို့ အခွင့်အလမ်းရှိနေမည်သာ ဖြစ်သည်။ လူတို့ကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၊ သဘာဝကြောင့်ဖြစ်တတ်သော ဘေးအန္တရာယ်များကြောင့် ထိခိုက်သောနိုင်ငံတွင် မည်သည့်နိုင်ငံမဆို ခရီးသွားလုပ်ငန်းဝင်ငွေ ထိခိုက်တတ်ပါသည်။ မြန်မာနိုင်ငံသည်လည်း ဤကဲ့သို့ သီအိုရီဆန်သော သဘောတရားများ ဖြစ်ပေါ်ခဲ့သည်သာဖြစ်။**

❖ စာမျက်နှာ ၂၂ မှ
အင်္ဂလိပ်လို Tourism Development Management Committee ဟု ထင်ရှားသည်။ သို့သော်လည်း ဗဟိုအဆင့်သာ အဖွဲ့ဖွဲ့ထားပြီး တိုင်းအဆင့်၊ ပြည်နယ်အဆင့် ကော်မတီများ၊ ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးမှုနှင့်ပတ်သက်ပြီး အမျိုးသားဦးဆောင်ရေးအဆင့် မူဝါဒမထားရှိခြင်းကြောင့် အဖွဲ့သာရှိသော်လည်း ခရီးမရောက်ခဲ့ပါပေ။ တိုင်းနှင့် ပြည်နယ်များ၏ ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အလုပ်လျာထားချက်များတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကဏ္ဍ မပါဝင်ဘဲ ဟိုတယ်တည်ဆောက်ရေးများကိုသာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဟု အလွဲတွေးခေါ်ကာ ဆောင်ရွက်ကြသောကြောင့် ဖြစ်သည်ကို တွေ့ရသည်။ ဝန်ကြီးဌာနမှ ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်ရသော အရာထမ်းများ၏ အဆင့်တာဝန်နိမ့်သောကြောင့်လည်း လုပ်ငန်းဆောင်ရွက်ရာ၌ မျှော်လင့်သလို ထိရောက်မှုမရှိခဲ့ပေ။ ဆိုင်ရာတိုင်းနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့များကလည်း Tourism ဖွံ့ဖြိုးမှုကို စိတ်မဝင်စားပါ။ ထို့ကြောင့်လည်း ခရီးမတွင်ခြင်းဖြစ်သည်။

အစဉ်အဆက် သက်တမ်းတစ်လျှောက် ခရီးသွားဖွံ့ဖြိုးမှု သာမန်အောက်သာရှိသော မြန်မာနိုင်ငံသည် ၂၀၁၉၊ ၂၀၂၀ အတွင်း၌ ပိုမိုဆိုးရွားစွာ ကျဆင်းခဲ့သည်။ ထိုသို့ နိုင်ငံတကာခရီးသွားဧည့်သည်ဝင်ရောက်မှု လျော့နည်းကျဆင်းခြင်းသည် မြန်မာနိုင်ငံ ခရီးသွားထုတ်ကုန်ဝန်ဆောင်မှု အရည်အသွေးနိမ့်ပါးအားနည်းခြင်း၊ ဆွဲဆောင်မှု လျော့နည်းသွားခြင်းမျိုးကြောင့် မဟုတ်ဘဲ ကမ္ဘာနှင့်အဝှမ်းဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားပြန့်ပွားခဲ့သောကြောင့် လူအများ စီးပွားကျဆင်းခြင်း၊ လေယာဉ်လိုင်းများ ပိတ်ရခြင်း၊ နိုင်ငံတစ်ဝန်း ဝင်ထွက်မှု ပိတ်ရခြင်း၊ နိုင်ငံနှင့်ချီ၍ စီးပွားရေးကျဆင်းခြင်းတို့ကြောင့် အဓိကဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုအခြေအနေသည် မကြုံစဖူး ၁၉၉၀ ပြည့်နှစ်ဆီ ပြန်ကျသွားသည်ဟု WTO က ဖော်ပြထားသည်မှာ ကမ္ဘာတွင် Tourists များ အများဆုံးလည်ပတ်ပြီး ဝင်ငွေအများဆုံးရသော နိုင်ငံများသည် ၂၀၂၀ ပြည့်နှစ်တွင် Tourism စီးပွားဝင်ငွေ မီလီယံဒေါ်လာသန်းချီပြီး




ထိခိုက်ဆုံးရှုံးခဲ့သည်။ ယင်းသို့ အနေအထားတွင် မြန်မာနိုင်ငံသည်လည်း ခရီးသွားလာရောက်မှု နည်းပါးကျဆင်းပြီး စီးပွားလည်း ထိခိုက်သည်။

**ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်လာ**

ယင်းအခြေအနေတွင် ကမ္ဘာအဝှမ်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်လွတ်ကင်းချိန် သို့တည်းမဟုတ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်လာသည်နှင့် မြန်မာနိုင်ငံကလည်း ဧည့်သည်ကြိုဆိုလက်ခံရန် အဆင်သင့်ဖြစ်ဖို့ လိုအပ်ပါသည်။ ယင်းသို့ အဆင်သင့်ဖြစ်ရန် လုပ်ငန်းစီမံကိန်း၊ စီမံချက်များ ချမှတ်ခြင်း၊ ဘဏ္ဍာငွေသုံးစွဲခြင်း၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးစဉ်ဒေသ အင်္ဂါရပ်နှင့်ညီအောင် စီမံချက်ရေးဆွဲခြင်း (Destination Planning) စီမံချက် ရေးဆွဲအကောင်အထည်ဖော်ခြင်းများ ပြင်ဆင်ထားရန် နည်းလမ်းဖော်ထုတ်ရမည်ဟု ထင်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

✻ ကျောဖုံးမှ

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၃-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇၁) ခု | (၇) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၈) ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၉၀) ခု | (၁၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၀၃) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃၃) ခု | (၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၅၇၄) ခု | (၃၀၇) ဦး |
| စုစုပေါင်း | (၂,၉၀၂) ခု | (၃၇၃) ဦး |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

**ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ**

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၃၁၅၈၇၃ | ၂၈၃၈၁၆၂၃ | ၆၁၄၉၅၅ |
| ၂။ | အိန္ဒိယ | ၂၉၄၃၉၉၈၉ | ၂၈၀၄၃၄၄၆ | ၃၇၀၄၀၇ |
| ၃။ | ဘရာဇီး | ၁၇၃၇၆၉၉၈ | ၁၅၇၆၁၁၇၇ | ၄၈၆၃၅၈ |
| ၄။ | ပြင်သစ် | ၅၇၃၇၈၁၀ | ၅၄၉၃၂၅၉ | ၁၁၀၄၀၇ |
| ၅။ | တူရကီ | ၅၃၂၅၄၃၅ | ၅၁၉၈၀၅၇ | ၄၈၆၆၈ |
| ၆။ | ရုရှား | ၅၂၀၈၆၈၇ | ၄၈၀၁၃၃၅ | ၁၂၆၄၃၀ |
| ၇။ | ဗြိတိန် | ၄၅၅၈၄၉၄ | ၄၂၈၆၁၆၅ | ၁၂၇၈၉၆ |
| ၈။ | အီတလီ | ၄၂၄၃၄၈၂ | ၃၉၅၄၀၉၇ | ၁၂၆၉၇၆ |
| ၉။ | အာဂျင်တီးနား | ၄၁၁၁၁၄၇ | ၃၆၉၅၂၈၈ | ၈၅၀၇၅ |
| ၁၀။ | စပိန် | ၃၇၃၃၆၀၀ | ၃၅၀၉၇၃၀ | ၈၀၅၀၁ |

**အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်**

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၉၁၁၃၅၈ | ၁၇၄၅၀၉၁ | ၅၂၈၇၉ |
| ၂။ | ဖိလစ်ပိုင် | ၁၃၁၅၆၃၉ | ၁၂၃၂၉၈၆ | ၂၂၇၈၈ |
| ၃။ | မလေးရှား | ၆၅၇၅၀၈ | ၅၈၀၂၇၆ | ၃၉၀၈ |
| ၄။ | ထိုင်း | ၁၉၅၉၀၉ | ၁၅၄၄၁၄ | ၁၄၄၉ |
| ၅။ | မြန်မာ | ၁၄၅၆၀၃ | ၁၃၂၉၂၈ | ၃၂၄၄ |
| ၆။ | စင်ကာပူ | ၆၂၂၇၆ | ၆၁၈၃၈ | ၃၄ |
| ၇။ | ကမ္ဘောဒီးယား | ၃၈၄၂၇ | ၃၁၈၅၈ | ၃၃၅ |
| ၈။ | ဗီယက်နမ် | ၁၀၅၃၈ | ၃၉၉၈ | ၅၉ |
| ၉။ | လာအို | ၁၉၉၆ | ၁၈၆၂ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၄၈ | ၂၃၉ | ၃ |

# မြန်မာ့သစ်တောများ သက်ရှည်ရှင်သန်ဖို့ ပြည်သူအားလုံး ပါဝင်စို့

မောင်သိဒ္ဓိ

"ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ"၊ "သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး"၊ "သစ်ပင်စိုက်ပါ ဒို့ကမ္ဘာသာယာလှပ စိမ်းမြမြ" စသည့်စာသားဆောင်ပုဒ်များကို သတင်းစာများတွင် အမြဲလိုလိုဖတ်ရှုနေရသော်လည်း ဖတ်ပြီးမေ့သွားသည်က ခပ်များများ။ ကျွန်တော်တို့လူသားများသည် တစ်ခါတစ်ခါ တချို့ကိစ္စများကို ကိုယ်နှင့်မဆိုင်ဟုထင်ကာ မေ့မေ့ပျောက်ပျောက် နေလိုက်ကြသည်က များသည်။

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် စသည့် ရည်ရွယ်ချက်များနှင့် ထုတ်ဝေလျက်ရှိသည့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသော ထုတ်ပြန်ချက်များ၊ ကြေညာချက်များ၊ ဆောင်းပါးများ၊ ဆောင်ပုဒ်များသည် လူသားတစ်ဦးအနေဖြင့် လုပ်ဆောင်ရမည့် ကျင့်ဝတ်များ၊ နိုင်ငံသားတစ်ဦး လိုက်နာရမည့်စည်းကမ်းများဖြစ်၍ သစ်တောသစ်ပင်နှင့်ပတ်သက်သည့် ဆောင်ပုဒ်များသည် သစ်ပင်စိုက်ပျိုးခြင်းဖြင့် သစ်တောကို ချစ်ခင်တန်ဖိုးထားတတ်စေရန် ရည်ရွယ်ခြင်းသာ ဖြစ်ပေသည်။

### မြန်မာနိုင်ငံတွင် ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်

ယခုဆိုလျှင် မြန်မာတစ်နိုင်ငံလုံး၌ အတော်အသင့် မိုးရွာသွန်းနေပြီဖြစ်ပြီး မိုးရေနဲ့အတူ အေးမြမှုကိုပါ ရရှိခံစားနေကြရပြီဖြစ်သည်။ ယခုကဲ့သို့ အေးမြမှုကို ပူပြင်းသည့်နွေကာလအထိတိုင် ရရှိရန်သည် သတင်းစာတွင် ဖော်ပြနေသည့်ဆောင်ပုဒ်များအတိုင်း တစ်ဦးချင်းစီက လိုက်နာလုပ်ဆောင်ကြရန်သာ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်ထားပြီး နှစ်စဉ်နှစ်တိုင်းလည်း နိုင်ငံတစ်ဝန်းစိုက်ပျိုးခဲ့ကြသည်။ သစ်ပင်စိုက်ပျိုးရာတွင် ရှင်အောင်စိုက်ပျိုးရန်လိုပြီး ကြီးအောင်ပြုစုရန်လည်း လိုပါသည်။ ရှင်သန်အောင် စိုက်ပျိုးလိုက်သည့်သစ်ပင်အတွက် မြဲမြံအောင် ထိန်းသိမ်းရန်တာဝန်ကလည်း လိုအပ်ပါသည်။ စိုက်ပျိုးပြီးသည့် သစ်ပင်ကို ရေလောင်းပေါင်းသင်ပြုစုပျိုးထောင်ခြင်း မပြုလုပ်ဘဲ ပစ်ထားပါက ဟန်ရေးပြစိုက်ပျိုးခြင်းသာမည်ပြီး အချိန်နှင့် ငွေကြေးကို အချည်းအနှီးဖြစ်စေရုံသာရှိမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးတော့မည်ဆိုလျှင် စိုက်ပျိုးမည့်နေရာဒေသ၊ ရာသီဥတုနှင့် မြေအမျိုးအစားအပေါ် မူတည်၍ ကိုက်ညီမည့် သစ်ပင်အမျိုးအစားကို ရွေးချယ်စိုက်ပျိုးရမည်ဖြစ်သည်။ ထို့နောက် မြေပြုပြင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်းတို့ကို အဆင့်လိုက်ပြုလုပ်ကာ သစ်ပင်တစ်ပင်မှသည် သစ်တောစိုက်ခင်းတစ်ခုအထိ ရှင်သန်ကြီးထွားအောင် ရပ်ကွက် ကျေးရွာအလိုက်၊ အဖွဲ့အစည်းအလိုက်၊ ရုံးဌာနများအလိုက် စိုက်ပျိုးကြရပါမည်။ ပရဟိတအသင်းအဖွဲ့များ၊ သစ်ပင်ချစ်သူများ၊ သဘာဝပတ်ဝန်းကျင် ချစ်ခင်သူများစသည်ဖြင့် အဖွဲ့လိုက်ရော ပုဂ္ဂလိကတစ်ဦးချင်းအနေဖြင့်ပါ သစ်ပင်စိုက်ပျိုးကြရမည်ဖြစ်သည်။

သစ်ပင်တစ်ပင် စတင်ရှင်သန်သည်မှ အသုံးချနိုင်သည့် အရွယ်ရောက်အောင် နှစ်ပေါင်း ၆၀ မှ ၁၅၀ ခန့်အထိ ကြာမြင့်နိုင်သည်။ သစ်တောဦးစီးဌာန၏ "သစ်တောနဲ့သစ်ပင်၊ ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး" ဆောင်ပုဒ်သည် နှစ်စဉ်ပြုလုပ်သည့် ဇူလိုင်လသစ်ပင်စိုက်ပျိုးပွဲတွင်သာမက စိုက်ပျိုးပြီးသည့် သစ်ပင်များ ရှင်သန်ကြီးထွားအောင် အမြဲဆောင်ရွက်တတ်စေရန်ပါ နှိုးဆော်တိုက်တွန်းလျက်ရှိသည်။ အစိုးရအဆက်ဆက်အနေဖြင့်လည်း သစ်ပင်စိုက်ပွဲများကို နှစ်စဉ်ပြုလုပ်ပြီး လူထုအားဖြင့် အပင်ရေသန်းနှင့်ချီကာ သစ်ပင်များကို နိုင်ငံတစ်ဝန်းလုံး စိုက်ပျိုးခဲ့ကြသည်။ စိုက်ပျိုးပြီးသမျှ သစ်ပင်များသာ ရှင်သန်ခဲ့မည်ဆိုလျှင် မြို့များ၊ ရွာများ တစ်နိုင်ငံလုံး စိမ်းလန်းစိုပြည်နေမည်ဖြစ်ပြီး လမ်းအသွယ်သွယ်တို့မှာလည်း အေးရိပ်ဝေဆာသာယာနေမည်မှာ အမှန်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သစ်တောဂေဟစနစ် ထိန်းသိမ်းနိုင်ရေးအတွက် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို သဘာဝကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအဖြစ် ဖွဲ့စည်းနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ရန်လိုအပ်သော သစ်တောများကို ကြိုးဝိုင်းသစ်တောဟူ၍ သတ်မှတ်ခြင်းဖြစ်ပြီး ကြိုးဝိုင်းသစ်တောဟူသည် သစ်တောထိန်းသိမ်းရေးနှင့် အုပ်ချုပ်ရေးအတွက် လွယ်ကူစေရန် ကြိုးဝိုင်းနယ်နိမိတ်များတွင် အထစ်ကြီးများ ထစ်ထားခြင်း၊ အစိုးရတံဆိပ် ရိုက်နှိပ်ထားခြင်း၊ ကြော်ငြာပြားကပ်ထားခြင်း၊ နယ်နိမိတ်တိုင်များ စိုက်ထားခြင်းတို့ဖြင့် အထင်အရှားပြုလုပ်ထားမှုကို ခေါ်ဆိုခြင်းဖြစ်သည်။ အဆိုပါ ကြိုးဝိုင်းသစ်တောများအတွင်းမှ အပင်များကို သက်ဆိုင်ရာအမိန့်တစ်စုံတစ်ရာမရရှိဘဲ ထုတ်ယူသုံးစွဲခြင်းမပြုရန် ဥပဒေဖြင့် တားမြစ်ထားသည်။

နိုင်ငံတိုင်းပြည်တို့၏ ဧရိယာအများအပြားကို စိမ်းလန်းမှိုင်းညို့သည့် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိရာ နိုင်ငံတိုင်းပြည်၏ ဘဏ္ဍာငွေအတော်များများကို သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရောင်းချခြင်းဖြင့် ဖြည့်တင်းကြရသည်ကို မည်သူမျှမငြင်းနိုင်ကြချေ။ သစ်တောများသည် နိုင်ငံတိုင်းပြည်အတွက် ဘဏ္ဍာငွေအပြင် ရာသီဥတုကို မျှတစေခြင်း၊ မြေဆီလွှာ မပျက်မယွင်းစေရန် ကာကွယ်ပေးခြင်း၊ စိမ့်စမ်းအင်းအိုင်တို့၌ အနည်အနှစ်ပို့ချမှု နည်းပါးစေခြင်း၊ တိုင်းပြည်၏ သယံဇာတဖြစ်သော တောရိုင်း သားငှက်တိရစ္ဆာန်တို့ ခိုအောင်းရာနေရာဖြစ်ခြင်း၊ လူသားတို့၏ စိတ်ကြည်နူးဖွယ် အပန်းဖြေရာနေရာဖြစ်ခြင်း စသည့်နည်းလမ်းအဖုံဖုံဖြင့် ကျေးဇူးပြုသေးသည်။

### ယဉ်ကျေးမှုပစ္စည်းများ

ထို့အပြင် သစ်တောထွက်ပစ္စည်းများကို မြို့ကြီးပြကြီးများရှိ တိုက်တာနေအိမ်၊ အဆောက်အအုံများမှအစ ကျေးရွာဒေသအသီးသီးရှိ နေအိမ်များတိုင်အောင် တွေ့မြင်ရမည်ဖြစ်ပေသည်။ လူတို့ စားသောက်သုံးဆောင်သော အစာအာဟာရနှင့် ဆေးဝါးများတွင်လည်း သစ်သီး၊ သစ်ဥသစ်ဖု၊ သစ်ရွက်သစ်မြစ်များသည် အရေးပါသော အပိုင်းကဏ္ဍမှ ပါဝင်ကြသည်။ သစ်စေး၊ သစ်ဆီ၊ သစ်ရည်တို့သည်လည်း အရောင်တင်ဆီ၊ ကော် စသည့် လူ့အသုံးအဆောင်ပစ္စည်းများ လုပ်ကိုင်သည့် လုပ်ငန်းများတွင် အသုံးပြုသည့် သစ်တောထွက်ပစ္စည်းများ ဖြစ်ပေသည်။ ထို့အပြင် ယဉ်ကျေးမှုသည်လည်း တစ်စိတ်တစ်ဒေသအားဖြင့် သစ်တောနှင့် ဆက်စပ်နေသေးသည်။ မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည့် ပန်းပုပညာသည် ကျွန်းသစ်အစရှိသော သစ်ကောင်းများဖြင့်သာပြုလုပ်ရပြီး ယွန်းထည်များသည်လည်း သစ်တောများမှ ထွက်ရှိသည့် ဝါးဖြင့်ပြုလုပ်၍ သစ်စေးသုတ်ထားသည့် ယဉ်ကျေးမှုပစ္စည်းများ ဖြစ်ကြပေသည်။

ဤကဲ့သို့ ဘဏ္ဍာငွေမှအစ လူ့အသုံးအဆောင်ပစ္စည်းများအထိ အကျယ်တဝင့် အသုံးပြုလျက်ရှိသည့် သစ်တောထွက်ပစ္စည်းများကို စည်းကမ်းမဲ့ ရသလောက်ထုတ်ယူသုံးစွဲခြင်း၏ အကျိုးဆက်အဖြစ် ကမ္ဘာကြီးတွင် ပူပြင်းခြောက်သွေ့ခြင်း၊ ရာသီဥတု ဆိုးရွားလာခြင်း၊ တောမီးလောင်ခြင်း၊ ရေကြီးရေလျှံခြင်း၊ ရောဂါအသစ်အဆန်းများ ပေါ်ပေါက်လာခြင်း စသည့်ဘေးဒဏ်အမျိုးမျိုးကို လူသားများအနေဖြင့် တွေ့ကြုံရင်ဆိုင်နေရပြီဖြစ်သည်။ သစ်တောပြုန်းတီးခြင်း၏ အဆိုးရွားဆုံးတရားခံမှာ လူသားများပင်ဖြစ်သည်။ သစ်တောများကို စည်းမဲ့ ကမ်းမဲ့ခုတ်လှဲခြင်းဖြင့် သစ်တောများကို ပြုန်းတီးစေသည်သာမက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အခြားနည်းအမျိုးမျိုးဖြင့်လည်းကောင်း ဖျက်ဆီးနေကြခြင်းဖြစ်သည်။ ထို့အပြင် တောမီးလောင်ခြင်း၊ ပိုးကျခြင်း၊ သစ်ပင်ရောဂါ ကျရောက်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းထူထပ်ခြင်းတို့ကြောင့်လည်း သစ်တောများ ပျက်စီးကြရပြီး တောမီးလောင်ခြင်းသည်လည်း သစ်တောများကို အကြီးအကျယ်ပျက်စီးစေသော အကြောင်းရင်းဖြစ်သည်။

> **မြန်မာနိုင်ငံ၌ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ ထုံးနှင့် မီးသွေးဖုတ်ခြင်း၊ အိမ်သုံးထင်းခုတ်ခြင်း၊ တိရစ္ဆာန်ထိန်းကျောင်းမှုများပြားခြင်းတို့ကြောင့်လည်း သစ်တောများ ပြုန်းတီးခဲ့ရသည်။ ထုံးဖုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း စသည့်လုပ်ငန်းများသည် ထင်းအမြောက်အမြားကို အသုံးပြုရသလို အိမ်သုံးထင်းအတွက်လည်း သစ်ပင်များကို အမြောက်အမြား စည်းကမ်းမဲ့ ခုတ်ထွင်ခဲ့ကြသည်။ နှစ်ကာလများစွာ အချိန်ယူပေါက်ရောက်ခဲ့ရသော သစ်ပင်များသည် တစ်ရက်၊ နှစ်ရက်အတွင်း ပျက်စီးရခြင်းဖြစ်သည်။ လူသားတို့၏ မဆင်မခြင် လုပ်ဆောင်မှုများ၏ အကျိုးဆက်သည် သစ်တောပြုန်းတီးခြင်းကို ဖြစ်ပေါ်စေခဲ့။**

### သစ်တောပြုန်းတီးခြင်း

မြန်မာနိုင်ငံ၌ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ ထုံးနှင့် မီးသွေးဖုတ်ခြင်း၊ အိမ်သုံးထင်းခုတ်ခြင်း၊ တိရစ္ဆာန်ထိန်းကျောင်းမှုများပြားခြင်းတို့ကြောင့်လည်း သစ်တောများ ပြုန်းတီးခဲ့ရသည်။ ထုံးဖုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း စသည့်လုပ်ငန်းများသည် ထင်းအမြောက်အမြားကို အသုံးပြုရသလို အိမ်သုံးထင်းအတွက်လည်း သစ်ပင်များကို အမြောက်အမြား စည်းကမ်းမဲ့ ခုတ်ထွင်ခဲ့ကြသည်။ နှစ်ကာလများစွာ အချိန်ယူပေါက်ရောက်ခဲ့ရသော သစ်ပင်များသည် တစ်ရက်၊ နှစ်ရက်အတွင်း ပျက်စီးရခြင်းဖြစ်သည်။ လူသားတို့၏ မဆင်မခြင်လုပ်ဆောင်မှုများ၏ အကျိုးဆက်သည် သစ်တောပြုန်းတီးခြင်းကို ဖြစ်ပေါ်စေခဲ့သည်။

မြန်မာနိုင်ငံ၏ ထင်း၊ မီး သုံးစွဲမှုသည် စုစုပေါင်းစွမ်းအင်သုံးစွဲမှု၏ ၇၆ ဒသမ ၄၁ ရာခိုင်နှုန်းရှိနေသည့်အတွက် ၂၀၁၇-၂၀၁၈ ခုနှစ်မှစတင်ကာ ၁၀ နှစ်စီမံကိန်းအဖြစ် ကျေးရွာထင်းစိုက်ခင်း ၁၀၄၅၆၃ ဧကကို တည်ထောင်ခဲ့ပြီး လက်ရှိတွင် ၂၁၄၃၆ ဧက တည်ထောင်ပြီးဖြစ်သည်။ "ကျေးရွာများအထိ လျှပ်စစ်ဓာတ်အားရောက်ရှိရေးမှာ အချိန်ကာလတစ်ခုအထိ လိုအပ်နေသေးသဖြင့် ထင်း၊ မီးသွေးကို စွမ်းအင်အဖြစ် သုံးစွဲနေကြရဦးမည်ဖြစ်ကြောင်း၊ ထင်း၊ မီးသွေးများကို သဘာဝတောမှသာ ထုတ်ယူသုံးစွဲခြင်းထက် ကျေးရွာအလိုက် ကိုယ်ပိုင်ထင်းစိုက်ခင်းများ တည်ထောင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများက ကြီးကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန်လ ၅ ရက်နေ့က ပြုလုပ်သည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သည်။ လိုက်နာရမည့် တိုက်တွန်းအမှာစကားပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတု ဆိုးရွားစွာပြောင်းလဲမှုကို ရင်ဆိုင်နေရသည့် နိုင်ငံထဲတွင် ပါဝင်လျက်ရှိရာ မိုးရာသီတွင် ရေကြီးမှု၊ နွေရာသီတွင် အပူချိန်မြင့်မားခြင်းကြောင့် သောက်သုံးရေ ရှားပါးမှု၊ ဆောင်းရာသီကာလတိုတောင်းမှုဒဏ်များကို နှစ်အနည်းငယ်အတွင်း ပြင်းပြင်းထန်ထန် ခံစားလာနေရပြီဖြစ်သည်။ ထို့ကြောင့် သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရန် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇ အထိ ၁၀ နှစ်စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်နေပြီဖြစ်သည်။ သစ်တောများ လျင်မြန်စွာပြုန်းတီးနေမှုကို ကုစားနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်တွင် ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းခြင်း၊ ၂၀၁၆ မှစ၍ ပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှု ၁၀ နှစ် ရပ်ဆိုင်းခြင်းများ လုပ်ဆောင်ခဲ့သော်လည်း တရားမဝင် သစ်ထုတ်လုပ်မှုများ၊ တရားမဝင် သယံဇာတတူးဖော်မှုများကြောင့် မြန်မာ့သစ်တောများ ပြုန်းတီးနေဆဲဖြစ်သည်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ သစ်တောများ ထာဝစဉ် တည်တံ့ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောသစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်သည် လူသားတိုင်း၏ ကြီးလေးသောတာဝန်ဟု ခံယူချက်ဖြင့် ကလေး၊ လူကြီး၊ ကျား၊ မ မရွေး နိုင်ငံသူ နိုင်ငံသားအားလုံး သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပေသည်။

စာမျက်နှာ ၂၅ သို့ ☆

# ထားဝယ်မြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ထားဝယ် ဇွန် ၁၃**

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အိမ်ရာဝင်းအတွင်း၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိသားစု စည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သီသီစိုးနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက သစ်ပင်ပျိုးပင် (မဟော်ဂနီ၊ စိန်ပန်း၊ ကညင်၊ ခရေ၊ ပျဉ်းကတိုး၊ ပိတောက်၊ သက်န်း၊ သစ်ရှိုး၊ တမလန်း၊ ငုဝါ၊ ကံ့ကော်ပင်) စုစုပေါင်း ပျိုးပင် ၁၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# မြစ်ကြီးနားမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြစ်ကြီးနား ဇွန် ၁၃**

ကချင်ပြည်နယ် ၂၀၂၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို မြစ်ကြီးနားမြို့ တက္ကသိုလ်ဝင်းအတွင်းနှင့် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့် စေတီတော် ပရိဝုဏ်အတွင်း၌ ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ဇနီးဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြစ်ကြီးနား တက္ကသိုလ် ပါမောက္ခချုပ်နှင့် ကထိကဆရာ ဆရာမများ၊ စစ်မှုထမ်းဟောင်းများနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက အရိပ်ရသစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဘားအံမြို့၌ ငြိမ်းချမ်းရေးဖလား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကျင်းပ

**ဘားအံ ဇွန် ၁၃**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှကြီးမှူး၍ ၂၀၂၁ ခုနှစ် ငြိမ်းချမ်းရေးဖလား ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇွန် ၁၂ ရက် ညနေပိုင်းက ဘားအံမြို့ အောင်သံလွင် အားကစားကွင်း၌ ကျင်းပသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးက အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးစား ယှဉ်ပြိုင်ကစားကြရန် တိုက်တွန်းလိုကြောင်း အမှာစကားပြောကြား၍ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဘောလုံးအသင်း၊ ကရင် အမျိုးသားအစည်းအရုံး(KNU)ဘောလုံးအသင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) ဘောလုံးအသင်း၊ ကရင်ပြည်နယ်နယ်ခြားစောင့်တပ် (BGF)ဘောလုံးအသင်းနှင့် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA- PC) ဘောလုံးအသင်းတို့မှ အသက် (၄၅)နှစ်အထက် အားကစားသမား ၁၁၀ ဝင်ရောက် ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး အုပ်စုပတ်လည်စနစ်ဖြင့် ဇွန် ၁၂ ရက်မှ ၂၁ ရက်ထိ ပွဲစဉ်ပေါင်း ၁၀ ပွဲ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဘောလုံးအသင်းနှင့် ကရင် ပြည်နယ် နယ်ခြားစောင့်တပ်(BGF)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဘောလုံးအသင်းက နယ်ခြားစောင့်တပ် (BGF) ဘောလုံးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင် ရရှိခဲ့ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၌ ပထမဦးဆုံး အမှိုက်မှ သဘာဝဓာတ်ငွေ့ထုတ်စက်ရုံ တည်ဆောက်ရန်စီစဉ်နေ

**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံ၌ ပိုလန်နည်းပညာဖြင့် ပထမဦးဆုံး အမှိုက်မှ သဘာဝဓာတ်ငွေ့ထုတ်စက်ရုံကို ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံအနီး၌ တည်ဆောက်ရန် စီစဉ်ထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

“ထိန်ပင်အမှိုက်ပုံမှာ အမှိုက်တွေက မြေကြီးပေါ်မှာပဲ စုပုံနေတာကြောင့်မြေထုညစ်ညမ်းမှု၊ မြေအောက်ရေညစ်ညမ်းမှုနဲ့ လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေပြီး အမှိုက်စုပုံထားရှိပြီးတဲ့မြေနေရာက ဘာမှအသုံးပြုလို့မရတော့တဲ့ မြေနေရာဖြစ်သွားပါတယ်။ ခုလို အမှိုက်ကနေ သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်တဲ့ စက်ရုံကို တည်ဆောက်လိုက်မယ်ဆိုရင် သဘာဝဓာတ်ငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မြေဩဇာနဲ့ ထင်းအစားထိုးလောင်စာဖြစ်တဲ့ စွမ်းအားဖြည့်လောင်စာ လေးမျိုးကို ရရှိမှာဖြစ်လို့ မြေကြီးညစ်ညမ်းမှုကို လျော့ကျစေပြီး ရေထုညစ်ညမ်းမှုကိုလည်း လျော့ကျစေနိုင်သလို လေညစ်ညမ်းမှုကိုပါ လျော့ကျစေမှာလည်းဖြစ်ပါတယ်” ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်မော်က ရှင်းပြသည်။

ပိုလန်နိုင်ငံအစိုးရ၏ အတိုးနှုန်းသက်သာသည့်ချေးငွေဖြင့် တည်ဆောက်မည့် အဆိုပါသဘာဝဓာတ်ငွေ့ထုတ်စက်ရုံကိုယူရိုသန်း၅၀အကုန်ကျခံတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့အတွင်း နေ့စဉ်ထွက်ရှိသော စွန့်ပစ်အမှိုက်များ အနက် တစ်ရက်လျှင် အမှိုက်တန်ချိန် ၂၅၀၀ ကျော်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအနေဖြင့် နေ့စဉ်သိမ်းဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းတို့အနက် တစ်ရက်လျှင် အမှိုက်တန်ချိန် ၁၅၀၀ ပုံမှန် စုပုံထားရှိသည့် နောက်ဆုံး အမှိုက်များစုပုံရာနေရာမှာ ထိန်ပင်အမှိုက်ပုံဖြစ်ကြောင်း၊ အဆိုပါ အမှိုက်တန်ချိန် ၁၅၀၀ ကျော် အနက်မှ တန်ချိန် ၁၀၀၀ ကျော်အား သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

☆ စာမျက်နှာ ၂၄ မှ

ကလေးငယ်များ၊ လူငယ်များအား သစ်ပင်များအကြောင်း လေ့လာသင်ယူစေခြင်းဖြင့် သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးများကို ငယ်စဉ်ကတည်းကပင်သိရှိပြီး သစ်ပင်ချစ်စိတ်ဖြင့် ဘဝတစ်လျှောက်လုံး သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းလာနိုင်မည်ဖြစ်သည်။ သစ်တောများ ထာဝစဉ်တည်တံ့စေရေး စီမံအုပ်ချုပ်ရာတွင် အဆင့်မြင့်နည်းပညာများ၊ ခေတ်မီနည်းပညာများ လိုအပ်သလို ပြည်သူများနှင့် ဒေသခံတိုင်းရင်းသားများ၏ မိရိုးဖလာ ဗဟုသုတ၊ အသိပညာနှင့် အတွေ့အကြုံများကိုလည်း ပူးပေါင်းအသုံးချဖို့ လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် မုတ်သုံလေစတင်ဝင်ရောက်သည့် ယခု ဇွန်လမှစတင်ကာ မုတ်သုံလေ ထွက်ခွာခြင်းမပြုမီ ကာလအတွင်း နှစ်ရှည်သစ်ပင်စိုက်ပျိုးရန် အကောင်းဆုံးအချိန်ဖြစ်သည့်အတွက် လူတစ်ဦးလျှင် တစ်နှစ်ကို သစ်ပင်တစ်ပင်စိုက်ပျိုးသည့် အလေ့အကျင့်ကောင်းဖြင့် စတင်ရမည်ဖြစ်သည်။ မိမိပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်နေပါက မိမိစိတ်ကို အေးချမ်းစေသကဲ့သို့ အများကိုလည်း လန်းဆန်းအေးချမ်းစေမည် ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ငွေကြေးကုန်ကျမှု သက်သာသည့်အပြင် အကျိုးကျေးဇူးများစွာကို ရရှိစေသည်။ သစ်တောဦးစီးဌာနအနေဖြင့်လည်း ဒေသအလိုက်ဖြစ်ထွန်းသည့် ပျိုးပင်များကို စိုက်ပျိုးနိုင်ရန် အခမဲ့ပေးဝေလျက်ရှိပြီး သစ်ပင်တစ်ပင် ရှင်သန်ဖြစ်ထွန်းလာပြီဆိုလျှင် သက်ရှိလောကအားလုံးကိုလည်း အကျိုးဖြစ်ထွန်းစေမည်မှာ မလွဲဧကန်ဖြစ်သည်။

ဤသို့ဆိုလျှင် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးသည် သစ်တောသစ်ပင်ကို ချစ်ခင်မြတ်နိုးသည့်စိတ်ဖြင့် မြန်မာ့သစ်တော ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းတွင် အသိစိတ်ဓာတ်ရှိရှိဖြင့် ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပြီး သစ်တောပြုန်းတီးစေမည့် လုပ်ရပ်များကိုလည်း တစ်ဦးချင်းစီက ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ သက်ဆိုင်ရာအစိုးရနှင့် တာဝန်ရှိအဖွဲ့အစည်းအသီးသီးကလည်း စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်မှုအတွက် လေ့လာဆန်းစစ်ခြင်း၊ ကြီးထွားပြီးသည့်သစ်ပင်များကို ထိခိုက်မှုမှ ကာကွယ်ခြင်း၊ သဘာဝပတ်ဝန်းကျင်အား ထိခိုက်စေသည့်လုပ်ရပ်များကို ထိရောက်စွာအရေးယူခြင်းတို့ ပြုလုပ်ရန် လိုအပ်ပါသည်။ မြန်မာ့သစ်တောများ သက်ရှည်ရှင်သန်ရန်အတွက် ပြည်သူ၊ အစိုးရ၊ အဖွဲ့အစည်းများ ဟန်ချက်ညီညီဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ကြရေး တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

■

# ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ ထားချင်တယ်

နွမ်ဂျာသိုင်း

(၁၁-၆-၂၀၁၂ မှ အဆက်)

- ၄ -

“ ဟာ... မဟုတ်တာ သက်သက်ရယ် အဲလို မလုပ်ပါနဲ့။ အဲဒါတွေ မမဦးတို့ မလိုပါဘူး ပြန်ယူသွား...”

စစ်ကိုင်းကနေ ရန်ကုန်ပြန်ရောက်ပြီးနောက် ခင်မြင့်ဆွေနှင့်အတူ သက်သက် မမဦးတို့အိမ် သွားသည်။ ကျော်ကျော်ထည့်ပေးလိုက်သော အထုပ်နှင့် သက်သက် ဝယ်လာသော မုန့်များ ပေးလိုက်သောအခါ မမဦး ပျာပျာသလဲ ငြင်းသည်။

“သက်သက်က ရယ်သည်။ ခင်ဆွေမြင့်နှင့် တစ်ယောက်နှင့် တစ်ယောက်လှမ်းကြည့်ရင်း...

“အဲဒါ သက်သက်ပေးတာ မဟုတ်ဘူး မမဦးရဲ့။ သက်သက်က မုန့်နဲ့သနပ်ခါးပဲ ဝယ်လာတာ။ လုံချည်နဲ့ ပုဆိုးက သက်သက်မောင်လေး ဝယ်ပေးလိုက်တာ ”

“ အို... အဲဒီကလေးကလည်း ”

“ သက်သက် ပြောသေးတယ် မမဦးရဲ့။ ကျော်ကျော် အဲဒါတွေပေးရင် မမဦးတို့က တစ်မျိုး ထင်နေလိမ့်မယ် အားနာတာနဲ့ ယူမှာလည်း မဟုတ်ဘူးလို့။ ဒါပေမဲ့ ကျော်ကျော်က ပြောလို့ မရဘူး မမဦး။ ဒီပစ္စည်းတွေက မမသက်နဲ့လည်း မဆိုင်ဘူးတဲ့။ သူက ဆရာမကြီးတို့ကို ကန်တော့ချင်လို့ ပေးလိုက်တာပါတဲ့။ သက်သက်က လူကြုံဖြစ်သွားပြီ မမဦးရဲ့။ သက်သက်ကို အပြစ်လည်း မတင်နဲ့။ ပြန်လည်းမပေးနဲ့ ”

သက်သက် စကားကြောင့် မမဦးက ရယ်ရင်း

“အမယ်လေး...။ ဒီမောင်နှမကလည်း စကားတွေ တတ်လိုက်ကြတာ..။ မမဦး ဘာမှ လှုပ်မရအောင်ကို စကားတွေနဲ့ ပိတ်ထားကြတာပဲ”

“ကျော်ကျော်က မမဦးတို့ကို အရမ်းကျေးဇူးတင်နေလို့ပါ။ သူ့ခမျာ သိပ်အောင်ချင်နေရှာနေတာ မမဦးရဲ့။ သူဖြေလည်း နိုင်ပါတယ်”

“ဖြေနိုင်ရင် အောင်ပါတယ် သက်သက်ရယ်။ အေးလေ ဒါပေမယ့် ကလေးဆိုတော့လည်း ဒီလိုပေါ့။ ဒါနဲ့ သက်သက် မိဘတွေကော နေထိုင်ကောင်းကြရဲ့လား...”

“ကောင်းပါတယ် မမဦး။ မေမေတို့ကလည်း မမဦးနဲ့တွေ့တဲ့အကြောင်းတွေ ပြောပြလိုက်ပါတယ်။ မေမေကလည်း မှာတယ်။ စစ်ကိုင်းရောက်ရင် အိမ်မှာပဲ တည်းပါဆိုတဲ့အကြောင်းနဲ့ အညာဘက်ကို လိုအပ်တာရှိရင်လည်း မှာပါဆိုတဲ့ အကြောင်း”

မမဦး ခေါင်းညိတ်သည်။ ခင်မြင့်ဆွေကဝင်ပြီး၊

“သက်သက်တို့က ဟိုမှာ သူဌေးမတွေ မမဦးရဲ့။ အိမ်ကြီးကလည်း အကျယ်ကြီး။ မနှစ်က ဆွေ တစ်ခေါက် လိုက်လည်ဖူးတယ်”

“ အင်း... မမဦးကလည်း အဲဒီဘက် ဘုရားဖူးသွားဖို့တော့ စိတ်ကူးရှိပါတယ်။ ဒါပေမယ့် အလုပ်မအားတော့ တော်တော်နဲ့ သွားဖြစ်ဦးမှာ မဟုတ်သေးပါဘူးကွာ။ သွားဖြစ်ရင်တော့ သက်သက် တို့ဆီမှာပဲ တည်းရမှာပါ။ ဟိုမှာ အသိရှိတာ မဟုတ်ဘူး”

“ဟာ... အဲဒီအတွက်တော့ ဘာမှမပူနဲ့ မမဦး။ သက်သက်တို့တာဝန်ထား။ မမဦးတို့ကို အနှံ့လိုက်ပို့ပေးမယ်။ ကောင်းတာက တန်ဆောင်တိုင်ဆို သိပ်ပျော်ဖို့ကောင်းတယ်”

ထိုစဉ် အိမ်ရှေ့တံခါးဘက်မှ ကားတစ်စီး ရပ်သံကြားသဖြင့် မမဦး လှမ်းကြည့်သည်။ ပြီး ဝမ်းသာအားရ ထရပ်၍

“ဩော်.. မမဦး အမျိုးသားတောင် ပြန်လာပြီ။ အတော်ပါပဲ။ သူ့လည်း ကျော်ကျော့် လက်ဆောင် ပြရဦးမယ်”

ပြောရင်းနှင့် တံခါးဆီ လျှောက်သွားသည်။ တံခါးဖွင့်ပြီး နောက်အထဲရောက်လာသော ကိုနိုင်လင်းနှင့်အတူ သက်သက်တို့ဘက် ပြန်လျှောက်လာပြီး

“ လာ... မောင် ဒီမှာ ဆွေတို့၊ သက်သက်တို့လည်း ရောက်နေတယ်။ ဟိုတစ်ခါ လမ်းမှာဆုံတုန်းက ကမန်းကတန်းနဲ့ စကားတောင် သေသေချာချာ မပြောလိုက်ကြရဘူး”

သက်သက်တို့က ပြုံးပြသည်။ ကိုနိုင်လင်းကလည်း မှတ်မိဟန်ဖြင့် ပြန်ပြုံးပြရင်း ...

“ရောက်နေတာ ကြာပြီလား...”

“ မကြာသေးပါဘူး ကိုနိုင်။ အခုပဲ ဆွေတို့ ရောက်တာ”

ခင်မြင့်ဆွေက ပြန်ပြောသည်။ မမဦး စားပွဲပေါ်မှ အထုပ်များကို ညွှန်ပြရင်း

“ဒီမှာ ကြည့်ပါဦး မောင်ရယ်၊ သက်သက်လေ

> **“အေးဗျာ..။ ကောင်းပါတယ်။ တက္ကသိုလ် ကျောင်းတက်တယ်ဆိုတာလည်း အဆောင်မှာ နေရမှ တက္ကသိုလ်ရဲ့ အရသာကို ပိုခံစားရတာ။ ကျောင်းတုန်းက ဒီလောက် မဟုတ်ဘူး။ အခု အလုပ်နဲ့အကိုင်နဲ့ကျမှ ကျောင်းတုန်းက ဘဝလေးကို အရမ်းလွမ်းတာပဲ”**

စစ်ကိုင်းက ပြန်လာလို့ လက်ဆောင်တွေဆိုပြီး ယူလာတာ။ သူ့မောင်လေးကလည်း မောင်နဲ့ မေဦးအတွက်တဲ့ လုံချည်တွေ၊ ပုဆိုးတွေ ထည့်ပေးလိုက်သေးတယ်”

ကိုနိုင်လင်းက အထုပ်အပိုးများကို ကြည့်ပြီး

“ ဟာ... မနည်းပါလား။ အိုး... ထိုးမုန့်တွေလည်း ပါတာပဲ။ အတော်ပဲ ကျွန်တော်က ထိုးမုန့် သိပ်ကြိုက်တာနဲ့”

ရယ်သံဖြင့် ပြောရင်းနဲ့ ဆက်တီတွင် ဝင်ထိုင်သည်။ မမဦးက သူ့ဘေးမှာ ထိုင်၍ အထုပ်ထဲမှ ပုဆိုးကို ထုတ်ပြသည်။

“ရော့... အဲဒါ မောင့်ဖို့ ”

“ အလဲ့... ပလေကတ်ပါလား ပွတာပဲ ”

“ဒါက မေဦးဖို့တဲ့။ ကြည့်ပါဦး လှလိုက်တာ။ ဒီချိတ်မျိုးက ဈေးမနည်းဘူးမောင်”

“မမဦးတို့ အချင်းချင်းကတော့ ခေါ်နေကျမို့ သည်လိုပဲ ခေါ်ကြပြောကြနှင့် ရိုးနေကြသည်ဖြစ်သော်လည်း သက်သက်တို့ကတော့ သည်အသက်၊ သည် အလုပ်အကိုင်ကြီးတွေနှင့် မောင်လို့ ပြောဆိုနေပုံကို နားထဲ တစ်မျိုးဖြစ်နေကြသည်။

ဆရာမကြီး၏ အချွဲအနွဲ့ ကလေးတွေကိုလည်း ရယ်ချင်သလိုဖြစ်နေသည်။

“ အင်းလေ... ယောကျ်ားက သိပ်ငယ်နေတော့လည်း ဒီလိုပဲ ချွဲပေးနွဲ့ပေးရမှာပေါ့”ဟု တွေးရင်း ပြုံးရုံသာ ပြုံးကြည့်နေမိသည်။

ကိုနိုင်လင်းကတော့ ပုံမှန်လေသံဖြင့်ပင်

“ဟုတ်ပါရဲ့၊ လှသားပဲ မမရဲ့။ မမနဲ့ လိုက်ပါတယ်”

“ အဲဒါ သက်သက်က ပြောနေတယ်။ စစ်ကိုင်း ရောက်ရင် သူတို့အိမ်မှာ တည်းတဲ့။ ဘုရားစုံ လိုက်ပို့ပေးမတဲ့။ တစ်ခေါက်လောက်တော့ မောင်နဲ့မေဦး သွားလည်ရအောင်”

ကိုနိုင်လင်းက ခေါင်းညိတ်သည်။ ပြီးမှ သက်သက်ဘက်လှည့်၍

“သက်သက်တို့က စစ်ကိုင်းကလား”

“ဟုတ်ကဲ့”

“အခု ရန်ကုန်မှာ ကျောင်းတက်တော့ကော အဆောင်တွေ ဘာတွေရလား ”

“ရပါတယ်၊ မမဆွေနဲ့ သက်သက်နဲ့က အဆောင်မှာ တစ်ခန်းတည်း”

“ဩော်... ဒါဖြင့် မာလာမှာပေါ့ ”

“ဟုတ်ပါတယ်”

“အေးဗျာ..။ ကောင်းပါတယ်။ တက္ကသိုလ် ကျောင်းတက်တယ်ဆိုတာလည်း အဆောင်မှာ နေရမှ တက္ကသိုလ်ရဲ့ အရသာကို ပိုခံစားရတာ။ ကျောင်းတုန်းက ဒီလောက် မဟုတ်ဘူး။ အခုအလုပ်နဲ့အကိုင်နဲ့ကျမှ ကျောင်းတုန်းက ဘဝလေးကို အရမ်းလွမ်းတာပဲ”

သက်သက် ပြုံးနေလိုက်သည်။

ဘာမှ ပြန်မပြောခင် ခင်မြင့်ဆွေက ဝင်ပြီး

“ဘာလဲ ကျောင်းတုန်းက မမဦး မသိအောင် ရည်းစားခိုးထားခဲ့တာတွေကိုလား...”

“ဟာ... မဟုတ်ပါဘူး မမဆွေကလည်း ကျွန်တော်က ကျောင်းတုန်းက အရမ်းလိမ္မာတာ သိတယ် မဟုတ်လား။ မလိမ္မာလို့လည်း မရဘူးလေ။ ဆရာမ တစ်ယောက်လုံးက မျက်ခြည်ပြတ် မခံဘဲ ထိန်းသိမ်းစောင့်ရှောက်ခဲ့တာကိုး”

“ အမယ်... ။ ဒါတောင် ဒီကြားထဲက ဘာတွေ ဘယ်လို ခိုးရှုပ်ခဲ့သလဲမသိဘူး မဟုတ်လား။ မောင့် အကြောင်း မသိရင် ခက်မယ် ”

ကိုနိုင်လင်း စကားအဆုံးမှာ မမဦးက မျက်စောင်းဖြင့် ဝင်ပြောသည်။ ခင်မြင့်ဆွေက ရယ်လျက်ဖြင့်

“နေပါဦး ကိုနိုင်၊ အခုနက အလုပ်ပြောလို့၊ ကိုနိုင် ဘာလုပ်နေလို့လဲ။ ရုံးက ထွက်လိုက်ပြီဆို”

“ ဟုတ်တယ်။ ကျွန်တော် အလုပ်က ထွက်တာ သုံးလ လောက်ရှိပြီ မဆွေ။ ရန်ကုန်ကို မမ ပြောင်းလာပြီးတော့ ထွက်လိုက်တာပဲ။ ရုံးအလုပ်က အဆင်မပြေပါဘူး။ အခုတော့အပြင်အလုပ်ပဲ လုပ်နေတယ်”

“ဘာအလုပ်လဲ ”

“အဆောက်အအုံ ကန်ထရိုက်ပါ။ တစ်ယောက်တည်းတော့ မဟုတ်ဘူး၊ အဖွဲ့နဲ့။ တိုက်လေး ဘာလေး ဆောက်ချင်ရင် ပြော။ ဘိလပ်မြေနည်းနည်း၊ သဲနဲ့ ထုံးများများနဲ့ သုံးထပ်တိုက် ဆောက်ပေးမယ်။ အချင်းချင်းဆို သိပ်အမြတ်အစားပါဘူး။ ကန်ထရိုက်အတွက် နှစ်သိန်း၊ သုံးသိန်းလောက်ကျန်ရင် တော်ပါပြီ”

ခင်မြင့်ဆွေက ရယ်မိရင်း

“ အမယ်လေး... ။ ကန်ထရိုက်အတွက် သိပ်မကျန်ပါလား။ စဉ်းစဉ်းစားစားလည်း လုပ်ဦးနော်”

“မောင်ကလည်း လျှောက်နောက်နေပြန်ပြီ။ တော်ကြာ သက်သက်တို့က တကယ် အောက်မေ့နေပါဦးမယ် ”

“တကယ်အောက်မေ့လည်း ကိစ္စ မရှိပါဘူး မမရဲ့။ သက်သက်က အမြတ်ခွန်ဌာနကမှ မဟုတ်တာ..”

ကိုနိုင်လင်း ရောက်ကာမှ ဝိုင်းကလေးက ပိုစည်သလိုဖြစ်သွားသည်။

သက်သက်ရယ်တော့ ရယ်နေသည်။ ပြောသမျှလည်း နားထောင်နေသည်။ သို့သော် စိတ်ထဲမှာတော့ တစ်ခုခုထူးခြားနေသည်ဟု အောက်မေ့၏။ ဘာမှန်းတော့ သေချာမသိ။

ထိုနေ့ နံနက်စာကို မမဦးအိမ်မှာပဲ အတင်းစားခိုင်းသဖြင့် သက်သက်တို့နှစ်ယောက် ထမင်းစားပြီးမှ ပြန်ရသည်။

အဆင်သင့်ချင်တော့ အပြန်မှာလည်း အငှားကားဖြင့် မပြန်ရ။ ကိုနိုင်လင်းကလည်း ပြည်လမ်း (၇)မိုင်ခွဲမှ သူတို့အဖွဲ့ဆောက်နေသည့် တိုက်ဆီသို့ သွားရမည်ဖြစ်ရာ လမ်းသင့်နေသဖြင့် ခင်မြင့်ဆွေ ကားကြုံစီးခွင့်ရသည်။

ကားက ‘ဈ’ နံပါတ်။ (၁၉၄၇)ခုနှစ် မော်ဒယ်လ် ကိုရိုလာ ဆလွန်းကားလေး။ အရောင်က မြင်းချေးရောင်။ သက်သက်နှင့် ခင်မြင့်ဆွေက နောက်ခန်းမှာ ထိုင်သည်။ ကိုနိုင်လင်းက မမဦးထက်ပင် ဖော်ဖော်ရွေရွေ ရှိ၏။

“မမဆွေတို့ နှစ်ယောက်စလုံး နောက်ဆုံးနှစ်နော်”

ကျောက်ကုန်း၊ ကျောက်ကုန်းမှ ဆင်း၍ ကံဘဲ့လမ်းမပေါ် ရောက်သည်တွင် ကိုနိုင်လင်းက ရှေ့ခန်းမှနေ၍ နောက်ကို မလှည့်ဘဲ နောက်ကြည့်မှန်ထဲက တစ်ဆင့် လှမ်းကြည့်ရင်း မေးသည်။

ခင်မြင့်ဆွေက ခေါင်းညိတ်ပြီး

“ ဟုတ်တယ် ကိုနိုင်။ ဘာဖြစ်လို့လဲ”

“ဘာမှ မဖြစ်ပါဘူး။ နောက်ဆုံးနှစ် ကျောင်းပြီးလို့ အလုပ်မရခင် တစ်ခုခုလုပ်ချင်တယ်ဆို ပြောလို့ ပြောမလို့ပါ”

စာမျက်နှာ ၂၇ သို့ ❍

# ကျိုင်းတုံမြို့ မြို့ရှောင်လမ်းဖောက်လုပ်နေမှုနှင့် မြို့ရေပေးဝေရေးလုပ်ငန်းများ ကြည့်ရှု



**ကျိုင်းတုံ ဇွန် ၁၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ယာဉ်ကြော ပိတ်ဆို့မှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး မြို့ရှောင်လမ်းဖောက်လုပ်နေမှုနှင့် မြို့ရေပေးဝေရေး လုပ်ငန်းများကို ဇွန် ၁၂ ရက် နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မှာကြား**

ကျိုင်းတုံမြို့ရေပေးဝေလုပ်ငန်းအတွက် ကျိုင်းတုံ-တောင်ကြီး လမ်းမကြီးအနီး ၉ မိုင် ပန်ကျင်ချောင်းရေထွက်နှင့် ၁၁ မိုင် ရေတံခွန် ရေထွက်တို့တွင် ရေတားတမံ၊ ရေစစ်ကန်၊ ရေစုကန်ဆောင်ရွက်နိုင်ရေး၊ ရေပိုက်လိုင်းများ သွယ်တန်းရာတွင် စနစ်တကျဖြစ်စေရေးနှင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ လက်ရှိ မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး ပြည်သူများ သောက်သုံးရေ ဖူလုံစွာ သုံးစွဲရရှိနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့မှတစ်ဆင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ (ရှမ်းအရှေ့) ဥက္ကဋ္ဌတို့သည် ကျိုင်းတုံမြို့၌ ယာဉ်ကြောပိတ်ဆို့မှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် ကျိုင်းတုံခရိုင် လမ်းဦးစီးဌာနက ပြည်ထောင်စု ခွင့်ပြု/ ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျိုင်းတုံမြို့ ကျိုင်းဖောင်း ကျန်းမာရေး စစ်ဆေးဂိတ်အနီး(၆၂၉ ဒသမ ၀၂ km) မိုင်တိုင်အမှတ်မှ စတင်ကာ နောင်နွမ်း ပူးပေါင်းဂိတ်အနီး (၆၃၉ km) မိုင်တိုင်အမှတ်အထိ ကတ္တရာ ကွန်ကရစ် မြို့ရှောင်လမ်း ဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# တိုက်ပွဲရှောင်ပြည်သူများအတွက် လှူဒါန်း

**ကျေးသီး ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်းရှိဟော်ခမ်းဘုန်းတော်ကြီးကျောင်း၊ မြို့ဦးဘုန်းတော်ကြီးကျောင်း၊ (၂)မိုင်ဘုန်းတော်ကြီးကျောင်း၊ နောင်ဆွမ်းဘုန်းတော်ကြီးကျောင်းနှင့် နောင်ဝိုးဘုန်းတော်ကြီးကျောင်းတို့၌ ခေတ္တခိုလှုံနေသည့် တိုက်ပွဲရှောင်ပြည်သူ ၂၀၀၀ ကျော်အတွက် စေတနာရှင်ပြည်သူများက အခြေခံစားသောက်ကုန်များ၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီခန့်က မြို့ဦးဘုန်းတော်ကြီးကျောင်း၌ လာရောက်လှူဒါန်းသည်။

စေတနာရှင်ပြည်သူများက ကျေးသီးမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ကြက်ဥ၊ ခေါက်ဆွဲ၊ ရေသန့်အစရှိသည့် အခြေခံစားသောက်ကုန်များ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ ပလတ်စတစ်ဖျာများ စသည်တို့ကို လာရောက်လှူဒါန်းခဲ့ရာ ကျေးသီးမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးထူးထက်နှင့် မြို့နယ်တိုက်ပွဲရှောင်စခန်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်တို့က လက်ခံရယူခဲ့ပြီး တိုက်ပွဲရှောင်ပြည်သူများအတွက် စားဝတ်နေရေး တာဝန်ယူဆောင်ရွက်ပေးနေသည့် တာဝန်ရှိသူထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆင်လူးငန်းစပ်ဆည်တွင် ငါးမျိုးစိုက်ထည့်

**နေပြည်တော် ဇွန် ၁၃**

နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတရေရှည်တည်တံ့ပွားများစေရန်၊ ငါးရိက္ခာနှင့်ငါးထုတ်ကုန်မြင့်မားစေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေရန်၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းနှင့်ဝင်ငွေရရှိစေရန်ရည်ရွယ်ကာ ဥတ္တရသီရိမြို့နယ်ရှိ ဆင်လူးငန်းစပ်ဆည်တွင် ငါးမျိုးစိုက်ထည့်ခြင်းကို ဇွန် ၁၂ ရက်က ဆောင်ရွက်ခဲ့သည်။

ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းငါးသားပေါက်ကောင်ရေ ၂၀၀၀၀ အား နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ညိုညိုအေးနှင့်အတူ ငါးလုပ်ငန်းဦးစီးဌာန ခရိုင်၊ မြို့နယ်တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ဆည်အတွင်းသို့ ငါးမျိုး စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **အောင်ကို(ပြန်/ဆက်)**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

○ စာမျက်နှာ ၂၆ မှ

" ဘာလဲ ကိုနိုင်က အလုပ်ပေးမလို့လား"

" ဟုတ်တယ်။ ကျွန်တော်တို့အဖွဲ့မှာ စာရင်းကိုင်တစ်ယောက်လောက် ထားချင်လို့။ အခုလောလောဆယ်တော့ မလိုသေးဘူး။ ဒါပေမဲ့နောက်ပိုင်း အလုပ်များလာရင် ကျွန်တော်တို့ဟာ ကျွန်တော်တို့ နိုင်မှာမဟုတ်ဘူး"

"စာရင်းကိုင်ဆိုတော့ ဘယ်လိုလုပ်ရမှာလဲ။ ကိုနိုင်တို့ ဆောက်တဲ့နေရာတွေ လျှောက်သွားနေရမှာလား..."

"ဟာ.. ဘယ်ဟုတ်မလဲ။ ကျွန်တော်တို့မှာ ရုံးခန်းရှိတာပဲ။ အခုလောလောဆယ်ကို လက်နှိပ်စက်ရိုက်တဲ့ အမျိုးသမီးတစ်ယောက်နဲ့ စာရေးလုပ်တဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်။ ကျွန်တော်တို့အဖွဲ့က ငါးယောက်က တစ်လှည့်စီ ရုံးထိုင်ပေးတယ်။ ကျန်တဲ့ သူတွေက ဆောက်တဲ့နေရာကို သွားရတာပေါ့။ စာရင်းကိုင်ကတော့ ရုံးမှာ ထိုင်ပေးရုံပဲ"

"အဲလိုဆိုတော့ မဆိုးပါဘူး။ ကိုနိုင်တို့ ရုံးက ဘယ်မှာလဲ"

"(၃၂)လမ်း အောက်ဘလောက်မှာ။ အခုအခန်းကတော့ကျဉ်းတယ်။ လုပ်ငန်းတိုးချဲ့လို့ရအောင် ရုံးခန်းတစ်ခုလည်း ကျယ်ကျယ်ရအောင် ရှာနေတယ်"

"လခကရော ကိုနိုင်တို့ ဘယ်လောက်ပေးမှာလဲ"

" အဲဒါတော့ အဖွဲ့နဲ့ ညှိရမှာပေါ့။ အနည်းဆုံး သုံးရာလောက်တော့ ရမှာပါ"

" အမယ်... ။ အဲဒါဆို ခုတောင် လုပ်လိုက်ချင်သေးတယ်။ အစိုးရအလုပ်က တစ်နှစ်၊ နှစ်နှစ်လောက် စောင့်ရဦးမှာ။ အလုပ်မရခင်စပ်ကြား အတော်ပဲပေါ့"

ကိုနိုင်လင်း ရယ်သည်။

" အခုတော့ နေပါဦး။ စာမေးပွဲလေးတွေ စိတ်အေးချမ်းသာစွာ ဖြေလိုက်ကြဦး။ ခုလောလောဆယ် ကျွန်တော်တို့ လုပ်ငန်းကလည်း သိပ်မများသေးပါဘူး။ စခါစပဲ ရှိသေးတာဆိုတော့ ရှိတဲ့လူနဲ့ နိုင်သေးတယ်"

"အင်း၊ ကိုနိုင် လိုရင်ပြောပေါ့။ ဆွေတို့ မလုပ်နိုင်တောင် လုပ်နိုင်တဲ့သူ ရှာပေးမယ်လေ။ ယောကျ်ားလေး သူငယ်ချင်းတွေလည်း ရှိတာပဲဟာ... "

"အင်း... လိုတာနဲ့ ကျွန်တော် မမဦးက တစ်ဆင့်မှာ လိုက်မယ်လေ။ အခုဟာကတော့ စကားစပ်မိတာနဲ့ မေးကြည့်တာပါ။ မဆွေကော၊ သက်သက်ကော နှစ်ယောက်စလုံး စီးပွားရေးတက္ကသိုလ်ဆိုတော့ နဂိုက စိတ်ကူးရှိတာလေး စိတ်ထဲသွားသတိရလို့ "

" သူတို့နှစ်ယောက် မိတ်ဟောင်းဆွေဟောင်းချင်း ပြောနေသဖြင့် သက်သက် ဘာမှ ဝင်မပြောဘဲ အပြင်ဘက် ငေးကြည့်နေမိသည်။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် သက်သက် ဒါတွေလည်း သိပ်စိတ်မဝင်စားသေး။ အခုအချိန်မှာ ကျောင်းပြီးသွား၍ ကိုယ့် သူငယ်ချင်းတွေနှင့်ကိုယ် လွတ်လွတ်လပ်လပ် မနေရတော့မှာသာ တွေးပူနေမိသည်။

ထိုအချိန်က မေလမို့ စာမေးပွဲတွေ ဖြေရန်လည်း အဝေးကြီး မလိုတော့။

သို့သော် တစ်ဖက်က စာကြည့်ရင်း ကုတ်ကတ်ပျော်မည်ဆိုက ပျော်စရာအချိန် လေး၊ ငါးလတော့ ရနိုင်သေး၏။

x x x x x

(ဆက်လက်ဖော်ပြပါမည်)

(ဆရာနွမ်ဂျာသိုင်း၏ "ဒေါင်းယာဉ်ပျံ ဘုံနန်းဘေးမှာ စာရေးလို့ထားချင်တယ်" စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ **စာတည်း**

# ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး



**ရန်ကုန်**

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်တွင် ဇွန်၁၂ ရက် နံနက် ၁၀ နာရီက ပြည်အရှေ့ရပ်ကွက် စစ်တပ်ဝင်းအတွင်း ပန်းခင်းစီမံချက်ဖြင့်တပ်မိသားစုဝင်များနှင့် အသက် (၁၈)နှစ် ပြည့်ပြီးသူ နိုင်ငံသားစိစစ်ရေး ကတ်ပြားမရှိသူများအား နိုင်ငံသားစိစစ်ရေး ကတ်များ ပြုလုပ်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ် နိုင်၃(က)မှ နိုင်၆(က)သို့ လဲလှယ်ပေးခြင်း၊ ပျောက်ဆုံး/ ပျက်စီးသူများအား အသစ်ပြုလုပ် လဲလှယ်ပေးခြင်းများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက နယ်လှည့် ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ပန်းခင်းစီမံချက်အား ကွင်းဆင်း ဆောင်ရွက်ရာတွင် အသက်(၁၀)နှစ်ပြည့်သူ ၁၈ ဦး၊ အသက် (၁၈)နှစ် ပြည့်ပြီးသူ နှစ်ဦး၊ အသက်(၁၀) နှစ်ပြည့်မှ အသက် (၁၈) နှစ်ပြည့်သို့ ကတ် လဲလှယ်သူ ၁၁ ဦးနှင့် နိုင်ငံသား စိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးသူ ၂၇ ဦးတို့အား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ပဲခူး**

ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဆောင်သော ဝန်ထမ်းများသည် ပဲခူးမြို့နယ်အတွင်း၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်ပေါင်း ၄၀ နှင့် ကျေးရွာအုပ်စုပေါင်း ၆၆ အုပ်စုရှိပြီး လူဦးရေငါးသိန်းကျော် နေထိုင်လျက်ရှိကြောင်း၊ မေ ၃ ရက်မှ ယနေ့ထိ အိမ်ထောင်စု ၅၁၅ စုနှင့်နိုင်ငံသားစိစစ်ရေးကတ် ၂၂၂၅ ခု ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသော ရပ်ကွက်၊ ကျေးရွာအုပ်စုများ ကိုလည်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်ထံမှ သိရသည်။

**ဌေးဌေးကြည်(ခရိုင်ပြန်/ဆက်)**

# အားကစား၊ ကြော်ငြာ

## ❂ တိုက်စစ်မှူး လူကာကူမှ

ဘယ်လ်ဂျီယံအသင်းနဲ့ ရုရှားအသင်းတို့ပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၀ မိနစ်နဲ့ ၈၈ မိနစ်တို့မှာ တိုက်စစ်မှူး လူကာကူနှစ်ဂိုးနဲ့ ပွဲကစားချိန် ၃၄ မိနစ်မှာ မီအူနီယာကတစ်ဂိုးအသီးသီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းဟာ မန်စီးတီး အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ နှာခေါင်းနဲ့ မျက်လုံး ဒဏ်ရာအနည်းငယ်ရရှိခဲ့တဲ့ ကီဗင်ဒီဘရိုင်း ပါဝင်လာခြင်း မရှိတာကလွဲရင် လူစုံထုတ်ပွဲထွက်လာနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ ရုရှားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ယူရို ၂၀၂၀ ပြိုင်ပွဲ အဖွင့်ပွဲစဉ်မှာ အနိုင်ရလဒ်နဲ့ စတင်ခဲ့ပြီလည်းဖြစ်ပါတယ်။ အုပ်စု(B)ရဲ့ အခြားသောပွဲစဉ် တစ်ပွဲဖြစ်တဲ့ ဒိန်းမတ်အသင်းနဲ့ ဖင်လန်အသင်းတို့ပွဲစဉ်မှာ ဖင်လန်အသင်းက ဒိန်းမတ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အုပ်စုအဆင့်အဖွင့်ပွဲစဉ် တစ်ပွဲစီ ယှဉ်ပြိုင်ကစားပြီးချိန်မှာ နည်းပြရောဘတ်တိုမာတီနက်ရဲ့ ဘယ်လ်ဂျီယံအသင်းဟာ ထိပ်ဆုံးမှာ ရပ်တည်နေပြီး ဖင်လန် အသင်းက ဒုတိယနေရာမှာ ရပ်တည်နေကာ ရှုံးပွဲကိုယ်စီ ကြုံတွေ့ခဲ့တဲ့ ဒိန်းမတ်အသင်းနဲ့ ရုရှားအသင်းတို့ကတော့ အုပ်စုအဆင့် တတိယနေရာနဲ့ စတုတ္ထနေရာတို့မှာ ရပ်တည် နေတာဖြစ်ပါတယ်။

အဖွင့်ပွဲစဉ် ကိုယ်စီကစားခဲ့ပြီးဖြစ်တဲ့ အုပ်စု(A)မှာတော့ အီတလီအသင်းက တူရကီအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင် ရရှိထားခဲ့တာကြောင့် အုပ်စုအဆင့်ထိပ်ဆုံးမှာ ရပ်တည် နေပြီး ဝေးလ်အသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ကတော့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကာ ရမှတ် တစ်မှတ်စီနဲ့ အုပ်စုအဆင့် ဒုတိယနေရာနဲ့ တတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ တူရကီအသင်းကတော့ အုပ်စု အဆင့် စတုတ္ထနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

## ❒ အာဆီယံမှ

မဲခွဲမည့်ရက် ထုတ်ပြန်ထားပြီးဖြစ်သည်။ ယခုနှစ်မှ ပြန်လည် ကျင်းပမည်ဖြစ်သော်လည်း ၂၀၂၀ အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲအမည်ဖြင့် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပြုလုပ် မည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် နောက်ဆုံးကျင်းပခဲ့ သည့် ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ဆက်လက်ကျင်းပလိုသော် လည်း ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကို စောင့်ကြည့် နေခြင်းဖြစ်ပြီး ဇူလိုင်တွင် အတည်ပြုသွားမည်ဖြစ်သည်။ ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံ သီးခြား ရွေးချယ်ခြင်းမရှိဘဲ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အုပ်စု လေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ကစားရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ စနစ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ကပ်ရောဂါကြောင့် ယင်းပုံစံအတိုင်း ကျင်းပနိုင်ခြင်း မရှိပါက အိမ်ရှင်နိုင်ငံ တစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံရွေးချယ်၍ ပွဲအားလုံးကို ယင်းနိုင်ငံများတွင် ကျင်းပသွားမည်ဖြစ် သည်။

ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို ဩဂုတ် ၁၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲမှာ အရှေ့တောင်အာရှဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်ပြီး မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံအားလုံး ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၁၂ ကြိမ် ကျင်းပထားပြီးဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် ၁၂ ကြိမ်တွင် ထိုင်းအသင်းက ချန်ပီယံဆု ငါးကြိမ်၊ စင်ကာပူအသင်းက ချန်ပီယံဆု လေးကြိမ်၊ ဗီယက်နမ်အသင်းက ချန်ပီယံဆု နှစ်ကြိမ်၊ မလေးရှားအသင်းက ချန်ပီယံဆုတစ်ကြိမ်ရရှိထားသည်။

**ကိုညီလေး**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးသောဒေသများတွင် ဘာတွေသတိထားရမှာလဲ?

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုအန္တရာယ်၊ ရုတ်တရက် ရေလွှမ်းမိုးမှုအန္တရာယ်၊ မိုးကြိုးအန္တရာယ်၊ မြေပြိုမှုအန္တရာယ်၊ လျှပ်စစ်ဓါတ်လိုက်မှုအန္တရာယ်၊ ထိခိုက်မှုအန္တရာယ်၊ မြွေကိုက်မှုအန္တရာယ်၊ အအေးမိ၍ ဖျားနာခြင်း၊ အဆုတ်ရောင်ခြင်း၊ ကူးစက်ရောဂါများဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့် ရောဂါနှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ သို့ဖြစ်ပါ၍-

၁။ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ ထုတ်ပြန်သော **လိုက်နာဆောင်ရွက်ရမည့်သတိပေးချက်များကို တိကျစွာ လိုက်နာပါ။**

၂။ ရေလွှမ်းမိုးနေချိန်တွင် သက်ဆိုင်ရာမှ **ညွှန်ကြားချက်ရမှသာ ယာယီနားခိုနေသော အဆောက်အဦး၊ အမိုးအကာများအောက်မှ ထွက်ခွာပါ၊ ချိုင့်ခွက်နှင့် မြောင်းများအတွင်းသို့ ချော်ကျ၍ ရေနစ်နိုင်သည့် အန္တရာယ်ရှိသောကြောင့် သတိပြု၍ သွားလာပါ။**

၃။ **လျှပ်စစ်ဓါတ်လိုက်မှုအန္တရာယ်ရှိ၍ သတိပြုသွားလာပါ။**

၄။ **မြွေအန္တရာယ်ကြုံတွေ့ရတတ်သဖြင့် သတိပြုပါ။**

၅။ **ထိခိုက်ဒဏ်ရာရရှိပါက** ဆေးရုံများနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများတွင် **ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။**

၆။ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အစားအစာနှင့် ရေမှတစ်ဆင့် ကူးစက်တက်သော ရောဂါများဖြစ်ပွား နိုင်သဖြင့် **ကျိုချက်ထားသောရေ (သို့မဟုတ်) ကလိုရင်းဆေးခတ်ထားသော ရေကိုသာသောက်ပါ။ မြစ်ရေ၊ ချောင်းရေနှင့် မသန့်ရှင်းသောရေများကို မသောက်ပါနှင့်။**

၇။ အစာအဆိပ်သင့်မှု မဖြစ်စေရန် **ရေမျောအစားအစာများနှင့် စည်သွတ်ဗူးများ၊ အခြားအမျိုးအမည်မသိ အစားအစာများ မစားသောက်ပါနှင့်။** (အစားအစာများကို မစားသောက်မီ စစ်ဆေးပါ။)

၈။ **ရက်လွန်အစားအစာများနှင့် လတ်ဆတ်မှုမရှိသော အစားအစာ၊ သိုးနေသောအစားအစာများနှင့် သန့်ရှင်းမှုမရှိသော အစားအစာများကို မစားပါနှင့်။ အမှည့်လွန် အသီးများ မစားပါနှင့်။**

၉။ သောက်သုံးရေအရင်းအမြစ်များနှင့် **ရေတွင်းရေကန်များအနီး အညစ်အကြေးမစွန့်ပါနှင့်။**

၁၀။ **အအေးမမိစေရန် အမိုးအကာအောက်တွင်နေပါ။ နွေးထွေးသောအဝတ်များဝတ်ဆင်ထားပါ။** (ကလေး သူငယ်များကို အထူးဂရုစိုက်ပါ။)

၁၁။ **တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ပါ။**

၁၂။ **နာမကျန်းဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။**




## ■ နိုင်ငံတကာပြိုင်ပွဲမှ

မြန်မာရိုးရာလှေအဖွဲ့သည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက တစ်နှစ် ကျော်ကြာ လှေကျင့်မှုရပ်နားထားရသဖြင့် ပြန်လည်လှေကျင့်ပေးနေခြင်း ဖြစ်ပြီး ကစားသမား ၃၀ ကျော် ရွေးချယ်လှေကျင့်ပေးလျက်ရှိသည်။

မြန်မာရိုးရာလှေအဖွဲ့သည် လာမည့်နှစ်တွင် အာရှသဲသောင်ပြင်အား ကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲအပါအဝင် အခြားနိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခုနှစ်တွင်မူ နိုဝင်ဘာတွင်ပြုလုပ်မည့် ကမ္ဘာ့ နဂါးလှေပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေသည်။ မြန်မာရိုးရာလှေအဖွဲ့ သည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

**ကိုညီလေး**







### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်(၇၃၂)၊ အကျယ်အဝန်း(အလျားပေ ၄၇xအနံပေ ၆၀)၊ ဧရိယာ(၀.၀၆၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ စောရန်ပိုင်လမ်း၊ အမှတ်(၇၃၂) ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား မြို့မြေ စာရင်းတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားသူဖြစ်သည့် ဒေါ်ခင်ခင်လေး[၁၂/မဂတ(နိုင်)၀၆၅၄၃၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက် တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ် မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေကွက်အမှတ်(၉၈)၊ မြေတိုင်း အမှတ်-ရွှေလင်းဗန်း(၂၈)၊ ဝန်ထမ်းကြီးအိမ်ရာ၊ ဧရိယာ(အလျား ၆၀x အနံ ၈၀)ပေအား ပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စီသန်း [၁၂/ကမတ(နိုင်) ၀၃၆၁၇၃]ထံမှ ကျွန်တော်ဦးမျိုးမင်းဦး [၁၂/အစန(နိုင်)၁၇၀၂၅၆]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ထက်ဝက်ကျော်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူများက ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်းများနှင့်အတူ ကျွန်တော်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းဦး**
**အမှတ်(၁၈၇၉)က၊ မန္တလေးလမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။**
**ဖုန်း-၀၉-၅၀၄၅၁၂၄**

### ဦးနိုင်လင်းထက်[၁၂/စခန(နိုင်)၀၅၉၀၂၆]နှင့် အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ မြတ်မွန်လမ်း၊ အမှတ်(၆၂၁)နေ ဒေါ်စောမေ[၁၂/ဥကတ(နိုင်)၀၄၅၆၂၂]၏ လွှဲအပ်ညွှန်ကြားချက် အရ-

လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်စောမေပိုင်ဆိုင်သည့် ဖော်ပြပါ လိပ်စာဖြစ်သော ဂရန်မြေ ပေ(၄၀x၆၀)ပေါ်ရှိ နေအိမ်ခြံမြေအား ကာလတန်ဖိုး ၁၄၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်ထောင့်လေးရာတိတိ)ဖြင့် ဝယ်ယူခဲ့ရာ (၃၀-၄-၂၀၂၁) ရက်စွဲပါ စရန်ပေးစာချုပ်ဖြင့် ၁၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်ရာတိတိကို ပေးချေခဲ့ပါသည်။ ထပ်မံ၍ ကျန်ငွေများပေးချေရန် ဒုတိယအကြိမ်၊ တတိယ အကြိမ်နှင့် အပြီးသတ်နောက်ဆုံးအကြိမ်ဟူ၍ နေ့ရက်၊ ငွေပမာဏ၊ လုပ်ငန်း ဆောင်တာတို့အသီးသီးကို ခွဲခြားသတ်မှတ်ခဲ့ပါသည်။ သို့သော် (၃၀-၄-၂၀၂၁)ရက် စရန်ပေးစာချုပ်ပါ သဘောတူစည်းကမ်းချက်များကို လူကြီးမင်းဘက်က စတင် ဖောက်ဖျက်ခဲ့သော်လည်း ကျွန်ုပ်မိတ်ဆွေမှ လူမှုရေးစာနာနားလည်မှုဖြင့် (၂-၆-၂၀၂၁)ရက်စွဲပါ "အသိပေးအကြောင်းကြားစာ"အား လူကြီးမင်းထံ ပေးပို့ခဲ့ပါ သည်။ သို့ရာတွင် တိကျခိုင်မာသော ဖြေရှင်းဆောင်ရွက်မှုမရှိဘဲ ထပ်မံပျက်ကွက် ခဲ့ပါသည်။ ထို့ကြောင့် (၃၀-၄-၂၀၂၁)ရက်စွဲပါ စရန်ပေးစာချုပ်အရ စရန်ငွေများ ဆုံးရှုံးသွားပြီဖြစ်၍ ဖော်ပြပါဂရန်မြေနှင့်အဆောက်အဦအား မူလပိုင်ရှင်ဖြစ်သူ ကျွန်ုပ်မိတ်ဆွေ ဒေါ်စောမေကပင် ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်လျက် စီမံ ပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့် ဆိုင်ရေးဆိုင်ရာ တစ်စုံတစ်ရာအား ဥပဒေမဲ့ဝင်ရောက် စွက်ဖက်နှောင့်ယှက်ဟန့်တားလာသူ မည်သူမဆိုတည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးနိုင်လင်းထက်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနွယ်ဖြိုး LL.B(Q)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၃၈/၃၁-၅-၂၀၁၆)**
**အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၈၃၇၇၈၂၄၁**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဈေးကွယ်(က)ရပ်ကွက်၊ အသောကလမ်း၊ အမှတ်(၁၀)၏ (၈)လွှာအေ၊ ခေါင်းရင်းခန်းတိုက်ခန်း တစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင် လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးသိန်း[၇/မလန(နိုင်)၀၀၄၁၉၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူ သဖြင့် စရန်ငွေပေးချေထားပြီဖြစ်ပါ၍ ၎င်းအရောင်းအဝယ်ကို ကန့်ကွက် လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဖေခင်** | **ဒေါ်မီမီရှိန်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၆၈၆၈)** | **(စဉ်-၇၂၂၅)** |
| **Ph:09-975844428** | **Ph:09-5105371** |

**အမှတ်(၃-ဘီ)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**


### ရန်ကုန်မြို့၊ ညောင်ပင်လေးဈေးအိမ်ရာ(ဂုလွှာ)/အခန်း(7/G)ဝယ်မည်၊ ကန့်ကွက်နိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊(၇)ရပ်ကွက်၊လမ်းမတော်လမ်းနှင့်ကမ်းနားလမ်းထောင့် ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ညောင်ပင် လေးဈေးအပေါ်ထပ်၊"ညောင်ပင်လေးဈေးအိမ်ရာ"၏(၇)လွှာအခန်းအမှတ်(7/G)အကျယ်အဝန်း(၄၀ပေ × ၄၀ပေ)ခန့်ရှိ(c)အဆောက် ကွန်ဒိုတိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင်တွယ်ကပ်ဆက်စပ်လျက်ရှိသောအကျိုး ခံစားခွင့်အားလုံးကို "အဆောက်အအုံနေထိုင်ခွင့်"အမည်ပေါက် "ဒေါ်မြမြခိုင်"(၁၄/ဝခမ(နိုင်)၁၀၄၁၇၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်သည်။ ယင်းကွန်ဒိုတိုက် ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံ တွင် ညောင်ပင်လေးဈေးအိမ်ရာအခန်း(7/G)အဆောက်အအုံ နေထိုင်ခွင့်စာချုပ်(မူရင်း)နှင့် ပိုင်ဆိုင်မှုစာ ချုပ်(မူရင်း)များလာရောက်ပြသကန့်ကွက်နိုင်သည်။ (၇)ရက်ကျော်လွန်ပါက "ကွန်ဒိုတိုက်ခန်းအရောင်း အဝယ်"ကို အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများ**
**ဒေါက်တာရာမြင့်အောင်(မောင်ကောင်းဖေ)**
**အိမ်ခြံမြေစာချုပ်စာတမ်းရှေ့နေမောင်ကောင်းဖေ**
LL.B.,DML (စဉ် - ၄၉၀၈/၈၉)၊
**ဦးတင်မောင်မြင့်(ကြယ်နီလေး)**
LL.B.,DIL (စဉ် - ၇၇၀၅/၁၀)
Law Firm&Publication - 09 780555924
၁၇၆၆၊ ရှေ့တက်အောက်ခေါ်လမ်း (၅၅)ရပ်ကွက်၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူ ဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (၁) | အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု | - ၈၂၀ သိန်း |
| (၂) | အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် | - ၆၇၆ သိန်း |
| (၃) | ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု | - ၄၃၂၁ သိန်း |
| (၄) | ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် | - ၈၀၅ သိန်း |
| (၅) | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် | - ၇၂ သိန်း |
| (၆) | မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် | - ၇ သိန်း |
| (၇) | မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် | - ၁၅ သိန်း |
| (၈) | မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် | - ၄.၁ သိန်း |
| (၉) | မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် | - ၃၁ သိန်း |
| (၁၀) | စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် | - ၄.၇ သိန်း |
| (၁၁) | ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် | - ၂ သိန်း |
| (၁၂) | ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် | - ၃.၆ သိန်း |
| (၁၃) | မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း | - ၁၉၁၄ သိန်း |
| (၁၄) | အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် | - ၄၉၀ သိန်း |
| (၁၅) | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် | - ၁၉၃ သိန်း |
| (၁၆) | ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် | - ၁၃၂၂ သိန်း |
| (၁၇) | လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် | - ၁၀ သိန်း |
| (၁၈) | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | - ၄၉၄ သိန်း |
| (၁၉) | Garden Light(၁ မီတာ) ၁ တိုင်လျှင် | - ၁.၂ သိန်း |
| (၂၀) | ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် | - ၁၈၅ သိန်း |
| (၂၁) | ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် | - ၄၈ သိန်း |
| (၂၂) | ဓမ္မာရုံ(မီး/ရေ) ၁ လုံး | - ၁၉၅ သိန်း |
| (၂၃) | သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် | - ၄၁ သိန်း |
| (၂၄) | မော်ကွန်းတိုက်(မီး) ၁ လုံး | - ၄၁ သိန်း |
| (၂၅) | ဇာတ်ရုံ(မီး/ရေ) ၁ လုံး | - ၉၉ သိန်း |
| (၂၆) | ဝေါပကရုံ(မီး/ရေ) ၁ လုံး | - ၁၁၀ သိန်း |

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၁ ခုနှစ်၊ မေလ အလှူရှင်စာရင်း**

| | | |
|---|---|---|
| ၂၃၇။ ဦးဇော်ဝင်း+ဒေါ်ခင်မိုးနိုင် | ရန်ကုန်မြို့ | ၂၀၀၀၀၀ (ကြွေပြားလှူဒါန်း) |
| ၂၃၈။ အင်းဝဘဏ်(ဗဟန်း)မှဝန်ထမ်းများ | ရန်ကုန်မြို့ | ၅၀၅၀၀ |
| ၂၃၉။ ဦးမောင်အေး | တောင်ကြီးမြို့ | ၅၀၀၀၀ |
| ၂၄၀။ ဦးမောင်မောင်ကျော် | ရန်ကုန်မြို့ | ၂၀၀၀၀ |
| ၂၄၁။ ဗိုလ်ကြီးမင်းကိုကိုမိသားစု | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၂၄၂။ ဗိုလ်ကြီးတင်ကိုကိုအောင် (တပ်ကြပ်ကြီး/စာရေးသင်တန်းအမှတ်စဉ်(၁၁၇)မိသားစု) | မန္တလေး | ၃၆၀၀၀၀ |
| ၂၄၃။ ဒုဗိုလ်မှူးကြီးဝင်းလွင်ဦး+ဒေါ်စိမ်းစန္ဒာ | နေပြည်တော် | ၅၃၀၀၀၀ |
| ၂၄၄။ ဗိုလ်မှူးစိန်ဝင်း(ငြိမ်း)+ဒေါ်စန်းရီ | ပုသိမ်မြို့ | ၁၀၀၀၀၀ |
| ၂၄၅။ ဦးရွှေသန်း+ဒေါ်ကြည်အောင် | နေပြည်တော် | ၅၀၀၀၀၀ |
| ၂၄၆။ ဒေါ်မြင့် | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၂၄၇။ ဦးအောင်ကျော်သန်း | ညောင်လေးပင်မြို့ | ၁၀၀၀၀၀ |
| ၂၄၈။ ဦးအောင်ထွန်းမြင့် | မကွေးမြို့ | ၃၀၀၀ |
| ၂၄၉။ ဦးခင်မောင်ဝင်း+ဒေါ်ခင်နှင်းရီ | ရန်ကုန်မြို့ | ၁၂၀၀၀၀ (Garden Light-၁တိုင်လှူဒါန်း) |
| ၂၅၀။ ရောဝတီဘဏ်(တာချီလိတ်)မှဝန်ထမ်းများ | တာချီလိတ်မြို့ | ၈၀၀၀၀ |
| ၂၅၁။ ဒေါ်အောင်သန်းတင် | ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၂၅၂။ ဦးဇော်နိုင်လင်း | ရေးမြို့ | ၃၀၀၀၀ |
| ၂၅၃။ ဦးဖြိုးသန့်ကို | မြန်အောင်မြို့ | ၁၀၀၀၀၀ |
| ၂၅၄။ ဦးသိန်းဇော်မြင့်၊ ဒေါ်ခင်သဇင်ထက် | ဒိုက်ဦးမြို့ | ၂၀၀၀၀၀ |
| ၂၅၅။ ဒုအရာခံဗိုလ်ဝင်းလှိုင် | ပုသိမ်မြို့ | ၂၀၀၀၀၀ |
| ၂၅၆။ ဦးရွှေချို+ဒေါ်စန်းရီ | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၅၇။ ဦးခင်မောင်စော+ဒေါ်ခင်ယု | နေပြည်တော် | ၁၀၀၀၀ |
| ၂၅၈။ ဒေါ်ခင်နှင်း | နေပြည်တော် | ၁၁၀၀၀ |
| ၂၅၉။ ဒေါ်ဆွေဆွေအေး | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၆၀။ ဦးသက်ဝင်းထိုက် | ရန်ကုန်မြို့ | ၁၂၀၀၀ |
| ၂၆၁။ ဦးခင်မောင်ဝင်း | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၆၂။ ဦးကျော်သန်းစိန် | ရန်ကုန်မြို့ | ၂၀၀၀၀၀၀ |
| ၂၆၃။ ဦးကျော်လေး+ဒေါ်တင်ဦး | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၆၄။ အမှတ်(၂)သံမဏိစက်ရုံ (မြောင်းတကာ)မှဝန်ထမ်းများ | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၂၆၅။ ဗိုလ်ကြီးမြတ်ဇင်+ဒေါ်တင်တင်နွယ် | မူဆယ်မြို့ | ၂၀၀၀၀၀ (ကြွေပြားလှူဒါန်း) |
| ၂၆၆။ ဗိုလ်ကြီးမြသန်းကျော် | ဘားအံမြို့ | ၁၅၀၀၀ |
| ၂၆၇။ ကွယ်လွန်သူဒေါ်စိန်မေအားရည်စူး၍ မိသားစုကောင်းမှု | နေပြည်တော် | ၅၀၀၀၀၀ |
| ၂၆၈။ ကွယ်လွန်သူဒေါ်မြင့်မြင့်အေးအားရည်စူး၍ ဦးကျော်ဇေမြင့်+ဒေါ်ခင်ဝင်းသွယ်မိသားစုကောင်းမှု | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၆၉။ အင်းဝဘဏ်(တောင်ငူ)မှဝန်ထမ်းများ | တောင်ငူမြို့ | ၇၂၀၀၀ |
| ၂၇၀။ ဒေါ်နှင်းဝါမျိုး | ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၂၇၁။ ဒေါ်ညို | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၇၂။ ဒေါ်စန်းရီမိသားစု | အောင်ပန်းမြို့ | ၃၀၀၀၀၀ |
| ၂၇၃။ ဦးအေးကို+ဒေါ်စီစီဝင်း | ရန်ကုန်မြို့ | ၁၀၀၀၀၀၀၀ |
| ၂၇၄။ ဒေါ်နွေးနွေးဦး | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၇၅။ ဦးအောင်ဝင်း+ဒေါ်မြင့်မြင့်မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ (မဟာရံတံတိုင်းထောင့်တိုင်ပထမအကြိမ်လှူဒါန်း) |
| ၂၇၆။ ကွယ်လွန်သူခင်ပွန်းဗိုလ်မှူးကြီးအေးမောင် (ဒုစစ်ထောက်ချုပ်-ငြိမ်း)နှင့်(သား)ဦးစိုင်းမြတ်အေး တို့အားရည်စူး၍ ဒေါ်တင်တင်ဦးမိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀၀၀ |
| ၂၇၇။ ဦးသော်သော်+ဒေါ်အေးဇာမော် | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၇၈။ ဒေါ်စန္ဒာလင်း | ရန်ကုန်မြို့ | ၅၁၀၀၀၀၀ |
| ၂၇၉။ ဒေါ်အေးရီ၊ ဒေါ်မေသဇင်ဦး၊ ဒေါ်ပြည့်စုံအောင် | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၂၈၀။ ဦးစံမြင့်+ဒေါ်ခင်စန်း | ရန်ကုန်မြို့ | ၁၁၀၀၀၀ |
| ၂၈၁။ ဒေါ်စန်းစန်း | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၈၂။ ဒေါ်ထွေးရီ | နေပြည်တော် | ၁၀၀၀၀၀ (လမ်းမီးတိုင်လှူဒါန်း) |
| ၂၈၃။ အင်းဝဘဏ်(မြိုင်ကလေး)မှဝန်ထမ်းများ | ဘားအံမြို့ | ၅၂၀၀၀ |
| ၂၈၄။ ဦးတင်ရွှေ+ဒေါ်လှဌေး | ကျောက်ပန်းတောင်းမြို့ | ၁၀၀၀၀၀ |
| ၂၈၅။ ဒေါ်သန်းသန်းရွှေ၊ ဒေါ်ဖြူဖြူမင်း၊ ဒေါ်ကြည်ကြည်ခင် | ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၂၈၆။ ဒေါ်မီမီသန်း | မြစ်ကြီးနားမြို့ | ၂၀၀၀၀ |
| ၂၈၇။ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) | နေပြည်တော် | ၁၂၉၈၀၀၀၀၀ (ဂန္ဓကုဋိတိုက်နှင့် ဂန္ဓကုဋိတိုက် Solar လှူဒါန်း) |

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည်

### အသက်(၉၀)

**အနောက်ဂန့်ဂေါ၊ ဂန့်ဂေါမြို့**

အနောက်ဂန့်ဂေါ၊ ဂန့်ဂေါမြို့နေ (ဦးစိန်–ဒေါ်မျိုးမယ်)တို့၏သမီး၊ ဦးထွန်းရင်(ဒုညွှန်မှူး–ငြိမ်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန)၏ဇနီး၊ ဦးတင်မောင်ကြည်–ဒေါက်တာခင်ခင်ဝင်း၊ ဒေါက်တာတင်မောင်ရီ–ဒေါ်ဥမ္မာမင်း၊ ဒေါက်တာမင်းအောင်–ဒေါ်လှလှမြင့်၊ (ဦးထွန်းမြင့်ခိုင်)–ဒေါ်ခင်စောနွယ် (ဘောဘီ) တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မြေး ၁၀ ယောက်၊ မြစ် တစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ကြည်ကြည်သည် ၁၂–၆–၂၀၂၁(စနေနေ့) ညနေ ၅:၂၂ နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းကို အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယကာကြီး

## ဦးသက်လွင် (Philip)

**အင်ဂျင်နီယာမှူးကြီး (ငြိမ်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

### အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ ပြည်လမ်း၊ ခြံအမှတ် ၄၇၃နေ (ဦးစံလှ–ဒေါ်မြမြ)တို့၏သားကြီး၊ (မြို့တော်အင်ဂျင်နီယာချုပ် သီရိပျံချီဦးအုန်းညွှန့်–ဒေါ်မိမိကလေး)တို့၏ သားသမက်၊ ဒေါ်မိမိညွှန့်(ခ)Mabel ၏ ခင်ပွန်း၊ ဒေါ်သဇင်လွင်–ဦးသီဟန် (chief engineer)၊ ဒေါ်စုစုစံ–ဦးစောလွင်ငယ်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မဝင့်ရွှေရည်ခြူး၊ မစောဝင့်နန္ဒာ၊ မောင်အောင်မျိုးဟန်တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်ဝင်းနု–ဦးစန်းမောင်(အမှတ်–၂ သတ္တုတွင်း ဒုတိယညွှန်ကြားရေးမှူး–ငြိမ်း)၊ ဒေါ်ညိုညိုလွင်– Dr ဦးတင်အောင်(Physics Professor) တို့၏အစ်ကိုကြီး၊ ဦးသန့်သွင်–ဒေါ်မြသွဲ့နှင်း၊ အရှင်သီရိဓမ္မတို့၏ဘကြီးသည် ရွှေဂုံတိုင် SSC ဆေးရုံ၌ ၁၂–၆–၂၀၂၁ ရက် နံနက် ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၆–၂၀၂၁ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြသန်း (စလင်း)

### အသက်(၉၄)နှစ်

စလင်းမြို့နယ်၊ ထန်းလေးပင်ကုန်းရွာနေ (ဦးထွန်းရှိန်–ဒေါ်ခိုင်)တို့၏ သမီးကြီး၊ စလင်းမြို့နေ (ဦးမောင်မောင်–ဒေါ်စိန်ရွှေ)၊ (ဦးလှအောင်)၊ ရန်ကုန်မြို့နေ ဦးငွေကြွယ်–ဒေါ်သန်းသန်း၊ စလင်းမြို့နေ ဦးအေးကို–(ဒေါ်မြမြဝင်း)တို့၏ အစ်မကြီး၊ တူ/တူမ ၁၂ ယောက်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၁၃–၆–၂၀၂၁ ရက် နံနက် ၈:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးကို ၁၉–၆–၂၀၂၁ ရက်တွင် ဦးငွေကြွယ်–ဒေါ်သန်းသန်းတို့၏ နေအိမ် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ ချမ်းသာပလာဇာ၊ အမှတ်(၀၆–၀၃)တွင် ပြုလုပ်မည်ဖြစ်၍ နံနက် ၇နာရီမှ ၁၁နာရီအတွင်း ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဟာဂျီမဟာဆီနာဘီ(ခ)ဟာဂျီမဒေါ်သန်းကြည်

### အသက် (၇၈) နှစ်

Asia Pacific Business Group Public Company Limited ၏ ဒါရိုက်တာ ဦးမောင်မောင်စိန်၏ ချစ်လှစွာသော မိခင်သည် ၁၀–၆–၂၀၂၁ရက် ညတွင် အလ္လာဟ်သျှင်မြတ် အမိန့်ခံယူသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာများနှင့်ရှယ်ယာရှင်များ**
**Asia Pacific Business Group Public Company Limited**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဖေ

### အသက်(၆၈)နှစ်

**အကြီးတန်းအထွေထွေမန်နေဂျာ၊ A bank**
**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ MEB**

ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက် (A bank)၊ AM & FCဌာန၏အကြီးတန်းအထွေထွေမန်နေဂျာ ဦးသိန်းဖေသည် ၁၃–၆–၂၀၂၁(တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်BOD အဖွဲ့ဝင်များ၊ ဝန်ထမ်းများ**
**ရောဝတီတောင်သူလယ်သမားများ**
**ဖွံ့ဖြိုးရေးဘဏ်လီမိတက်(A bank)**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှစိန်(ကျောက်တန်းမြို့)

### အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်ရပ်ကွက်၊ သန်လျင်–ကျောက်တန်းလမ်းမကြီး၊ အမှတ်(၇၆၇)နေ (ဦးတင်အောင်၊ ဦးစီးမှူး ခေတ်ခွဲ၊ ဆည်မြောင်းဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးအေးနိုင်–ဒေါ်ညိမ်းညိမ်းဦး(ဌာနစုမှူး၊ ဘဏ္ဍာ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ (ဦးကိုကိုလတ်)– ဒေါ်ဝင်းဝင်းချို၊ ဒေါ်သီသီအောင်၊ ဦးကျော်စွာဝင်း– ဒေါ်ဆွေဆွေအောင်၊ (ဦးလင်းကိုကို)–ဒေါ်အေးသီတာတို့၏ ချစ်လှစွာသော မိခင်၊ ဦးမင်းသမိန်ဗညား (စစစ၊ ရန်ကုန်တိုင်းရုံး)–မမျိုးသန္တာထွန်း၊ မင်းအောင်ဇနမွန်၊ မိပုလဲကွန်၊ မင်းလဝီပရာတို့၏ ချစ်လှစွာသော အဘွားသည် ၁၃–၆–၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၆–၂၀၂၁ရက် မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

## ဦးသိန်းဖေ

### အသက်(၆၈)နှစ်

**အကြီးတန်းအထွေထွေမန်နေဂျာ၊ A bank**
**လက်ထောက်အထွေထွေမန်နေဂျာ (ငြိမ်း)၊ MEB**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မြောက်ပြင်ရပ်နေ (ဦးကျော်ခင်–ဒေါ်ငွေမြိုင်)တို့၏သား၊ (ဦးအုန်းမြင့်– ဒေါ်အေးကြည်) တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၄၁)လမ်း၊ အမှတ်(၆၉)၊ (၄)လွှာ–B နေ ဒေါ်စန်းစန်းမြင့်၏ ခင်ပွန်း၊ (ဒေါ်သိန်းသိန်း)၊ ဦးသိန်းဆွေ၊ ဒေါ်ငြိမ်းငြိမ်းတို့၏ ညီ/မောင်၊ ဦးချစ်ကို၊ (ဦးစိုးမြင့်) တို့၏ အစ်ကို၊ ကိုဝင်းနောင်– မစောလှမြတ်၊ (ကိုမြတ်သူ)၊ ကိုထက်ဖြိုးအောင်–မနှင်းနန္ဒာအောင်၊ မယုလေးခင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး လေးယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၁၃–၆–၂၀၂၁(တနင်္ဂနွေနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၆–၂၀၂၁(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ညိုညိုသက်

### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ (၉) ရပ်ကွက်၊ ဆတ်သွားလမ်း၊ အမှတ်(၃၈၆)နေ၊ ဦးအောင်သန်း–ဒေါ်ခင်သန်းမြင့်တို့၏သမီး၊ (ဦးမြင့်စိုးလွင်–ဒေါ်ခင်နွယ်)တို့၏ ချွေးမ၊ (ဦးအောင်ကိုကိုလွင်ဦး)၏ ဇနီး၊ ဒေါ်စန်းစန်းချို၏ ညီမ၊ ဦးသီလ–ဒေါ်နှင်းနှင်းအေး၊ ဦးတင်စိုးအောင်–ဒေါ်ယဉ်မင်းသူ၊ ဦးအောင်ကိုလတ်တို့၏ အစ်မ၊ မောင်မင်းဟိန်းကျော်၏ မိခင်၊ မောင်ကျော်ဆန်း၊ မောင်စိုးလင်း၊ မောင်ထက်ပိုင်စိုး၊ မောင်ဥက္ကာမြင့်မိုရ်၊ မောင်ဇွဲမြင့်မိုရ်အောင်တို့၏ အဒေါ် ဒေါ်ညိုညိုသက်သည် ၁၂–၆–၂၀၂၁ (စနေနေ့) နံနက် ၀၀:၄၁ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄–၆–၂၀၂၁ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘဝနတ်နန်းစံမြန်းတော်မူခြင်း

**နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊**
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဂဏမဟာဝိနာယက၊**
**သကျသီဟသာသနဟိတဂုဏဝိသိဋ္ဌ**

## ဒေါက်တာဘဒ္ဒန္တကဝိသာရ

**(သာသနဓဇသီရိပဝရဓမ္မာစရိယ၊ သီရိပဝရဂုဏ်ထူး)**

## သိက္ခာတော်(၇၅)ဝါ၊ သက်တော်(၉၅)နှစ်

ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဦးစီးမဟာနာယကနိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကဝိသာရသက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၈၃ ခုနှစ် နယုန်လဆန်း–၁ရက်) ၁၀–၆–၂၀၂၁ (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၃ ခုနှစ် နယုန်လဆန်း–၅ရက်) ၁၄–၆–၂၀၂၁ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ တပည့်ရဟန်းသံဃာတော်များ နေ့ဆွမ်းဘုန်းပေးအမီ ကြွရောက်တော်မူကြရန် ဖိတ်ကြားအပ်ပါသည်။

**ဈာပနပွဲဖြစ်မြောက်ရေးကော်မတီ**
**မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်**

---

မူး
ယစ်
ကို
ပစ်
ပန်း
တိုင်
သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

---

စလင်းမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်မြသန်း

### အသက်(၉၄)နှစ်

**သက်ကြီးကန်တော့ခံ**

အသင်းနာယက ဦးငွေကြွယ်–ဒေါ်သန်းသန်းတို့၏ အစ်မကြီးဖြစ်သူသည် ၁၃–၆–၂၀၂၁ ရက် နံနက်(၈:၄၅)နာရီ တွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းမ၊ ချမ်းသာပလာဇာ၊ အမှတ်(၀၆–၀၃)တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဦးကျော်ထိုက်

### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁ တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၁၆/E3၊ သုံးလွှာနေ (ဦးကျစ်ဆိုင်–ဒေါ်တင်)တို့၏ သားငယ်၊ ဦးအောင်ငြိမ်း – (ဒေါ်အေးသန်း)တို့၏ သားသမက်၊ ဒေါ်မိုးမိုးအေး၏ ချစ်လှစွာသောခင်ပွန်း၊ (မောင်အောင်ခိုင်ဖြိုး)၏ဖခင် (ဒေါ်လှအေးကြည်)၊ ဒေါ်မူမူစိန်၊ ဦးမျိုးကြည် (ရဲမှူး–ငြိမ်း)၊ ဦးထိန်ဝင်း (အား/ကာ သိပ္ပံ၊ ရန်ကုန်)၊ ဦးလှအေး (လူမှုထူးချွန်ပထမဆင့်)၊ ဦးမင်းကြည်၊ ဒေါ်သန္တာတင် (NGIကုမ္ပဏီ)၊ ဒေါ်နီလာသန်း (ခေတ္တ–UK)တို့၏ မောင်၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေး ဦးကျော်ထိုက်သည် ၁၂–၆–၂၀၂၁ရက် (စနေနေ့) ည ၁၀:၂၀ နာရီတွင် ရန်ကုန်သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄–၆–၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈–၆–၂၀၂၁ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသီဟဇော်

**(A.Pan Ocean Line–LQGISTIC Co.,Ltd)**

### အသက်(၄၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ အမှတ်(၄၁)နေ ဦးမျိုးဝင်း–ဒေါ်ခင်မေသိန်းတို့၏ သားငယ်၊ ဦးစိုးမြင့်–ဒေါ်အေးကြူတို့၏သားသမက်၊ ဗိုလ်ကြီးသန့်ဇင်ဦး(ငြိမ်း) – ဒေါ်အေးအေးသိမ့်၊ ဦးဇော်လင်းနိုင်–ဒေါ်ဥမ္မာသန့်၊ ဦးသန့်ဇော်ထိုက်– ဒေါ်နှင်းဝတ်ရည်လွင်တို့၏ ညီမောင်၊ ကိုစစ်ကိုအောင်၊ ကိုအောင်ဇော်မျိုး– မမိုးမိုးဝေတို့၏အစ်ကို၊ ဒေါ်ခင်ပွင့်ဖြူ (အလယ်တန်းပြ၊ အလက၊ လဟာရက်)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဘုန်းခန့်သီဟ၏ ကျေးဇူးဖခင်ကျေးဇူးရှင်ဖြစ်သူသည် ၁၃–၆–၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၂:၃၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ဥတုရုပ်ကလာပ်ကို ၁၅–၆–၂၀၂၁ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အမိုးနီသုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ မြင့်မြတ်သောဘုံဌာနသို့ ရောက်ပါစေခြင်းအကျိုးငှာ ဘုရားအမှူးရှိသော ပင့်သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းစသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသဖြင့် ၁၉–၆–၂၀၂၁ (စနေနေ့)နံနက်တွင် သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ်(၃/၁၀၈)နေ (ဦးသီဟဇော်)–ဒေါ်ခင်ပွင့်ဖြူတို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြင့်မြင့်အေး

### အသက်(၅၆)နှစ်

ဒုတိယဗိုလ်မှူးကြီးအောင်ဝင်း(ငြိမ်း)၏ ချစ်လှစွာသော ဇနီး ဒေါ်မြင့်မြင့်အေးသည် ၁၂–၆–၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှ**
**အရာရှိများနှင့် မိသားစုများ**

---

# သင့်သွေးဖြင့်

# အသက်ကယ်ပါ

# ဇွန် ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၇၃ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၃-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၂-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၆-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၂,၉၀၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၇၃)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၄၈,၂၃၄)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၅,၆၀၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၉၈)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၉၂၈)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း(၃,၂၄၄) ဦး ရှိပါသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✻



# ဧရာဝတီလင်းပိုင်ကောင်ရေ ၈၀ ခန့် ဧရာဝတီမြစ်အတွင်း ကာကွယ်စောင့်ရှောက်ထား

**ရန်ကုန် ဇွန် ၁၃**

နိုင်ငံတော်မှရေသယံဇာတပေါကြွယ်ဝရန် ဖော်ဆောင်လျက်ရှိသည့် နည်းတူ ကုန်းနေသားငှက်နှင့် ရေနေသတ္တဝါတို့ကို ကာကွယ်စောင့်ရှောက်လျက်ရှိရာ နိုင်ငံအတွက်ဂုဏ်ယူဖွယ်ဖြစ်သော ဧရာဝတီမြစ်အတွင်း ကျက်စားလျက်ရှိသည့် ဧရာဝတီလင်းပိုင်ကောင်ရေ ၈၀ ခန့်ကိုလည်း ငါးလုပ်ငန်းဦးစီးဌာနမှ ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပြုစုထားသောစာရင်းအရ မန္တလေးမြို့မှ ဗန်းမော်မြို့အထိ ဧရာဝတီလင်းပိုင် ၈၀ ခန့် ကျက်စားလျက်ရှိပြီး ထိန်းသိမ်းရေးဇရိယာ-၁ ဖြစ်သော မန္တလေးမြို့နှင့် ကျောက်မြောင်းအတွင်း လင်းပိုင် ၂၈ ကောင်ကို လည်းကောင်း၊ ထိန်းသိမ်းရေးဇရိယာ-၂ ဖြစ်သော ထီးချိုင့်မြို့မှ ရွှေကူမြို့အထိ ၃၄ ကောင်ကို လည်းကောင်း ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ အဆိုပါစာရင်း ပြုစုထားသောလနောက်ပိုင်းတွင် သေဆုံးမှုနှင့် ပေါက်ပွားမှုလည်းရှိကြောင်း သိရသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍

## ကြေးမုံ ယနေ့ ဖတ်စရာ


**ချင်းပြည်နယ် ပညာရေးဦးစီးဌာနအတွက် ပေးပို့သော ကျောင်းသုံးပုံနှိပ်စာအုပ်များအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က မီးရှို့ဖျက်ဆီး**
စာမျက်နှာ » ၁၄

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ လက်နက်ခဲယမ်းဝယ်ယူမှု၊ ဖောက်ခွဲဖျက်ဆီးရေး ဆောင်ရွက်မှုနှင့် စစ်သင်တန်းစေလွှတ်မှုတို့တွင် ညွှန်ကြားစေခိုင်းခဲ့သည့် သတင်းထုတ်ပြန်ချက်**
စာမျက်နှာ » ၁၁

**မြန်မာ့သစ်တောများ သက်ရှည်ရှင်သန်ဖို့ ပြည်သူအားလုံး ပါဝင်စို့**
စာမျက်နှာ » ၂၄

ဆရာနွမ်ဂျာသိုင်း၏ အခန်းဆက်ဝတ္ထုရှည်
**ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ ထားချင်တယ်**
စာမျက်နှာ » ၂၆


# နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာရိုးရာလှေအဖွဲ့ စခန်းဝင်လေ့ကျင့်

**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် အတွက်ရိုးရာလှေအားကစားသမားများကို စခန်းဝင်လေ့ကျင့်ပေးလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာလှေပြိုင်ပွဲ အမျိုးအစားမပါဝင်သော်လည်း မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်အနေဖြင့် လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအပါအဝင် ၂၀၂၃ ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လေ့ကျင့်ပေးနေခြင်း ဖြစ်သည်။

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ■

# အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ကျင်းပမည့်ပုံစံ ဇူလိုင်လတွင် အတည်ပြုနိုင်ရန် စီစဉ်ထား

**ရန်ကုန် ဇွန် ၁၃**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်ကုန်ပိုင်းတွင်ကျင်းပရန် စီစဉ်ထားသည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ကျင်းပမည့်ပုံစံကို ဇူလိုင်တွင် အတည်ပြုနိုင်ရန် စီစဉ်ထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲကျင်းပမည့်ရက်နှင့် အုပ်စု

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❐



# တိုက်စစ်မှူး လူကာကူရဲ့ သွင်းဂိုးနှစ်ဂိုးအပါအဝင် ဘယ်လ်ဂျီယံအသင်းက ရုရှားအသင်းကို သုံးဂိုးပြတ်အနိုင်ရ

ယူရို ၂၀၂၀ ပြိုင်ပွဲရဲ့ အုပ်စု(B)မှ ပွဲစဉ်တစ်ပွဲအဖြစ် ဇွန် ၁၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘယ်လ်ဂျီယံအသင်းနဲ့ ရုရှားအသင်းတို့ ပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းက တိုက်စစ်မှူး လူကာကူရဲ့ သွင်းဂိုးနှစ်ဂိုး အပါအဝင် ရုရှားအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❂